# အကြမ်းဖက်ပဋိပက္ခလွန် ပြန်လည်ရင်ကြားစေ့ရေး

*ပေါ်လစီအနှစ်ချုပ်*

© International Institute for Democracy and Electoral Assistance 2004
International IDEA publications are independent of specific national or political interests.
Views expressed in this publication do not necessarily represent the views of International IDEA,
its Board or its Council members.

This is a direct translation of Reconciliation after Violent Conflict: A Policy Summary, International IDEA, Sweden, 2003. The accuracy of the translated text was not verified by International IDEA. In case of doubt, the original English version prevails (ISBN 91-89098-87-0). This translation was undertaken by the Burma Fund, PO Box 32, Chiang Mai University PO, Chiang Mai 50202, Thailand.

Applications for permission to reproduce or translate all or any part of this publication should be made to:
Information Unit
International IDEA
SE -103 34 Stockholm
Sweden

International IDEA encourages dissemination of its work and will promptly respond to requests for permission to reproduce or translate its publications.

Cover photos: CORBIS/SCANPIX

ISBN 91-85391-31-X

# အကြမ်းဖက်ပဋိပက္ခလွန်ပြန်လည်ရင်ကြားစေ့ရေး

*ပေါ်လစီအနှစ်ချုပ်*

ဤပေါ်လစီအနှစ်ချုပ်သည် (IDEA) မှ ၂၀၀၃ ခုနှစ်တွင်ထုတ်ဝေခဲ့သော "အကြမ်းဖက်ပဋိပက္ခလွန် ပြန်လည်ရင်ကြားစေရေး" လက်စွဲစာအုပ်မှအဓိကကျသော အချက်အလက်များကိုစုစည်းတင်ပြထားပေသည်။ အတိတ်ကာလအကြမ်းဖက်မှုများ၏ နောက်ဆက်တွဲပြဿနာများကို ဖြေရှင်းရန် သင့်လျှော်သောလုပ်ငန်းစဉ်တရပ် ပေါ်ပေါက်ရေးသို့ ဦးတည်မည့် ပေါ်လစီများဆိုင်ရာ အဓိကအကြောင်းအရာများကို တင်ပြထားပြီး၊ အချို့သောဖြစ်ရပ်မှန်ဇာတ်လမ်းများနှင့် ထောက်ခံဆွေးနွေးချက်များကို ချန်လှပ်ထားခဲ့ပါသည်။

## နိဒါန်း
## ဒီမိုကရေစီနှင့် ပြန်လည်ရင်ကြားစေ့ရေး

***အကြမ်းဖက်ပဋိပက္ခများကို ဒီမိုကရက်တစ် စေ့စပ်မှုနည်းလမ်းများဖြင့် အဖြေရှာရသကဲ့သို့ ယင်း အဖြေရှာသူများအကြား အပြန်အလှန်ဆက်ဆံရေးကိုမူ ပြန်လည်ရင်ကြားစေ့ခြင်းဖြင့်တည်ဆောက်ရသည်။***

ထိရောက်မှုရှိသောပဋိပက္ခလွန်ဒီမိုကရေစီသည် အကြောင်းအချက်နှစ်ခုပေါ် မူတည်နေသည်။ (၁) လူမှုအဖွဲ့အစည်းများအားခွဲခြားထားသည့် အကြောင်းအချက်များကို ငြိမ်းချမ်းစွာဖြေရှင်းရန် လိုအပ်သည့် တရားမျှတသောဖွဲ့စည်းပုံ (Structure) နှင့် လုပ်ငန်းနည်းစဉ်များ (Procedures) ရှိခြင်းသည့် ပထမအချက်ဖြစ်ပြီး၊ (၂) ပဋိပက္ခ အတွင်း ပါဝင်သောအုပ်စုများ၏ အလုပ်သဘော ဆက်ဆံရေး သည် အခြားအချက်တခုဖြစ်သည်။ အကယ်၍ဖွဲ့စည်းပုံသည် တရားမျှတမှု မရှိပါက လူမှုအဖွဲ့အစည်းအတွင်း အလုပ်သဘော ဆက်ဆံ ရေးသည် တိုးတက်လိမ့်မည် မဟုတ်ပေ။ အခြား တဘက်မှာလည်း ဖွဲ့စည်းပုံသည် မည်မျှပင် တရားမျှတနေစေကာမူ နိုင်ငံသားတို့၏ အနည်း ဆုံး ပူးပေါင်း ပါဝင်မှုနှင့် အပြန်အလှန် ဆက်သွယ်မှု မရှိပါက ယင်းဖွဲ့စည်းမှုသည် အလုပ်ဖြစ်လိမ့်မည် မဟုတ်ပေ။

အကြမ်းဖက်ပဋိပက္ခများကို ဒီမိုကရက်တစ် စေ့စပ်မှုနည်းလမ်းများဖြင့် အဖြေရှာ ဖြေရှင်းနိုင်သကဲ့သို့ ယင်းအဖြေရှာ ပါဝင်သူများ၏ အပြန်အလှန် ဆက်ဆံရေးတခု တည်ဆောက်ရေးအတွက် ပြန်လည် ရင်ကြားစေ့ရေးသည် အလွန်တရာ အရေးပါလှသည်။ ဤအချက်သည် စေ့စပ်ရေး လုပ်ငန်းစဉ် အတွင်းပါဝင်သော နိုင်ငံရေးသမားတချို့နှင့် အဓိကစေ့စပ်သူအချို့တို့အတွက်သာမကဘဲ ပြည်သူလူထုအားလုံးနှင့်ပတ်သက်သည်။ ပြည်သူလူထု၏ စနစ်အပေါ်ယုံကြည်မှုနှင့် လူထုအချင်းချင်းအကြား အပြန်အလှန် ယုံကြည်မှု မရှိပါက၊ သို့တည်းမဟုတ် အနည်းဆုံးအဆင့်အနေဖြင့် ယုံကြည်မှုရရန် ကြိုးပမ်းမှုမရှိလျှင် ဤကမ္ဘာပေါ်တွင်တည်ရှိပြီးသော အကောင်းတကာ့အကောင်းဆုံး ဆိုသည့် ဒီမိုကရေစီစနစ်သည်ပင် အလုပ်ဖြစ်လိမ့်မည်မဟုတ်ပေ။

ပြန်လည်ရင်ကြားစေ့ရေးသည် ဒီမိုကရေစီစနစ်တရပ် အောင်မြင်စွာကျင့်သုံးနိုင်ရေးအတွက် အရေးပါသော အလုပ်သဘော ဆက်ဆံရေးများကို တည်ဆောက် ပေးပေသည်။ ဒီမိုကရေစီ နည်းလမ်းကျသော စီးပွားရေးတရားမျှတမှု၊ နိုင်ငံရေးနှင့် လူမှုရေး အာဏာခွဲဝေမှု စသည်တို့သည်လည်း ပြန်လည်ရင်ကြားစေ့ရေးအတွက် အရေးပါသော အခြေခံများဖြစ်သည်။ ရင်ကြားစေ့ရေး၏ အရေးပါမှုကို ကိုယ်ကျင့် တရားဆိုင်ရာ ရှုဒေါင့်မှ (Moral Argument) သာမက လက်တွေ့ အကျိုးစီးပွားဆိုင်ရာ ရှုဒေါင့်မှလည်း တွေ့မြင်နိုင်သည်။ အပြုသဘော အပြန်အလှန်ဆက်ဆံမှုများ တိုးတက်ဖြစ်ပေါ်နေသည့် ပတ်ဝန်းကျင်တရပ်သည် ကောင်းမွန်သော အုပ်ချုပ်မှုတရပ် ရှင်သန်ကြီးထွားနိုင်ရန် အထောက်အကူပြုနေသကဲ့သို့၊ အပျက်သဘော ဆက်ဆံရေးများ (Negative relationships) သည် အကောင်းဆုံးဆိုသော အုပ်ချုပ်မှုစနစ်ကိုပင် ဖျက်စီးပစ်နိုင်စွမ်းရှိသည်။

## ၁ ရင်ကြားစေ့ရေးအထွေထွေ မူဝါဒအကြောင်းအချက်များ။ Reconciliation: General Policy Issues

***ရင်ကြားစေ့ရေးဆိုသည်မှာ အတိတ်ကာလ ခွဲခြားထားမှုအဝဝမှ အနာဂါတ်ကာလအေးအတူပူအမျှ ဖြစ်မှုကို ရွေ့ရှုသော ဖြစ်စဉ်တရပ် (Process) ဖြစ်ပြီး အဓိကအားဖြင့် တရားမျှတမှု၊ အမှန်တရား၊ ပြန်လည်ကုစားရေးနှင့် ပြန်လည်ပေးဆပ်ရေးတို့ ပါဝင်သည်။***

ရင်ကြားစေ့ရေး ဆိုသည်မှာ ရည်မှန်းချက်ပန်းတိုင်တစ်ခု (Goal) ဖြစ်သကဲ့သို့ ယင်းပန်းတိုင်ရရှိရေးအတွက် အဖြေရှာသော ဖြစ်စဉ်တခု (Process) လည်းဖြစ်သည်။ ဤအယူအဆနှစ်ခုစလုံး အပေါ်အငြင်းပွားမှုများ မကြာခဏပေါ်ပေါက်တတ်သည်။ ဤစာအုပ်တွင် ဖောင်းပေးထားသည့် အချက်မှာ ရင်ကြားစေ့ရေးကို ဖြစ်စဉ်တခု အဖြစ် သုံးသပ်ထားခြင်းပင် ဖြစ်သည်။ ဤစာအုပ်အတွက်ဆိုလျှင်၊ ရင်ကြားစေ့ရေးသည် ဘက်ပေါင်းစုံမှ ပါဝင်နိုင်မည့် အလုံးစုံ လုပ်ငန်း ဖြစ်စဉ်တခု (Inclusive Process) ဖြစ်ပြီး၊ ယင်းတွင်ပါဝင်သော တရားမျှတမှု၊ အမှန်တရား၊ ပြန်လည်ကုစားရေးနှင့် ပြန်လည်ပေးဆပ်ရေး စသည့် လမ်းသွယ်များဖြင့် အတိတ်ကာလတွင် ခွဲခြားထားသော လူမှုဝန်းကျင်မှ အေးတူပူအမျှ အနာဂါတ်ကို ရွေ့ရှုသွားနိုင်မည် ဖြစ်သည်။

### ❖ *ရင်ကြားစေ့ရေးသည် ရေရှည်လုပ်ငန်းစဉ်ဖြစ်သည်။*

ဤလုပ်ငန်းစဉ်အတွက် ဆေးမြီးတို အဖြေရှာမှုမရှိပေ။ အချိန်ယူ လုပ်ရသော လုပ်ငန်းစဉ်ဖြစ်ပြီး သူ့အချိန်တန်မှ ပေါ်ပေါက်သည်။ ဤအချိန်ယူမှုကို ချုပ်ကိုင်၍မရပေ။

### ❖ *ရင်ကြားစေ့ရေးသည် နက်နဲသောလုပ်ငန်းစဉ်ဖြစ်သည်။*

ဤလုပ်ငန်းစဉ်သည် အမြင်သဘောထားများ၊ ရေ့ရည်မှန်းချက်များ၊ စိတ်လှုပ်ရှားမှုများ၊ ခံစားချက်များ ပြောင်းလဲရေး တို့ပါဝင်သည်။ ယုံကြည်ချက်များ (Beliefs) ပြောင်းလဲရေး ပင်ပါဝင်နိုင်သည်။ ဤသို့အရေးကြီးသောပြောင်းလဲချက်များကို အလောတကြီးဆောင်ရွက်မှု (သို့) အတင်းပြဋ္ဌာန်းမှုနှင့် မရယူနိုင်ချေ။

### ❖ *ရင်ကြားစေ့ရေးသည် အလွန်ကျယ်ပြန့်သောလုပ်ငန်းစဉ်ဖြစ်သည်။*

လူတိုင်းနှင့် သက်ဆိုင်သောအကြောင်းအရာဖြစ်သည်။ မတရားပြုသူအချို့နှင့် မတရား ပြုလုပ်ခံရသူအချို့တို့သာပါဝင်သောလုပ်ငန်းစဉ်မဟုတ်ပေ။ အကြမ်းဖက်ပဋိပက္ခများ၏ အရင်းခံကျသော သဘောထား နှင့် ယုံကြည်မှုများသည် လူမှုအသိုင်းအဝန်းအတွင်း၌ ကျယ်ကျယ်ပြန့်ပြန့် အမြစ်တွယ်လျက်ရှိရာ လူမှုအသိုင်း အဝိုင်းတခုလုံး ကျယ်ပြန့်စွာပါဝင်လာရေးသည် အရေးကြီးလှပေသည်။

### ❖ *ဤလုပ်ငန်းစဉ်များအောင်မြင်ရေးအတွက် တခုကောင်း အဖြေမရှိပေ။*

ပဋိပက္ခတိုင်းနှင့် ဒီမိုကရက်တစ်အဖြေရှာမှုများသည် အသွင်မတူကြသကဲ့သို့ ယင်းနှင့်ဆက်စပ်လျက်ရှိသော ရင်ကြားစေ့ရေး အဖြေ ရှာမှုများသည် အသွင်တူသယောင် ရှိကြသော်လည်း အမှန်အားဖြင့်မတူညီကြပေ။

### ❖ *အလှူရှင်လူမှုအသိုင်းအဝိုင်းများ အတွင်းတွင်လည်း ရင်ကြားစေ့ရေးလုပ်ငန်းများကို ပိုမို ကူညီပေးနိုင်မည့် အနေအထားများ တိုးပွားလာသည်။*

အမျိုးမျိုးသောအလှူရှင်အသိုင်းအဝိုင်းများသည် (နှစ်နိုင်ငံသဘောတူညီမှုဖြင့်ပေးသော အလှူရှင်၊ နိုင်ငံတကာ၊ ဒေသတွင်း အလှူရှင်များ စသည်ဖြင့်) ရင်ကြားစေ့ရေးသည် ပဋိပက္ခတားဆီးရေး၊ လူသားအရင်းအမြစ် ဖွံ့ ဖြိုးမှု၊ လူသားထုလုံခြုံရေး၊ ဆင်းရဲမွဲတေမှုပပျောက်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးတို့တွင် အဓိကကျလှကြောင်းကို တစထက်တစ ပိုမိုအသိအမှတ်ပြုလာကြသည်။

## ၂ ရင်ကြားစေ့ရေး လုပ်ငန်းဖြစ်စဉ် The Process of Reconciliation

ရင်ကြားစေ့ရေးကို ရိုးရှင်းသောကျိုးကြောင်း ဆက်နွယ်မှု တခုဟု၊ အဆင့်တခုပြီးလျှင် နောက်တဆင့်ဖြစ်လာနိုင်သည် ဟု ရိုးရိုးစင်းစင်း ဖေါ်ပြ၍ မရချေ။ အဆင့်တိုင်းအဆင့်တိုင်း၌ ပဋိပက္ခပြန်လည်ဖြစ်နိုင်ချေများလှပြီး အဆင့်တိုင်းသည်လည်း အစဉ်လိုက်ဖြစ်ပေါ်နေသည် မဟုတ်ပေ။ သို့သော် ရေရှည်တည်တံ့သော ရင်ကြားစေ့ရေး ဖြစ်စဉ်အတွက်မူ အောက်ဖော်ပြပါအချက်များ လိုအပ်လှပေသည်။

***အဆင့် (၁) ။ ။ ကြောက်ရွံ့မှုများအား အကြမ်းမဖက်သော အတူတကွတည်ရှိရေးဖြင့် အစားထိုးဖယ်ရှားရန်***

သေနပ်သံများစဲသွားသောအခါ၊ ပဋိပက္ခမှဖယ်ခွာ နိုင်မည့် ပထမဆုံးခြေ လှမ်းမှာ အကြမ်းမဖက်သော အတူတကွတည်ရှိရေးပင်ဖြစ်သည်။ ယင်းကို အနိမ့်ဆုံး နားလည်ထားရမည်မှာ "ငြိမ်းသောကိစ္စ ငြိမ်းပါစေ" (to live and let live) ဟု သဘောထား ပြီး၊ ခွဲခြားခံထားခဲ့ရသူများအကြား အခြေခံ ဆက်သွယ်ရေးကို ပြန်လည်ထူထောင်ခြင်းပင် ဖြစ်သည်။ နိုင်ငံရေး၊ လူမှုရေးခေါင်းဆောင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ဘာသာရေးအဖွဲ့အစည်းများသည် ယင်း အခြေခံ ဆက်သွယ်ရေးကို မြှင့်တင်ဆောင်ရွက်သွားသင့် ပေသည်။ နိုင်ငံတကာနှင့် ဒေသခံ နိုင်ငံရေး ခေါင်းဆောင်များသည် ရုပ်ပိုင်းဆိုင်ရာလုံခြုံရေးကို အနည်းဆုံး မရှိမဖြစ်လိုအပ်ချက်အဖြစ် အာမခံရပေမည်။

***အဆင့် (၂)။ ။ (လူလူချင်း)ယုံကြည်မှု** (Trust) **နှင့် မိမိကိုယ်ကိုယုံကြည်မှု** (Confidence) **တည်ဆောက်ရေး***

အကြမ်းဖက်ခံရသူများနှင့် အကြမ်းဖက်သူများအကြား မိမိကိုယ်မိမိယုံကြည်မှုနှင့် အခြားသူများအား ယုံကြည်မှုကို ပြန်လည်တည်ဆောက်ရပေသည်။ အခြားသူတို့၏ လူသားဆန်မှုကိုလည်း အသိအမှတ်ပြုရပေမည်။ ဤသည်မှာအခြေခံ အပြန်အလှန် ယုံကြည်မှုပင်ဖြစ်သည်။ ဤအဆင့်တွင် အကြမ်းဖက်ခံရသူများအနေဖြင့် အကြမ်းဖက်သူများ၏ ဖြစ်မှုအတိုင်းအတာကို ခွဲခြားနိုင်လာမည်။ ထိုနည်းတူစွာပင် လူပုဂ္ဂိုလ်အချို့နှင့် ထိုသူတို့၏ အသိုင်းအဝန်းတခုလုံးကို ခွဲခြားနားလည် လာပေမည်။ ထိုမှတဆင့် ရန်ဘက်အဖွဲ့မှ အဖွဲ့ဝင်အားလုံးတိုင်းသည် ရန်သူဖြစ်သည်ဆိုသည် အယူဟောင်းကို ပြန်လည် သုံးသပ်လာနိုင်ပေသည်။ နိုင်ငံရေးတိုးတက်မှု ရှိလာခြင်း၊ အကြမ်းဖက်မှုများ ချုပ်ငြိမ်းသွားခြင်း နှင့် ရုပ်ပိုင်း ဆိုင်ရာလုံခြုံမှု ရှိခြင်း တို့သည် ယုံကြည်မှု တည်ဆောက်ရေး ဖြစ်စဉ်အတွက် အခြေခံ လိုအပ်ချက် များဖြစ်ပေသည်။

***အဆင့် (၃) ။ ။ စာနာစိတ်ရှိရေးသို့ရှေ့ရှုခြင်း*** (Toward Emapthy)

စာနာစိတ်ဟူသည် မတရားပြုသူတို့မှ သူတို့၏ လုပ်ရပ်များကြောင့် ခံစားရသည့် နစ်နာသူတို့၏ နာကျင်မှုကို အသိအမှတ်ပြုခြင်းဖြစ်ပေ သည်။ မတရားပြုခံရသူတို့ အနေဖြင့် မတရားပြုသူတို့ အပေါ် စိတ်ရောကိုယ်ပါ နားထောင်လိုစိတ်ပင် ဖြစ်သည်။ အခြားတဖက် တွင်လည်း အမှန်တရား ပြောဆိုခြင်း (Truth Telling) သည်ရင်ကြားစေ့ရေး၏ အခြေခံအကြောင်းချက်ဖြစ်သည်။ ပြည်သူများကို အတိတ်ကာလဝေဒနာများအား ကွက်ကွက်ကွင်းကွင်း အတူတကွ မြင်စေ ခံစားစေပြီး အများနှင့်ဆိုင်သော တာဝန်ရှိမှုအဖြစ် ဖေါ်ဆောင်ရေးသည် အရေးကြီးလှပေသည်။

သို့သော်ငြားလည်း မတရားသော ဖွဲ့စည်းပုံများ – နိုင်ငံရေး၊ တရား ရေးနှင့် စီးပွားရေး ဆိုင်ရာ ကဏ္ဍအသီးသီးတွင် – ရှိနေပါက ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေး၊ ယုံကြည်မှုနှင့် စာနာစိတ် တို့သည် ရှင်သန်တိုးတက်လိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် ပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းစဉ်များသည် နိုင်ငံရေးအာဏာခွဲဝေမှု၊ တဦး၏ နိုင်ငံရေး ယုံကြည်မှုများအပေါ် တဦးမှ အပြန်အလှန် လေးစားမှု၊ လူ့အခွင့်အရေးကာကွယ်ပေးနိုင်မှု အခြေအနေနှင့် စီးပွားရေးတရားမျှတမှုတို့ အပေါ် တည်မှီနေသည်။ ထို့အပြင် အတိတ်ကာလပြဿနာများ ဖြေရှင်းရေးသာမက၊ အနာဂါတ်ကာလ အကျိုးစီးပွားများ ဖြည့်ဆည်းရေး အတွက်ပါ သူရော ကိုယ်ပါအများနှင့်ဆိုင်သောတာဝန်ရှိမှုမျိုး (Collective Respossibility) ကိုအကောင်အထည် ဖေါ်ရန် အရေးကြီးပေသည်။

***ရင်ကြားစေ့ရေးလုပ်ငန်းစဉ်အပေါ်တာဝန်ခံမှု***

ရင်ကြားစေ့ရေးအတွက် တာဝန်ရှိသူများသည် အောက်ခြေမှအထက်သို့ တာဝန်ခံမှုများ၊ သို့တည်းမဟုတ် အထက်မှအောက်ခြေသို့ တာဝန်ခံမှုများဖြင့် အကောင်အထည်ဖေါ်တတ်သည်။ အောက်ခြေမှအထက်သို့တာဝန်ခံမှု (Bottom-up approach) သည်တမြေတည်းအတူနေသူမိတ်ဆွေ၊ ဆွေမျိုးသားချင်း၊ အိမ်နီးနားချင်းများ၏ အကောင်အထည်ဖေါ်မှုတွင်မူတည်သည်။ အခြေခံပါဝင်မှု၊ တမြေတည်းအတူနေထိုင်မှုနှင့် အိမ်တွင်းဖြစ်စဉ် (Home Grown) ဖြစ်မှုများ သည် ရင်ကြားစေ့ရေးအောင်မြင်မှု၏ သော့ချက်များဖြစ်သည်။ အထက်မှ အောက်သို့ တာဝန်ခံမှုကို (Top-dowm approach) ဖေါ်ဆောင်သော လုပ်ငန်းများသည် အမျိုးသားရေး ပြဿနာများကို ဦးစားပေးဖြေရှင်းလေ့ ရှိပြီး၊ ယင်းမှတဆင့် အခြေခံဒေသများသို့ ရင်ကြားစေ့ရေး လုပ်ငန်းစဉ်များကို စီးဆင်းသွားသည့် ပုံစံဖြစ်သည်။ အောက်ခြေမှအထက်သို့ တာဝန်ခံမှုနှင့် အထက်မှအောက်ခြေသို့တာဝန်ခံမှု နှစ်မျိုးစလုံးသည် ရင်ကြားစေ့ရေး ဖြစ်စဉ်အတွက် လိုအပ်လှပြီး၊ ယင်း

လုပ်နည်းလုပ်ဟန် နှစ်ခု တခုနှင့်တခု ပဋိပက္ခမဖြစ်မချင်း လိုအပ်သောလုပ်ငန်းစဉ်များ ဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်း၏ပါဝင်ပတ်သက်မှုသည် အရေးကြီးသောအခန်းကဏ္ဍမှပါဝင်သော်လည်း သတိဖြင့် ချဉ်းကပ်သင့်သည်။ အဘယ်ကြောင့်ဆိုသော် ရေရှည်တည်တံ့သော ရင်ကြားစေရေး လုပ်ငန်းစဉ်သည် ပြည်တွင်းဖြစ်လုပ်ငန်းစဉ်ဖြစ်သောကြောင့်ဖြစ်သည်။ သို့သော်ငြားလည်း နိုင်ငံ တကာအသိုင်းအဝိုင်းသည် အကြံအဉာဏ်ပေးမှုသင်တန်းနှင့်ကျွမ်းကျင်သူများမွေးထုတ်မှုနှင့် ရုပ်ပိုင်းဆိုင်ရာအထောက်အကူပြုပစ္စည်းများ ထောက်ပံ့မှု၌ အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။

## ***အချိန်အခါ၏အရေးပါမှု*** *(Timing)*

### ***ရင်ကြားစေရေးအား ပဋိပက္ခတားဆီးရေး၏ အရေးပါသော ဖြစ်စဉ်အဖြစ် မြင်လာပေသည်။***

မည်သို့သောအချိန်အခါသည် သင့်လျော်သော ရင်ကြားစေ့ရေးအချိန်အခါဖြစ်သနည်း။ ဤသို့ ခက်ခဲသော ဆုံးဖြတ်ချက်များကိုချမှတ်ရာ၌ ဆုံးဖြတ်သူ ခေါင်းဆောင်တို့သည် အောက်ပါအချက်များကို ဆင်ခြင်သုံးသပ်သင့်သည်။

### ***နိုင်ငံရေးကိုဦးစားပေး စဉ်းစားမှုကြောင့် ရင်ကြားစေ့ရေးကို မနှောင့်နှေးသင့်ပေ။***

အသွင်ကူးပြောင်းရေးကာလ လိုအပ်ချက်များဖြစ်သော နိုင်ငံရေးနှင့်စီးပွားရေးဖိအားပေးမှုများကြောင့် ရင်ကြားစေ့ရေးကို နောက်တန်းတွင် ချောင်ထိုး ထားတတ်သည်။ နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်းများသည် များသောအားဖြင့် ယင်းသို့ ဖိအားပေးတတ်သည်။ အထူးသတိပြုအပ်သည်မှာ မလျော်ညီသော နိုင်ငံရေးနှင့်စီးပွားရေး ဖွဲ့စည်းပုံများကြောင့် ရေရှည်တည်တံ့နိုင်သည့် ရင်ကြားစေ့ရေး ဖြစ်စဉ်တရပ် မပေါ်ထွက်ဘဲ ဖြစ်တတ်သည်၊ ပျက်ပြားတတ်သည်၊ ဆိုခြင်းပင် ဖြစ်သည်။ မြိုသိပ်ထားရသည့် နာကျင်မှုများနှင့် တရားမျှတမှုမရှိခြင်းတို့သည် အချိန်ကာလ ကြာလာသည်နှင့်အမျှ ကြီးထွားလာတတ်ပြီး အကောင်းဆုံးဆိုသော နိုင်ငံရေးနှင့်စီးပွားရေးပြုပြင်မှုများကိုပင် အလုပ်မဖြစ်သောအခြေအနေသို့တွန်းပို့တတ်သည်။ အကယ်၍ အခြေအနေ အချိန် အခါမပေးပါက ကြားကာလ ယာယီရင်ကြားစေ့ရေး (Interim Reconciliation) ကိုပင် အကောင်အထည်ဖော်သင့်သည်။

### ***ရေရှည်တည်တံ့နိုင်ရေးသို့ ရှေးရှုသင့်သည်***

ရေတိုနှင့်အလယ်အလတ်ကာလများတွင် မည်သို့သော အောင်မြင်မှုများ ရှိနေစေကာမူ၊ ရင်ကြားစေ့ရေး ဖြစ်စဉ်ကို ရေရှည်အတွက် ဦးတည်သင့်သည်။ မျိုးဆက်တခုလုံး နှင့်ဆိုင်သောရေရှည် လုပ်ငန်းများနှင့် လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းသင့်သည်။ အရေးကြီးသော အချက်သုံးချက် မှာ –

(၁) ပညာရေး။ ။ ပဋိပက္ခနှင့်အဖြေရှာမှုများကို ပိုမိုနားလည်လာစေရန် ဆောင်ရွက်ရေး၊ အတွေ့အကြုံကွာခြားမှုများကိုသည်းခံရေး၊ လူမျိုးစု၊ ဘာသာရေးနှင့် နိုင်ငံရေးစသည့် ကွဲပြားမှုများကို သည်းခံရေး၊ လူမျိုးစု၊ ဘာသာရေးနှင့် နိုင်ငံရေး စသည့် ကွဲပြားစွာယုံကြည်မှုများကို အသိအမှတ်ပြုရေး

(၂) အမှတ်တရ သင်္ကေတများ ။ ။ ဥပမာ မတရားပြုခံရသူများ၏ အမှတ်တရ ကျောက်တိုင်များ တည်ရှိရေး၊ အမှတ်တရ နေရာများ ထားရှိရေး၊ အမှတ်တရနေ့များသတ်မှတ်ရေး၊ ပြဇာတ်များ၊ ကဗျာများ (အများပြည်သူမှ တဦးပုဂ္ဂလိကခံစားရမှုများ ကိုအခြားသူများသိစေရန်နှင့် ရေရှည်ကုစားမှုများကိုဦးတည်သင့်သည်။

(၃) ဖြစ်မှုများကို ရိုးရိုးသားသား နောက်ကြောင်းပြန်ဝန်ခံအသနားခံမှု (Retrospective Apologies) နှင့် ပြောင်းလဲမှုများကို လိုလားစွာ လက်ခံမှုများသည် လည်း အရေးပါပေသည်။

### ***အချိန်အခါသိမှု တစ်ခုတည်းဖြင့် ရင်ကြားစေ့ရေး မဖြစ်ပေါ်နိုင်ကြောင်းသတိပြုပါ***

အမှန်တရားဖော်ထုတ်မှု၊ တရားမျှတမှုနှင့် ပြန်လည်ပြုပြင်လိုမှုစနစ်စသည့်ရင်ကြားစေ့ရေး အခြေခံလိုအပ်ချက်များ မပြည့်စုံဘဲ အချိန်ကောင်းမှု တခုတည်းနှင့် ရင်ကြားစေ့ရေးမဖြစ်ပေါ်နိုင်ပေ။ အတိတ်ကာလအကြမ်းဖက်မှုများနှင့် အသိအမှတ်ပြုခြင်းမခံရသော မတရားမှုများသည် မီးခဲပြာဖုံးအခြေအနေတွင် ရှိနေပြီး အချိန်မရွေး ပြန်လောင်ကျွမ်းနိုင်စွမ်းရှိသည်။

## ရင်ကြားစေ့ရေး – နည်းကရိယာများ




Source: Adapted from the work of John Paul Lederach.

## ၃ ရင်ကြားစေ့ရေးနောက်ခံအကြောင်းတရားများ The Context

***လူမှုပတ်ဝန်းကျင်အတွင်း လူအုပ်စုများ ခွဲခြားမှုကို ဖြစ်စေသော ကိုယ်ကျိုးစီးပွား (Self Interest) သည် ရင်ကြား စေ့ရေးဖြစ်စဉ်များ ပေါ်ထွန်းရေးအတွက် အရေးပါ လှသည်။***

အရေးကြီးလှသောမရှိမဖြစ်ပါဝင်လှသည့် နောက်ခံအကြောင်းတရားများသည် များပြားလှသဖြင့် ၎င်းတို့ အားလုံးကို ဖေါ် ပြရန်မှာ မဖြစ်နိုင်ပေ။ သို့သော်လည်းအောက်ပါအချက်များပါဝင်သည်။

### ❖အတိတ်ကာလနှင့် သက်ဆိုင်သောကြောင်းများ

မည်မျှလောက်ဝေးကွာသော သမိုင်းနောက်ခံအကြောင်းအရာများသည် ရင်ကြားစေ့ရေးလုပ်ငန်းစဉ်တွင် ပါဝင်သင့်သနည်း? အသက်ရှင်နေသေးသောသူများ၏ အမှတ်ယမှုများ အထိသာ ပါသင့်သလော? သို့တည်းမဟုတ် သမိုင်းကြောင်းဆိုင်ရာ အမှားများအားလုံးကို ပြန်လည်ပြုပြင် သင့်ပါသလော? ရှုပ်ထွေးလှသော လူမှုသမိုင်းအကြောင်းများကို ကိုင်တွယ်ဖြေရှင်းရာ၌ ပကတိဖြစ်နိုင်ချေများကို ချိန်ထိုးစဉ်းစားရပေမည်။

### ❖ အတိတ်ကာလအကြမ်းဖက်မှုတို့၏ အတိမ်အနက်

ဤအချက်သည် ပါဝင်ပတ်သက်သူများ၏ တုံ့ပြန်မှု နှင့် သက်ဆိုင်ပြီး ဖြေရှင်းရမည့် ပြဿနာတခုလုံး၏ အတိုင်းအတာကို ဖော်ပြနေသည်။ ထိုပြဿနာ အတိမ်အနက်သည် ယင်းတို့အပေါ် လူအများက အကောင်းမြင်မှုနှင့် အဆိုးမြင်မှု တို့ကို ဖြစ်စေပြီး၊ ကာယကံရှင်များအနေဖြင့် မည်မျှ မြန်မြန်ဆန်ဆန် ဖြေရှင်းစေလိုသည်ကိုလည်း ဖြစ်စေသည်။

### ❖ ရုပ်ဝတ္ထုပစ္စည်းများ၏ ပျက်စီးမှုအတိုင်းအတာ

ရင်ကြားစေ့ရေးဖြစ်စဉ်နှင့် အခြားလုပ်ငန်းများ အကောင်အထည်ဖော်ရေး အတွက် လိုအပ်သော ရင်းမြစ်ပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများ ရှိနိုင်မရှိနိုင်သည်မှာ နိုင်ငံ၏ ပစ္စက္ခနှင့် အနာဂတ် စီးပွားရေးအခြေအနေများတွင် တည်မှီနေသည်။ သို့ဖြစ်၍ စီမံချက်များသည် လက်တွေ့ကျရမည်၊ ဖြစ်နိုင်ချေ ရှိရမည်၊ အမှန်တကယ် အကောင်အထည် ပြနိုင်ရမည်လည်း ဖြစ်သည်။

### ❖ နိုင်ငံရေးအသွင်ကူးပြောင်းရေးပုံစံများ

အတိတ်ကာလမတရားအုပ်စိုးသူများအား အကြမ်းဖက်စွာ အမြစ်မှတော်လှန်ပြောင်းလဲခဲ့လျှင် သော်၎င်း၊ စစ်ရေးအရ အောင်မြင်စွာ အသွင်ကူးပြောင်း ခဲ့လျှင် သော်၎င်း နောက်ကြောင်းပြန် တရားမျှတရေးနှင့် ဒဏ်ခတ်ရေးကို ဦးတည်သော

ဖွံ့စည်းပုံမျိုးပေါ်ပေါက်တတ်သည်။ အကယ်၍ အသွင်ကူးပြောင်းရေးပုံစံသည် ယခင်အုပ်စိုးသူများပါ ပါဝင်သော အသွင်ကူးပြောင်းရေးဖြစ်ပါက ၊ သို့မဟုတ် ယင်းတို့က အသာစီးဖြင့် အဆုံးအဖြတ်ပေးနိုင်သည့် အသွင်ကူးပြောင်းရေးဖြစ်ပါက လွတ်ငြိမ်းချမ်းသာရေးကိုဦးတည်သော မိမိကိုယ်ကိုကာကွယ်သည့် ပုံစံမျိုးဖြင့် ပေါ်ပေါက်လာလိမ့်မည်။ ယခင်အုပ်စိုးသူများနှင့် အတိုက်အခံ အုပ်စုများ ပူးပေါင်း ပါဝင်သော အသွင်ကူးပြောင်းရေးပုံစံဖြစ်ပါက ညီမျှသော အသွင်ကူးပြောင်းမှုမျိုး ဖြစ်နိုင်ပေသည်။ နောက်ဆုံးအနေဖြင့် အကယ်၍ အသွင်ကူးပြောင်းရေးသည် အစိုးရသစ် တခုပေါ်ပေါက်ရေးသို့ဦးတည်ပါက ရင်ကြားစေ့ရေး လုပ်ငန်းများအပေါ်တွင်လည်း သက်ရောက်မှုရှိပေသည်။ အစိုးရသစ် အနေဖြင့် အစွမ်းကုန်အာဏာရှိလာပြီး အစိုးရဟောင်းအပေါ် ယင်းတို့၏ မတရားပြုမှုများအတွက် တရားဥပဒေအရ အဆုံးစွန် အရေးယူမှုများ ပေါ်ပေါက်ပြီး ယခင် အာဏာ ရှိခဲ့သူများကို သားကောင်များ အဖြစ်သို့ တွန်းပို့သည့်အခြေအနေတရပ် ပေါ်ပေါက်လာ နိုင်ပေသည်။

## ❖ အုပ်စုများတွင် သီးခြားရှိနေသော တူညီသည့် အကျိုးစီးပွားများ (cross-cutting interests)

ဤအပိုင်းခြားခံထားရ၍ သီးခြားစီရှိနေသော လူမှုပတ်ဝန်းကျင်အသိုင်းအဝန်းများအတွင်း အကျိုးစီးပွားများ တိုက်တိုက်ဆိုင်ဆိုင် တူညီနေသော အုပ်စုငယ်များ ရှိပါက ယင်းအုပ်စုငယ် အချင်းချင်း (ရန်–ငါစည်းကို ကျော်ဖြတ်၍) ပူးပေါင်းဆောင်ရွက်ခြင်းသည် အုပ်စုကြီးများအကြား ရင်ကြားစေ့ရေးကို စေ့ဆော်ပေးနိုင်ပေသည်။ စစ်အတွင်းကာလ ရန်ဘက်အုပ်စုများမှ အမျိုးသမီးများသည် (မိမိအုပ်စုကို လွန်ဆန်၍ အခြားအုပ်စုမှ အမျိုးသမီးများနှင့်) ပူးပေါင်းဆောင်ရွက်လေ့ရှိတတ်သည်။ ယင်းအမျိုးသမီးများကသာ အမျိုးသားများ နှင့်တန်းတူ လူမှုသြဇာရှိကြမည် ဆိုပါက ရင်ကြားစေ့ရေးအတွက် သာ၍ပင် ကောင်းမွန်စေပေဦးမည်။ အလုပ်သမားလုပ်တန်းစားများ အနေဖြင့်လည်း ရင်ကြားစေ့ရေးအတွက် အရေးပါလှသည်။ စီးပွားရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အသိုင်းအဝိုင်းများမှာလည်း ပိုမိုကြီးထွားစွာစုပေါင်းထားသော စီးပွားရေးဈေးကွက်များနှင့် အရင်းအမြစ်များကို ဆထက်တပိုး တိုးချဲ့ဆောင်ရွက်နိုင်စေခြင်း အလို့ငှာ ရင်ကြားစေ့ရေးကို ထောက်ခံအားပေးနိုင်သည်။ ဆင်းရဲသား လူတန်းစားများမှလည်း အရင်းအမြစ်များကို မျှတစွာခွဲဝေခံစားရေး ရှေ့ရှု၍ ပူးပေါင်းပါဝင်လာနိုင်ပေသည်။ ဘာသာရေးနှင့် ဘာသာစကားတူ အုပ်စုများသည်လည်း ခွဲခြားခံထားရသော လူမှုပတ်ဝန်းကျင်များအား (တဖက်စီမှ) စုစည်းပေးရာ၌ အရေးပါလှပေသည်။

## ❖ နိုင်ငံတကာအသိုင်းအဝိုင်းများ၏ အခန်းကဏ္ဍ

နိုင်ငံတကာအသိုင်းအဝိုင်းသည် သတင်းအချက်ဖလှယ်မှုအတွက်လည်းကောင်း၊ ကျွမ်းကျင်သူများနှင့် အခြားနည်းသင်တန်းပေးမှုများကို ကူညီရန်အတွက်လည်းကောင်း အရေးပါသောအခန်းမှ ပါဝင်ပေသည်။ ထို့အပြင် ယနေ့ခေတ်တွင် နိုင်ငံတကာ လူ့အခွင့်အရေးများနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေများလည်း တနေ့တခြား တိုးတက်လာသည် ဖြစ်ရာ၊ ရင်ကြားစေ့ရေးအတွက် အထောက်အကူဖြစ်မည့် ပြင်ပပတ်ဝန်းကျင် တရပ်လည်း ပေါ်ထွန်းလာပြီဖြစ်သည်။

## ❖ ယဉ်ကျေးမှုဓလေ့ထုံးစံများ၏ အခန်းကဏ္ဍ

အတိတ်ကာလ အကြမ်းဖက်များကို ကိုင်တွယ်ဖြေရှင်းရာ၌ ၎င်းတို့၏ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများ၏ အခန်းကဏ္ဍ သည်အရေးပါလှပေသည်။ အထူးသဖြင့်လူအများ စုပေါင်းအမှတ်ရနေသော အတိတ်ကာလ အတွေးစများကို ယဉ်ကျေးမှုပုံစံများက ပုံဖော်ပေးလျက် ရှိသည်။ ထို့အပြင် ပြည်တွင်းဖြစ်ရင်ကြားစေ့ရေး လုပ်ငန်းများကို ပုံဖော်ရာ၌ ယင်းထုံးထမ်းစဉ်လာများသည် အလွန်အရေးပါသော အခန်းကဏ္ဍမှပါဝင်ပေသည်။ ဤသို့လျှင် အဆင်သင့် လုပ်ပြီးသား ပြင်ပကမ္ဘာမှ အဖြေများထက် မိမိတိုင်းပြည်အတွင်းမှ ယဉ်ကျေးမှုထုံးထမ်းစဉ်လာများ အတွင်းမှပင် ရင်ကြားစေ့ရေးအတွက် လိုအပ်သော နည်းနိသယ၊ အဖြေများ ကို ရှာဖွေခြင်းသည် ပို၍ပင် အရေးပါတော့သည်။

## ၅ မတရားပြုခံရသူများ Victims

မတရားပြုခံရသူများသည် ရင်ကြားစေ့ရေး၏ အဓိက အခန်းကဏ္ဍမှပါဝင်ပေသည်။ မည်သို့သော သူတို့သည် မတရားပြုခံရသူများဖြစ်သနည်း? ထိုသူများသည် အခြေခံအားဖြင့် တူညီကြသော်လည်း လက်တွေ့အားဖြင့် ယင်းတို့၏ အတွေ့အကြုံများ၊ လိုအပ်ချက်များနှင့် စွမ်းဆောင်နိုင်မှုများတွင် များစွာကွဲပြားခြားနားသည်ကို တွေ့ရသည်။ တိုက်ရိုက်မတရားပြုခံရသူများ (Direct Victims) သည်အကြမ်းဖက်မှု၏ ဆိုးဝါးမှုကို တိုက်ရိုက်ခံစား

ရသူများဖြစ်သည်။ သွယ်ဝိုက်မတရားပြုခံ ရသူများ (Indirect Victims) များမှာမူ တိုက်ရိုက်မတရားပြုခံရသူများနှင့် ဆက်စပ်နေ၍သာ ယင်းတို့နည်းတူ ခံစားရသူများပင်ဖြစ်သည်။ ပထမမျိုးဆက် မတရားပြုခံရသူများသည် မတရား ပြုခြင်း၏ ဆိုးကျိုးကို နပ်ဖူးတွေ့၊ ဒူးတွေ့ခံစားသူများဖြစ်ပြီး သူတို့၏သား၊ သမီးမျိုးဆက်များဖြစ်သည့် ဒုတိယမျိုးဆက်မတရားပြုခံရသူများသည်လည်း အလားတူ မျိုးရိုးလိုက် ခံစားရသူများ ဖြစ်ပြီး ၎င်းတို့၏နာကျင်မှု၊ ဒုက္ခခံစားရမှုများသည် အနာဂတ်လူမှုဝန်းကျင်အတွက် သတိထားကိုင်တွယ်ရမည့်ကိစ္စရပ်များဖြစ်သည်။

မတရားအကြမ်းဖက်မှုပဋိပက္ခများသည် လိင်ပိုင်းဆိုင်ရာကွဲပြားသည့်ယောကျ်ားနှင့် မိန်းမများအတွက် သက်ရောက်မှုခြင်းလည်းမတူညီကြပေ။ ၎င်းတို့၏ လိင်ပိုင်းဆိုင်ရာကွဲပြားမှုအပေါ် မတရားပြုခံရပုံခြင်း လည်းမတူကြပေ။ ကလေးသူငယ်များသည် အကာအကွယ်မဲ့ အဆိုးဝါးဆုံး ခံစားရသူများဖြစ်သည်။ အထူးသဖြင့်ဒုက္ခသည်ကလေးများနှင့် ကလေးသူငယ်စစ်သားများ သည် အဆိုးဝါးဆုံးဖြစ်သည်။ ရင်ကြားစေ့ရေးလုပ်ငန်းစဉ်သည် ကွဲပြားခြားနားစွာ မတရားပြုခံရသူများနှင့် ကိုက်ညီသောလုပ်ငန်းစဉ်များရှိရန်လိုအပ်ပေသည်။

### ***မတရားပြုခံရသူများအားအဓိပ္ပာယ်ဖွင့်ဆိုချက်***

မည်သူသည် မတရားပြုခံရသူများဖြစ်သနည်း ဆိုသည့် မေးခွန်းကို ဖြေဆိုရာ၌ အောက်ပါနက်နဲသော အချက်သုံးချက် ပါဝင်သည်။

#### ❖ နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာအချက်အလက်များ

မတရားပြုခံရသူများအပေါ် တရားဝင်အဖွဲ့အစည်းများ၏ အဓိပ္ပယ်ဖွင့်ဆိုချက်များစွာရှိသော်လည်း များသောအားဖြင့် ခံစားရသူများအနေဖြင့် အဆိုပါ အဓိပ္ပါယ်ဖွင့်ဆိုချက်များ၌ နိုင်ငံရေး၊ အချိန်ကာလနှင့် စီးပွားရေး အကြောင်းအချက်များ ကြောင့် အသိအမှတ်ပြုခြင်း မခံရဘဲ ကျန်ရစ်ခဲ့သူများစွာ ရှိတတ်သည်။ များသောအားဖြင့် နိုင်ငံရေးပါတီနှင့် တိုက်ရိုက်ပါတ်သက်သူအချို့တို့သာ နစ်နာကြေး နှင့် အသိအမှတ်ပြုခံရမှုကို ရတတ်သည်။ နိုင်ငံတကာနှင့် ဒေသခံအစိုးရမဟုတ်သောအဖွဲ့အစည်းများမှ မတရားပြုခံရသူများအပေါ် အဓိပ္ပါယ်ဖွင့်ဆိုချက်သည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။ တိတ်ဆိတ်၍မမြင်ရသော မတရားပြုခံရသူများ၏အခန်းကဏ္ဍကို ဖေါ်ထုတ်ရာ၌ နိုင်ငံတကာအဖွဲ့အစည်းများသည် အသုံးကျလှသော်လည်း ယင်းတို့၏ ပြုမူဆောင်ရွက်မှုများသည် အမြဲတမ်းကြားနေရေးဝါဒကို ကျင့်သုံးနေသည်မဟုတ်ပေ။

#### ❖ ဥပဒေအရေအဓိပ္ပာယ်ဖွင့်ဆိုခြင်း

အရေးကြီးသော နိုင်ငံတကာ ကုလသမဂ္ဂလူ့အခွင့်အရေး ဆိုင်ရာအဖွဲ့၏ မတရားပြုခံရသူများအပေါ် အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ “၁၉၉၉ ခု အခြေခံလူ့အခွင့်အရေး ချိုးဖောက်ခံရသူများအပေါ်နစ်နာကြေးနှင့် လျော်ကြေးပေးရေး ကြေငြာစာတန်း” (Declaration on the Right to Restitution for Victims of Grocess Human Rights Vilolations of 1999 ဖြစ်သည်။)

ယူဂိုဆလားဗီးယားနှင့် ရဝန်ဒါဆိုင်ရာနိုင်ငံတကာခုံရုံး (ယာယီ) နှင့် နိုင်ငံတကာ ရာဇဝတ်ဆိုင်ရာတရားခုံရုံး (ICC) တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များသည်လည်း အရေးပါလှသည်။ ပဋိပက္ခလွန် အစိုးရများ၏ ရာဇဝတ်မှုဆိုင်ရာပြုထုံးများ၊ ပြည်တွင်းရိုးရာဖြတ်ထုံးများ၊ ဘာသာရေး နှင့် ရိုးရာလူမှုဝန်းကျင်ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များအရေးပါလှသည်။ နိုင်ငံတကာနှင့် ဒေသခံတို့၏ မည်သူသည် မတရားပြုခံရသူ များဖြစ်ပြီးမည်သူသည် မတရားပြုသူများဖြစ်သည် ဆိုသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်များသည်လည်း အရေးပါလှသည်။

#### ❖ ယဉ်ကျေးမှုဆိုင်ရာအချက်များ

ယဉ်ကျေးမှုဆိုင်ရာ တိုက်ရိုက် မတရားပြုခံရသူများအပေါ် အဓိပ္ပါယ်ဖွင့်ဆိုချက်များသည်လည်း အရေးပါလှသည်။ မိသားစုနှင့် လူမှု အသိုင်းအဝိုင်း ဆိုသည့် ဝေါဟာရများကို မည်သို့ဖွင့်သနည်းဟူသည်မှာလည်း အရေးကြီးပါသည်။

### ***မတရားပြုခံရသူများကိုစုစည်းစည်းရုံးခြင်း***

မတရားပြုခံရသူများအားစုစည်းစည်းရုံး၍ လုပ်ပိုင်ခွင့်များပေးခြင်းသည် မရှိမဖြစ် အရေးပါလှသည်။ မတရားပြုခံရသူများကိုယ်တိုင် ပါဝင်ဖွဲ့စည်းထားသောအစည်းအရုံးများသည် အရေးပါသောအခန်းကဏ္ဍမှပါဝင်သည်။ ထိုအစည်းအရုံးများသည် အစိုးရပေါ်ဖိအားပေးရာ၌ ၎င်း လူထုအမြင်အပေါ်သတင်းပေးရာ၌၎င်း၊ မိမိတို့၏ လူသားဆန်စွာ ရပ်တည်ခွင့်နှင့် မိမိကိုယ်ကို ယုံကြည်မှုတည်ဆောက်ရေးအတွက် မရှိမဖြစ် လိုအပ်ပေသည်။ သို့သော်လည်း ထိုသူတို့သည် မတရားပြုသူများ အပေါ် လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးနှင့် ရင် ကြားစေ့ရေးလုပ်ငန်းစဉ်များကို တားဆီးဟန့်တားနိုင်ပြီး ၎င်းတို့၏ အမြင်ကျဉ်းမြောင်းမှုများကို ချေဖျက်ပေးရန် လိုအပ်သည်။

### *ပြုသူခံသူတဖြစ်လဲသားကောင်များ*

အချို့အခြေအနေများတွင် ဥပမာ ဘရွန်ဒီ (Burundi) နှင့် ဘောစနီးယား (Bosnia) စသည့် ပဋိပက္ခများ၌ မတရားပြုသူများနှင့် မတရားပြုခံရသူများသည် ဘုံပုံတလှည့် ငါးပုံတလှည့်ဆိုသကဲ့သို့ တလှည့်စီ ပြုသူခံသူများ အဖြစ် တကြိမ်ထက်မက ဖြစ်နေ တတ်သည်။ ယင်းအခြေအနေများတွင် နှစ်ဘက် စလုံးသည် မိမိကိုယ်ကို မိမိ သားကောင်များ အဖြစ်သာမြင်နေတတ်သည်။ ယင်းအခြေအနေကို ရင်ကြားစေ့ရေးဆောင်ရွက်သူများက သိထားရန် အထူးလိုအပ်ပေသည်။

***ရင်ကြားစေ့ရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ရာ ၌ မတရားပြုခံရသူများနှင့် မတရားပြုသူများ တလှည့်စီ ပြုသူခံသူများဖြစ်နေသည့် အခြေအနေ မျိုးကို အထူးအလေးထား စဉ်းစားသင့်ပေသည်။***

အကြမ်းအားဖြင့်မူဝါဒဖေါ်ဆောင်သူများ အတွက် အတွေ့အကြုံများမှရသော သင်ခန်းစာများမှာ –

–မတရားပြုခံရသူများ ဆိုသည့် အဓိပ္ပာယ် ဖွင့်ဆိုရာ၌ အမျိုးမျိုးသော အဓိပ္ပာယ်၏ အကျိုးဆက်များကို အထူးပင် သတိပြုအပ်ပေသည်။
– မတရားပြုခံရသူတို့၏ မည်သို့ဖြစ်ခဲ့သနည်း ဆိုသည့် ကိုယ်ပိုင်အမြင်အပေါ်လေးစားမှုပြုရမည်။
– မတရားပြုခံရသူများ၏ နလန်ထူရေးသည် အဆင့်များစွာပါဝင်သည်ကိုအသိအမှတ်ပြုရမည်။
– မတရားပြုခံရသူများ၏ ပညာရေး၊ ကျန်းမာရေး နှင့်နေရာပြန်လည်ချထားရေးများသည် လူမှုအသိုင်းအဝိုင်းတခုလုံးမှပါဝင် ဆောင်ရွက်ပြီး အထူးသဖြင့် တရားဝင်နစ်နာကြေးခံစားခွင့်မရှိသူများ၏ အကျိုးများကိုဝိုင်းဝန်းဆောင်ရွက်သွားသင့်ပေသည်။
– အိမ်နီးချင်းနိုင်ငံများတွင် ဒုက္ခသည်များအဖြစ် နေထိုင်နေသောမတရားပြုခံရသူများ၏လိုအပ်ချက်များကိုလည်း ဖြည့်စည်းပေးသင့်သည်။

## ၅ မတရားပြုသူများ (ဝါ) ပြစ်မှုကျူးလွန်သူများ Offenders

မတရားပြုသူများက မည်သည့်ကြောင့် (Why) နှင့် မည်သို့ (How) ဖြစ်၍ မတရားပြုရသည် ဆိုသည့် ဆင်ခြေများသည် ကြားရန် နားခါးလှသော်လည်း ရင်ကြားစေ့ရေးမူဝါဒများအတွက် ကြိုတင်သိနားလည်ထားရမည့် အခြေအနေများဖြစ်သည်။ အမျိုးမျိုးသော ပြစ်မှုများသူတို့၏ အခြေအနေအကြောင်းချက်များနှင့် မတရားပြုသူတို့၏ ထုချေကာကွယ်မှုများသည် ရင်ကြားစေ့ရေး လုပ်ငန်းစဉ်များအတွက် အမျိုးမျိုးသော ချည်းကပ်မှုများကို စဉ်းစားစေပါသည်။

### *အဓိကပါဝင်သူများနှင့်သွယ်ဝိုက်ပါဝင်သူများ*

မတရားမှုများတွင် အဓိကပါဝင်သူများမှာ ရာဇဝတ်ဆိုင်ရာ ဥပဒေများဖြင့် အရေးယူနိုင်မည့် ပုဂ္ဂိုလ်များ ဖြစ်သည်။ သွယ်ဝိုက်ပါဝင်သူများသည် များသောအားဖြင့် ၎င်းတို့၏ပြစ်ချက်များသည် နိုင်ငံရေးနှင့် သိက္ခာပိုင်းဆိုင်ရာ (Moral) တို့နှင့် ဆက်နွယ်နေပြီး ယင်းတို့၏ အပြစ်များကို အပိုင်းသုံးပိုင်းခွဲခြားနိုင်သည်။ (က) ကိုယ်တိုင်မဆောင်ရွက်သော်လည်း အခြားသူများ၏ မတရားပြုမှုကြောင့် ဖြစ်လာသည့် အကျိုးအမြတ် အချို့ကို ခံစားရခြင်း (ခ) မတရားပြုနေမှုများကို မျက်မြင်သက်သေတွေ့နေရသော်လည်း မည်သို့မျှတုံ့ပြန်ပါဝင်မှုမပြုခြင်း (ဂ) စေ့ဆော်ချက်မပါဘဲ အခြားသူများကို နာကျင်စေရန် ပြုမူမိခြင်း တို့ဖြစ်သည်။

မတရားပြုမှုများအပေါ်ကန့်ကွက်မှုမပြုဘဲ ဆိတ်ငြိမ်စွာနေပြီး၊ မတရားမှုများမှသွယ်ဝိုက်စွာ အကျိုးခံစားရသူများသည် သတ်ဖြတ်မှုနှင့် မတရားပြုမှုများတွင်ကိုယ်တိုင်ပါဝင်ကြသူများမဟုတ်ကြပေ။ သို့သော်လည်း ထိုသူများသည်အတိတ်ကာလ မတရား ပြုခံရသူများအပေါ်မူတည်၍ အကျိုးခံစားခွင့် ရကြသည်။ ထိုသူများသည် အိုးအိမ်များ၊ ဝင်ငွေနှင့် အလုပ်အကိုင်များ၊ ပညာရေး ဆိုင်ရာ အကျိုးအမြတ်များကို သွယ်ဝိုက်ခံစားခွင့် ရကြသည်။ အချို့မှာ ယင်းအကျိုးစီးပွားများကို အနာဂတ်ကာလသို့တိုင် ဆက်လက်ခံစားနေရဆဲဖြစ်သည်။ ရင်ကြားစေ့ရေးလုပ်ငန်းစဉ်များသည် ထိုသူများ၏ အခွင့်ထူးခံစားနေရမှုများကို ဖေါ်ပြဖြေရှင်းခြင်း မပြုပါက လူမှုဝန်းကျင်ဆိုင်ရာတရားမျှတမှု (Social Justice) သည် မှုန်ဝါးဝါးသာရှိနေသော အနာဂတ်ပန်းတိုင်အဖြစ် ဆက်လက် တည်ရှိနေ ပေမည်။

မတရားအကြမ်းဖက်မှုများ အခင်း ဖြစ်ပွားရာနေရာတွင် မတရာမှုမှန်းသိလျက်နှင့် ဘေးမှရပ်ကြည့်နေသူများ သည်လည်း ကြံ့ရာပါများ အဖြစ်တာဝန်ရှိပေသည်။ ထိုသူများသည် မည်သို့ ဖြစ်ပျက်နေသည်ကို သိသော်လည်း မသိချင်ယောင်ဆောင်နေတတ်ပြီးတိတ်ဆိတ်စွာနေကြသည်။ အချို့အခြေအနေများတွင် နိုင်ငံတကာ အသိုင်းအဝိုင်း သည်လည်း ကြံ့ရာပါအဆင့်တွင် တာဝန် ရှိနေသည်။

ရာဇဝတ်ဆိုင်ရာတရားရုံးများသည်

ပုဂ္ဂလိကတဦးချင်း ကျူးလွန်သည့် ပြစ်မှုများကို ကိုင်တွယ်ပြီးအမှန်တရားရှာဖွေရေးကော်မရှင် (Truth Commssion) သည်စုပေါင်းအပြစ်ရှိမှု (Collective Guilt) ဆိုင်ရာ ပြစ်မှုများကို ကိုင်တွယ်သည်။ များသောအား ဖြင့် ဘာသာရေး အဖွဲ့အစည်းများ၊ တရားရေးအဖွဲ့အစည်းများ၊ ဆေးဘက်ဆိုင်ရာ တတ်ကျွမ်းနားလည်သူများ၊ စီးပွားရေးနှင့် သတင်းဆိုင်ရာအဖွဲ့အစည်းများသည် မတရားမှုပြုမှုများအပေါ် စုပေါင်း၍ တာဝန်ရှိပေသည်။ အနိမ့်ဆုံးအဆင့်အဖြစ် မတရားမှုများအပေါ်မှ အကျိုးခံစားရသူများအဖြစ်လည်းကောင်း နှင့် ဘေးမှရပ်ကြည့်နေသူများ အဖြစ်လည်းကောင်း တာဝန်ရှိကြပေသည်။

## ***မတရားပြုသူများကို အတန်းစားခွဲခြင်း***

မတရားပြစ်မှုကျူးလွန်သူများကို ခွဲခြားသတ်မှတ်ရမည် ဖြစ်သည်။ ပထမခြေလှမ်းအနေဖြင့် မတရားပြစ်မှု ကျူးလွန်သူများကို ပြစ်မှုအတိမ်အနက် အလိုက် အတန်းအစားသတ်မှတ်ရပေမည်။ ဤလုပ်ငန်းစဉ်သည် ခက်ခဲသော လုပ်ငန်းစဉ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူအများစုသည် မတရား လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် ပါဝင်တတ်ပြီး မတရားပြုမှုများ၏ မှတ်တမ်းမှတ်ရာများသည် ဖျက်ဆီးခံရခြင်း (သို့) ပျောက်ဆုံးနေခြင်း ဖြစ်တတ်သည်။ အစိုးရသစ်အနေဖြင့် လိုအပ်သော သက်သေခံအချက်အလက်များ ကို ရှာဖွေရန် စရိတ်စက မတတ်နိုင်သည့် အခြေအနေမျိုးဖြစ်နေတတ်သည်။ အောက်ပါအချက်များသည် မတရားမှုကျူးလွန်သူများကို ခွဲခြားရာ၌ အသုံးဝင်လှသည်။

## ပြစ်မှုအမျိုးအစား အမျိုးမျိုး

***နိုင်ငံတကာပြစ်မှုကျူးလွန်သူများ။ ။*** နိုင်ငံတကာလုံခြုံရေးနှင့် လူသားထုလုံခြုံရေးဆိုင်ရာ ရာဇဝတ်ပြစ်မှုကျူးလွန်သူများသည် ဒေသခံ ရိုးရာဥပဒေများ၊ သဘောတူညီမှုများ နှင့် အကျုံးမဝင်ပေ။

*လူသားထုဆိုင်ရာရာဇဝတ်ပြစ်မှု* (Crime Against Huminity) - ဤပြစ်မှုသည် ၁၉၉၈ ခု နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာတရားရုံး (ICC) ၏ (အပိုဒ် ၇ အရ) အရဖွင့်ဆိုသော ဖွင့်ဆိုချက် ဖြစ်ပြီး ဤရာဇဝတ်ဖြစ်မှုသည် စနစ်တကျအရပ်သား လူများစုအပေါ်ချေမှုန်းမှု၊ မတရားကျူးလွန်ပြုမှု၊ အတင်းအဓမ္မနှင်ထုတ်မှု၊လူတို့ကိုအောက်ကျနောက်ကျဖြစ်စေသည့်နိုင်ငံတကာဥပဒေများမှ ပြဋ္ဌာန်းထားသည့် မတရားညှင်းပန်းမှုများ၊ မုဒိန်းကျင့်မှု၊ ကျွန်ပြည့်တန်ဆာပြုမှု၊ မတရားပြည့်တန်ဆာပြုမှု၊ အဓမ္မ ကိုယ်ဝန်ဆောင်စေမှုနှင့် မြှုသွားအောင်ပြုမှု နှင့် အခြားလိင်ပိုင်းဆိုင်ရာ ကြီးမားသော မှုခင်းများ၊ လူများကိုလက်လွှတ်စပယ် မှုခင်းစစ်၍ သတ်ဖြတ်ခြင်း၊ အစဖျောက်ဖျက်ခြင်း၊ လူမျိုးရေး ခွဲခြားဖိနှိပ်သည့် အပါသိပ် ကဲ့သို့သော မူဝါဒ ကျင့်သုံးမှုများ စသည့် ပြစ်မှုကြီးများကို ဆိုလိုသည်။

*လူမျိုးနွယ်စုတခု အမျိုးတုံးရန် ကျူးလွန်ခြင်း၊* (ICC Statue, Article 6) နိုင်ငံလူမျိုးတခု၊ တိုင်းရင်းသားမျိုးနွယ်စုတစု၊ ဘာသာရေးမျိုးနွယ်စု တစု၊ လူမျိုးတစု ကို တခုလုံးသော်လည်းကောင်း၊ အစိတ်အပိုင်းတခုသော်လည်းကောင်း အမျိုးတုံး သွားစေရန် ရည်ရွယ်ချက်ဖြင့် သတ်ဖြတ်ခြင်း၊ စိတ်ရောကိုယ်ပါ ထိခိုက်စေခြင်း၊ ယင်းလူမျိုးစုများ နေထိုင်ရာ ဒေသများကို (ဆက်၍ မနေနိုင်အောင်) ဖျက်ဆီးပစ်ခြင်း၊ ယင်းလူမျိုးစုများအတွင်း လူမျိုးဆက် မပြန့်ပွားရန် ထိန်းချုပ်ခြင်း (ကလေးမယူနိုင်ရန်) နှင့် ကလေး လူငယ်များကို အခြားဒေသများသို့ ပို့ပစ်ခြင်း စသည့် ပြစ်မှုများကို ဆိုလိုသည်။

*စစ်ရာဇဝတ်မှုများ၊* (ICC Statue, Article 8) ဟူသည်မှာ နိုင်ငံတကာစစ်ပွဲများ၊ ပြည်တွင်းစစ်ပွဲများ အတွင်း ၁၉၄၉ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့ ဂျနီဗာကွန်ဗေးရှင်းမှ ချမှတ်ထားသည့်စည်းမျဉ်းများနှင့် အခြား လူသားချင်းစာနာထောက်ထားသည့် နိုင်ငံတကာ ဥပဒေများကို ဖောက်ဖျက်ကျူးလွန်သည့် ပြစ်မှုများ၊ အထူးသဖြင့် စစ်ပွဲတွင် ပါဝင်ပတ်သက်ခြင်းမရှိသည့် အရပ်သားများနှင့် စစ်သုံ့ပန်းများအပေါ် ယင်းဥပဒေများကို ဖောက်ဖျက်ပြီး ကျူးလွန်သည့် ပြစ်မှုများကို ဆိုလိုပါသည်။

***အကြီးစား လူ့အခွင့်အရေး ချိုးဖောက်မှုများ။ ။*** ကြီးမားသော လူ့အခွင့်အရေးချိုးဖောက်မှုများ (ဥပမာ – ညှင်းပန်းနှိပ်စက်မှုများ၊ နိုင်ငံတော်နှင့် ပြင်ပအဖွဲ့အစည်းများမှ ကျူးလွန်သည့် အစဖျောက်မှုများ) ပါဝင်သည်။ ယင်းပြစ်မှုများမှာ လူ့အသိုင်းအဝိုင်းတခုလုံးမပါဘဲ၊ သီးသန့်ဖြစ်ပေါ်သော ပြစ်မှုများ ဖြစ်၍ လူသားထုဆိုင်ရာ ပြစ်မှုများနှင့် မတူချေ။

***ဆက်နွယ်နေသော ပြစ်မှုများ။ ။*** ယင်းမှာ လူ့အခွင့်အရေးချိုးဖောက်မှု ပြစ်မှုကြီးများ မဟုတ်သော်လည်း၊ အလားတူ မတရားမှုခံရ သကဲ့သို့ နာကျည်းမှုများကို ဖြစ်ထွန်းစေနိုင်သည့် ပြစ်မှုများ ဖြစ်သည်။ (ဥပမာ၊ လူသေကောင်များကို မဖွယ်မရာပြုလုပ်ခြင်း၊ မုဒိန်းပြုကျင့်ရန် ခြိမ်းခြောက်ခြင်း၊ ဆေးဝါးစသည့် အရေးကြီးလိုအပ်ချက်များကို ဖြတ်တောက်ခြင်း၊ စီးပွားရေးများဖျက်ဆီးပစ်ခြင်း၊ အလုပ်မှ ထုတ်ပစ်မည်ဟု ခြိမ်းခြောက်ခြင်း တို့ဖြစ်သည်။

## ***မတရားပြစ်မှုကျူးလွန်သူများအားတွန်းပို့သည့် အခြေနေများ***

အမိန့်အာဏာဖြင့်သော်ငင်း၊ ချိမ်းချောက်စေခိုင်းခံရ၍ငင်း မတရားပြစ်မှုကျူးလွန်သူများသည် ပြစ်မှုများကို ကျူးလွန်တတ်သည်။ ထိုပြစ်မှုများသည် ကျူးလွန်သောအချိန်၌ တရားဝင်သော လုပ်ရပ်များအဖြစ်ရှိနေတတ်ပေသည်။ ထိုသူများကိုယ်တိုင်သည်ပင် (ခေါင်းဆောင်များ၏) မှန်းတီးရေး လှုံ့ဆော်မှုများ၏ သားကောင်များ ဖြစ်နေတတ် သည်။ လှုံ့ဆော်မှုများသည် ရိုးရိုးသာမန်လူထုကို ပြစ်မှုကြီးများ ကျူးလွန်ဖြစ်သည်အထိ တွန်းပို့တတ်သည်။ ပြစ်ဒါဏ်မှ ကင်းလွတ်ခွင့်ပေးသော ယဉ်ကျေးမှု ထုံးစံများကြောင့် အချို့သောမတရားပြစ်မှုများကို အပြစ်အဖြစ်မမြင်စေဘဲ ကျူးလွန်မှု များကို ပိုမိုဖြစ်စေရန် တွန်းပို့တတ်သည်။

ယင်းအခြေအနေများတွင် မကြာခဏကြားရသော ဆင်ချေမှာ "စစ်အတောအတွင်းမို့ပါ" ဟူ၍ ဖြစ်သည်။ အတွေးခေါ်နှင့် စစ်မှန်သောတိုက်ပွဲ ယုံကြည်ချက်ကြောင့်ပြစ်မှုကျူးလွန်ပါသည်ဆိုသည်တို့ကိုလည်းမကြာခဏကြားရသည်။ အကြမ်းဖက်မှုသံသရာ၌လက်စားချေမှုသည် အခြေခံ တွန်းအားဖြစ်ပြီး အကြမ်းဖက်မှုအသစ်များကို ယခင်အကြမ်းဖက်မှုဟောင်းအတွက် တရားဝင်သော တုံ့ပြန်မှုများအဖြစ် ဆောင်ရွက်တတ်သည်။

အစိုးရမဟုတ်သော အတိုက်အခံများမှ မတရားမှုကျူးလွန်သူများသည် ၎င်းတို့၏အကြမ်းဖက်မှုကို နိုင်ငံရေးယုံကြည်ချက်ကြောင့် ဟု အကြောင်းပြတတ်ပြီး အစိုးရ၏ အကြမ်းဖက်မှုကို မဖြစ်မနေ လက်တုံ့ ပြန်ရသည့် လွတ်မြောက်ရေးအတွက် ရှောင်လွှဲမရသော အကြမ်းဖက်မှုများဟု ဖွင့်ဆိုတတ်ကြသည်။

အကြမ်းဖက်မှုများကို လူကျင့်ဝတ်စာရိတ္တ နှင့်ဆိုင်သည့်မေးခွန်းများနှင့် မသုံးသပ်ဘဲ၊ ရိုးရိုးစဉ်းစားလျှင် သာမန် ပြည်သူများ အနေဖြင့် အလွန် ကြောက်မက်ဖွယ် ကောင်းသည့် ပြစ်မှုများကို မည်သို့ကြောင့် ကျူးလွန် နိုင်သည်ကို ကွက်ကွက် ကွင်းကွင်း မြင်တွေ့ရမည် ဖြစ်သည်။ ယင်း လုပ်ရပ် များကို လွတ်မြောက်ရေး တိုက်ပွဲဝင်သူများ (Freedom Fighters) နှင့်သူရဲကောင်း (Heroes) အဖြစ် ၎င်းတို့ဘာသာ ရှုမြင်ပြီး ကျူးလွန်ကြခြင်း ဖြစ်သည်။

နိုင်ငံရေးယုံကြည်ချက်တွန်းအားသည် ရာဇဝတ်ပြစ်မှုများဖြစ်သည့် မူးယစ်ဆေးရောင်းဝယ်ဖောက်ကားမှု၊ တရားမဝင်လူ ခိုးသွင်းမှုနှင့် မှောင်ခိုဆိုင်ရာလုပ်ငန်းများကို တရားဝင်လုပ်ငန်းများ အဖြစ် အသွင်ပြောင်း လုပ်ကိုင်စေနိုင်သည်။

## ***မတရားပြစ်မှုကျူးလွန်သူများနှင့် ရင်ကြားစေ့ရေး***

***အကြမ်းဖက်မှုများအပေါ် ပြစ်မှုကျူးလွန်သူများနှင့် ကျူးလွန်ခံရသူတို့၏အမြင်သဘောထားမှာ အကွာဟကြီး ကွာဟ နေတတ်သည်။***

လူမှုဝန်းကျင်အသိုင်း အဝိုင်းတခုအတွင်း မတရားပြစ်မှု ကျူးလွန်သူများနှင့် ကျူးလွန်ခံရသူများအကြား ရင်ကြားစေ့ရေးကို မည်သို့ဖန်တီးနိုင်သနည်း? ဤမေးခွန်းကိုဖြေဆိုရာ၌ နောက်ခံပတ်ဝန်းကျင် အခြေအနေတို့ အပေါ်မူတည်သကဲ့သို့ ပြစ်မှုကျူးလွန်သူများ၏ စေ့ဆော်မှုနှင့် အမြင်များအပေါ်တွင်လည်း မူတည်နေသည်။ တခါတရံ၌ဤအခြေအနေများသည် ရင်ကြားစေ့ရေးလုပ်ငန်းစဉ်များကို အကြီးအကျယ်ဒုက္ခပေးတတ်သည်။ သင့်တော်သောအခြေအနေအချိန်အခါ၌ ပြစ်မှု ကျူးလွန်သူများကို လူမှုပတ်ဝန်းကျင်အတွင်း သတိကြီးကြီးနှင့် ပြန်လည်သွပ်သွင်းခြင်းသည် ရင်ကြား စေ့ရေးဖြစ်စဉ်အတွက် အရေးကြီးသော အဆင့်တခုဖြစ်လာသည်။

### ရင်ကြားစေ့ရေးအတွက် အတားအဆီးများ

❖ **အပြစ်ရှိကြောင်း ငြင်းဆန်မှု။** ။ အပြစ်ရှိကြောင်းနှင့် တာဝန်ရှိကြောင်းငြင်းဆိုမှုတွင် အကြောင်းအချက် များစွာရှိသည်။ (မတရားပြစ်မှု ကျူးလွန်သူများကို တွန်းပို့သည့်အခြေအနေများ အခန်းတွင် ဖေါ်ပြပြီးဖြစ်သည်။ )

❖ **အကွာဟကြီးကွာဟမှု။** ။ အကြမ်းဖက်မှုများအပေါ် ပြစ်မှုကျူးလွန်သူများနှင့် ကျူးလွန်ခံရသူများ၏ အမြင်သဘောထားမှ များစွာကွာဟနေတတ်သည်။ ပြစ်မှုကျူးလွန်ခံရသူများ ရင်နှင့်စွာခံစားရသည့် အဖြစ်အပျက်များအပေါ် ပြစ်မှုကျူးလွန်သူများက အလေးအနက် မခံစားတတ်ယုံမျှမက ယင်းပြစ်မှုများ၏ အကျိုးဆက်များအပေါ် သဘောထားမှာလည်း ပေ့ါပေ့ါတန်တန် ဖြစ်နေတတ်သည်။

❖ **တာဝန်ယူမှုမပါသော တောင်းပန်မှုများ။** ။ ပြစ်မှုကျူးလွန်သူများ၏ ဝန်ခံတောင်းပန်မှုသည် အရေးပါလှသော်လည်း တာဝန်ခံမှုမပါသော တောင်းပန်အသနားခံမှုများသည် စစ်မှန်သော ရင်ကြားစေ့ရေးကိုဦးတည်လိမ့်မည်မဟုတ်ပေ။ ပြစ်မှုကျူးလွန်ခံရသူအများစုသည် မပြည့်စုံ သော တောင်းပန်မှုများအား ၎င်းတို့အားစော်ကားပြုမှုများအဖြစ် ထင်မှတ်ကြသည်။

## ပြစ်မှုကျူးလွန်သူများကို ပြန်လည်လက်ခံရေး

အကောင်းဆုံးမှာ ပြစ်မှုကျူးလွန်သူများကို ၎င်းတို့ လူမှုအသိုင်းအဝိုင်းသို့ ပြန်လည်းပူးပေါင်းခွင့်ပေးခြင်း ပင်ဖြစ်သည်။ ဤသူများအားလူမှုအသိုင်းအဝိုင်းမှ ခွဲခြား ပ ထားလျှင် အမျိုးသားရင်ကြားစေ့ရေးသာမက ပြန်လည်းပူးပေါင်းနေထိုင်ရေး လုပ်ငန်းစဉ်များကိုပါ ထိခိုက်စေနိုင်သည်။

### *အဘယ်ကြောင့်ပြန်လည်လက်ခံသင့်သနည်း*

အချိန်ကာလရှည်ကြာလာသည်နှင့်အမျှ မတရားပြစ်မှုကျူးလွန်သူများသည် မိမိတို့ သက်ဆိုင်ရာ ဌာနေလူမှုဝန်းကျင်သို့ ပြန်လာကြရမည်။ အကယ်၍ အထူးထူးသော ပြန်လည်လက်ခံရေးအစီအစဉ်များ မရှိပါက ထိုသူများသည် ပြစ်မှုကျူးလွန်ခံရသူများအတွက် ပြန်ပြောင်းအောင့်မေ့ဖွယ် ဒေါသပွားရာအကြောင်းများ အမြဲဖြစ်နေပေလိမ့်မည်။ ပြစ်မှုကျူးလွန်သူများကို ပြန်လည်လက်ခံရေး၏ အရေးပါမှုတွင် အောက်ပါအချက်များ ပါဝင်သည်။

– အကျဉ်းထောင်များသည် ပြစ်မှုကျူးလွန်သူများဖြင့်ပြည့်ကျပ်နေတတ်ပြီး နိုင်ငံဘဏ္ဍာရေးကို ထိခိုက်စေပေသည်။

– အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးကိစ္စများကို တာဝန်ယူနေရသော ဝန်ထန်းများအား အပြစ်ဒဏ်ပေးပါက တိုင်းပြည်၏ နိုင်ငံရေးနှင့် စီးပွားရေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ထိခိုက်နစ်နာစေနိုင်သည်။

– ပြည်ပမှ နှောက်ယှက်ခြိမ်းချောက် လာနိုင်မှုများ ရှိနေပါကလည်း အမျိုးသားပြန်လည်ရင်ကြားစေ့ရေး အဆောတလျှင် ဖြစ်ထွန်းရန် လိုအပ်ပေလိမ့်မည်။

– စိတ်ပိုင်းနှင့်လူမှုရေးအရ "ပ" ထားခံရမှုများ ရှည်ကြာလာသည်နှင့်အမျှ အပယ်ခံ အုပ်စုငယ်လေးများသည် ပိုမိုအထီးကျန်လာကာ ဒီမိုကရေစီစနစ်ကို ရန်လိုသောပြုမှုမှုများ ပေါ်ထွက် လာတတ်သည်။

– လက်နက်ဖျက်သိမ်းရေးသည် ပြန်လည်နေရာချလက်ခံရေး အစီအစဉ်၏ အရေးကြီးသော အဆင့်တဆင့် ဖြစ်ပြီး ပဋိပက္ခ ပြန်လည် မပေါက်ကွဲရေးအတွက် အရေးကြီးသော လုပ်ငန်းစဉ် ဖြစ်ပါသည်။

### *မည်သို့ပြန်လည်လက်ခံမည်နည်း*

❖ *တရားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ အတားအဆီးများကို ဖယ်ရှားရန်။* ။

ပြစ်မှုကျူးလွန်သူများကို ခံဝန်ချက်နှင့် လွှတ်ပေးရန်နှင့် ထောင်ဒဏ်နှင့် ဒဏ်ငွေ တပ်ဆောင်မှု များကို လျှော့ချပေးရမည်။ နိုင်ငံသားတို့၏ အခွင့်အရေးကာကွယ်ရေး နှင့် ပိတ်ပင်ထားသောရုံးများကို ပြန်လည်ဖွင့်လှစ်ပေးပြီး ပြန်လည်ကုစားရေးလုပ်ငန်းများကိုလုပ်ဆောင်ရမည်။

*ပုံမှန်လူမှုဆက်ဆံရေး အဟုန်မြှင့်တင်ရေး။* ။ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအနှစ်သာရများကို ပြန်လည်မြှင့်တင်ရာ၌ ရေရှည်ပညာပေးရေး အစီအစဉ်များ လိုအပ်ပါသည်။

*အခြေခံအသိုင်းအဝိုင်းအဆင့်တွင် ပြစ်မှုကျူးလွန်ခဲ့သူများကို ပြန်လည်လက်ခံနေရာချထားရန်။* ။
အစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့အစည်းနှင့် ဒေသခံအာဏာပိုင်များမှဦးဆောင်၍ ပြစ်မှုကျူးလွန်ခဲ့သူ များ အား ကျောင်း၊ ဆေးရုံ ၊ လမ်းဖောက်ရေး စသည့် လူမှုဝန်ထမ်းလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင် စေရေးတို့ပါဝင်သည်။

*ရိုးရာဆိုင်ရာအလေ့အထများဖြင့် ကိုက်ညီသော လုပ်ငန်းများဖေါ်ဆောင်ရေး*

များသောအားဖြင့် ပြန်လည်နေရာချ လက်ခံရေး လုပ်ငန်းများတွင် ရိုးရာဆိုင်ရာအလေ့အထများ ကို အသုံးပြု၍ ပြစ်မှုကျူးလွန်ခဲ့သူများအား လူမှုဝန်းကျင်သို့ ပြန်လည်ဝင်ဆန့်ရန် လမ်းဖွင့်ပေးနိုင်သည် အထိ အရေးကြီးလှသည်။ ရာဇဝတ်ပြစ်မှုဆိုင်ရာ (တည် ဆဲ) ခေတ်ပေါ် ဥပဒေများသည် များသောအားဖြင့် ရိုးရာဆိုင်ရာဓလေ့များကိုပြစ်ပယ်ပြီး ဥပဒေပညာ ရှင်များနှင့်သာ သက်ဆိုင်သည့်လုပ်ငန်းများအဖြစ် ရှုမြင်တတ်သည်။ ရိုးရာဓလေ့ထုံးစံများသည် ပြစ်မှု ကျူးလွန်ရသည့် နကိုအခြေအနေတို့ကို ပြန်လည် ဖန်တီးပေး လေ့ရှိသည်။ (ယင်းကို မေ့ပျစ်ထား၍ မရပေ) ဤချဉ်းကပ်မှုသည် ပိုမိုကျယ်ပြန့်သော တရားမျှတမှုပြန်လည်တည်ဆောက်ရေးအမြင် (restorative justice) ဖြစ်သည်။ (အခန်း ၇ ၌ကြည့် ပါ)

ပြန်လည်နေရာချလက်ခံရေးအစီအစဉ်များသည် ပြစ်မှုကျူးလွန်သူများနှင့် ကျူးလွန်ခံရသူများအကြား ပြန်လည် ရင်ကြားစေ့ သွားရမည် ဟူသည့် အာမခံချက် မရှိပေ။ သို့သော်ငြားလည်း ပြစ်မှုကျူးလွန်သူများကို အကျဉ်းခံထားရမှုမှ ကျော်လွှားနိုင်မည့် အခွင့်အလမ်းသစ်များအား ဖန်တီးပေးနိုင်သည်။ ဒေသခံလူမှုအဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် မတရားပြုခံရသူများ၏ နာကျင်မှုကို မတရားပြစ်မှုကျူးလွန်သူများမှ နားလည်ခံစားနိုင်ရန်နှင့် ထိုသူတို့၏တုံ့ပြန်မှုကို မျှော်လင့်လက်ခံနိုင်ရန်လည်း ပြင်ဆင်ပေးပါသည်။

# ပြန်လည်ကုစားရေး
# Healing

***ပဋိပက္ခဒဏ်ခံရသူများ၏ ပြဿနာများကို ကူညီဖြေရှင်းပေးရာ၌ အရေးကြီးသောဆိုးကျိုး သက်ရောက် မှုများကိုသာမက ပြဿနာများ၏ ဇစ်မြစ်ကိုပါ ဖြေရှင်းပေးရန်မရှိမဖြစ်လိုအပ်ပေလှပေသည်။***

စိတ်၊ရုပ်နှစ်ပါး ထိခိုက်ဒဏ်ဖြစ်မှုသည် (Trauma) တဦးချင်းခံစားရမှုသာမက လူအများနှင့် သက်ဆိုင်သည့်ခံစားရချက်ဖြစ်သည်။ ပဋိပက္ခများ၏ အကျိုးသက်ရောက်ခံစားရမှုများကို ကုသဖြေရှင်းရေးရာ၌ ခံစားရသူများ၏ဝေဒနာပပျောက်သွားရန် ပြန်လည်ကုစားပေးရေး သည်အရေးကြီးလှပေသည်။ ဥပမာ ဝေဒနာခံစားရသူများ၏ ရင်ဖွင့်ရေး လုပ်ငန်းစဉ် ( Grieving Proces) များကား အရေးပါလှပါသည်။ သို့သော်လည်း ဖြစ်ပွားရသည့်အကြောင်းရင်း ဇစ်မြစ်များ (Causes) ကိုလည်း ထည့်သွင်းစဉ်းစားဖြေရှင်းပေးရပေမည်။ မည်သည့်တို့ကို ကုစားရမည်နည်း ဆိုရာ၌ တစ်ဦးချင်းဆိုင်ရာ၊ နိုင်ငံရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ တုံ့ပြန်မှုများ လိုအပ်ပေလိမ့်မည်။ မတရားပိတ်ပင်မှုများ၊ ဖိနှိပ်မှုများ၊ လူမျိုးစု ဆိုင်ရာအခွင့်အရေး ချိုးဖောက်မှုများနှင့် မတရားခွဲခြားဖိနှိပ်မှုများသည် မိမိကိုယ်ပိုင် အမျိုးသားလက္ခဏာ (Identity)၊ လူမှုဝန်းကျင်၌ မိမိတို့၏ ရင်ဝယ်ပိုက်မှု (Belonging) နှင့် ယုံကြည်မှု (Trust) ဆိုင်ရာခံစားချက်များကို ဖျက်ဆီးဖြစ်တတ်သည် ဖြစ်ရာ ယင်းတို့ကို ဦးစားပေးကုစားရပေလိမ့်မည်။

## ***ရင်ကြားစေ့ရေးနှင့်ပြန်လည်ကုစားရေး***

ပြန်လည်ကုစားရေးသည် လူပုဂ္ဂိုလ်တဦးချင်းနှင့် သက်ဆိုင်သော်လည်း လူမှုဝန်းကျင်အသိုင်းအဝန်း (Social Context) နှင့်လည်း အပြန်အလှန်ဆက်စပ်နေသည်။ ရင်ကြားစေ့ရေးကို ဦးတည်သည့် မဟာဗျူဟာမြောက်နိုင်ငံရေး လုပ်ငန်းစဉ်များသည် တဦးချင်း ပြန်လည်ကုစားရေးအတွက် လိုအပ်သောကောင်းမွန်သည့် ဝန်းကျင် နောက်ခံတရပ်ကို ဖန်တီးပေးနိုင်သော်လည်း၊ တဦးချင်းကုစားရေး လုပ်ငန်းစဉ်သည် အမှန်စင်စစ် တသီးပုဂ္ဂလအခြေအနေများအပေါ် ပိုမိုမူတည်ပြီး ထိုပုဂ္ဂိုလ်တို့၏ အသေးစိပ်လိုအပ်ချက်များသည် ကွာခြားနေပေမည်။ များသောအားဖြင့် နိုင်ငံရေးလုပ်ငန်းစဉ်များနှင့် နိုင်ငံရေးသမားများသည် နိုင်ငံရေးကြောင့် အကြမ်းဖက်ခံရရာမှ ရှင်သန်ကျန်ရစ်သူအချို့၏ ပြန်လည်ကုစားရေးကို မဆောင်ရွက်ရသေးမီပင် နိုင်ငံရေးလုပ်ငန်းစဉ်များ ဆက်လက် အကောင်အထည်ဖော်ရေးကို အလောတကြီးလုပ်ဆောင်တတ်သည်။ ယင်းတို့က ပြန်လည်ကုစားရေးထက် နိုင်ငံရေးကို ပိုမိုဇောင်းပေးတတ်သည်ကို သတိချပ်ရန် ဖြစ်သည်။

## ***ပြန်လည်ကုစားရေးချဉ်းကပ်မှုများ***

ဤနေရာတွင် တခုကောင်းကုစားရေး လုပ်ငန်းစဉ်ဟူ၍မရှိပေ။ တသီးပုဂ္ဂလနှာကျင် ခံစားရသူများ၏ လိုအပ်ချက်များဖြည့်ဆည်းရေးကို ရှေ့ရှု သောလူမှုရေးဝန်းကျင်တခုလုံးကို ပြောင်းလဲပစ်မည့် လုပ်ငန်းစဉ်များ ဆက်စပ်ဆောင်ရွက်ရန်လိုပေသည်။

❖ ***ဖြစ်ပျက်ခဲ့သည့်နောက်ခံအခြေအနေများကို နားလည်ပေးရေး။*** ပြန်လည်ကုစားရေးကို လူမှုရေးနှင့် ယဉ်ကျေးမှုရှုထောင့်မှရှုမြင်ရမည်ဖြစ်ပြီး တဦးချင်းလိုအပ်ချက်ကို အားလုံး၏ အခြေအနေများနှင့် ယှဉ်၍ ဖြည့်ဆည်းပေးရပေမည်။ ဖြစ်ပျက်ခဲ့သည့် နောက်ခံအခြေအနေများကို ခြုံငုံသည့် မဟာဗျူဟာ ရေးဆွဲခြင်း သည် ပြန်လည်ကုစားရေးလုပ်ငန်းစဉ်၏ ပထမခြေလှမ်းဖြစ် သည်။

❖ ***ဒေသခံအရင်းအမြစ်များကို အသုံးပြုရေး။*** အချို့သောဒေသခံ လူမှုအသိုင်းအဝန်းနှင့် ပုဂ္ဂိုလ်များသည် ရန်ဖက်ဖြစ်မှုများဒဏ်ကို ပိုမို ခံနိုင်ရည်ရှိတတ်သည်။ ယင်းအခြေအနေများတွင် ပြန်လည်ကုစားရေးပုံစံများသည် ဒေသခံများဦးဆောင်သောပုံစံများမှ တဆင့် စတင်သင့်သည်။ တချိန်တည်းမှာပင် ဒေသအတွင်း တည်ရှိထားပြီးသော လုပ်ငန်းစဉ်ပုံစံများကို အခြေခံ၍ လိုအပ်သလို ပြန်လည်မွမ်းမံဆောင်ရွက်သင့်သည်။ တဖက်တွင်လည်း ဒေသခံလုပ်နည်းလုပ်ဟန်များ တခုတည်းအပေါ် လုံးဝဥဿုံအားကိုး၍ မရချေ။ အကြမ်းဖက်မှု ကာလများအတွင်း ဒေသအခြေခံ ကုသရေး အဆောက်အအုံများ လုံးဝပျက်ဆီးသွားတတ်၍ ဖြစ်သည်။

❖ ***ကျယ်ပြန့်သောပြန်လည်တည်ဆောက်ရေး လုပ်ငန်းစဉ်များနှင့် ပြန်လည်ကုစားရေးကို ဆက်စပ်ရေး။*** အမှန်တရား၊ အသိအမှတ်ပြုမှုနှင့် တရားမျှတရေးလုပ်ငန်းစဉ်များသည် ပြန်လည်ကုစားရေး လုပ်ငန်းစဉ်များနှင့် တပြိုင်နက်တည်း ဆက်စပ်နေသည်။ တဦးချင်းကုစားရေးလုပ်ငန်းစဉ်များအကောင်အထည်ဖေါ် လုပ်ဆောင်နေသူများသည်လည်း

ကျယ်ပြန့်သောလုပ်ငန်းစဉ်များကြီးတခုလုံးကို သတိပြုနေသင့်သည်။ ပဋိပက္ခလွန်ကာလ၌ ပြန်လည်ကုစားရေးလုပ်ငန်းစဉ်များသည် လူမှုစီးပွားရေး နှင့် ယဉ်ကျေးမှုဆိုင်ရာ ပြန်လည်တည်ဆောက်ရေး၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ပြန်လည်ကုစားရေးသည် မတရားကျူးလွန်ခံရသူများ၏ ဂုဏ်သိက္ခာ နှင့် မိမိကိုယ်ကိုအသိအမှတ်ပြုရေး ပြန်လည်တည်ဆောက်နိုင်မည့် လူမှုနိုင်ငံရေးနောက်ခံအခြေအနေများ ပေါ်ထွန်းရေးကို ရှေးရှုရပေမည်။

## ***ပြန်လည်ကုစားရေးမဟာဗျူဟာများ***

မဟာဗျူဟာအားလုံးသည် ဒေသခံ အခြေအနေအပေါ် အခြေပြုရမည်ဖြစ်ပြီး အမျိုးမျိုးသော မဟာဗျူဟာများကို ဆက်စပ် ဆောင်ရွက်သွားသင့်သည်။

**❖စိတ်ပိုင်းဆိုင်ရာအစီအစဉ်များ။ ။** ဤအချက်သည် လူမှုရေးနှင့် ယဉ်ကျေးမှုအခြေအနေများကို ပြန်လည်မြှင့်တင်တည်ဆောက်ပေးသည်။ အသေးစိတ်နည်းလမ်း များမှာ အနုပညာနှင့် ဇာတ်လမ်းပြောဆိုမှုများ၊ မိမိကိုယ်ကိုကူညီရေးအုပ်စုများ၊ ရင်ဖွင့်ဖေါ်ထုတ်မေ့ဖျောက်ရေး လုပ်ငန်းများ၊ ပြန်လည်သင်တန်းပေးရေး၊ ပညာရေးနှင့်အသက်မွေးဝမ်းကျောင်းပြုမှုအတတ်များသင်ကြားပေးရေး၊ ပြန်လည်နေရာ ချထားရေးနှင့် မိသားစုများ ပြန်လည်ဆုံစည်းရေး၊ အကြံအဉာဏ်ပေးရေး နှင့် ထောက်ပံ့ရေးအုပ်စုများ၊ အပြန်အလှန် ဆက်သွယ်အတွေ့အကြုံဖလှယ်နိုင်မည့် လုံခြုံစိတ်ချရသော ဝန်းကျင် တရပ်တည်ဆောက်ရေးတို့ပါဝင်သည်။ အုပ်စုတခု (သို့) လူမှုဝန်းကျင်တခုတည်းမှ ဤ အစီအစဉ်များကို ညှိခံဆောင်ရွက်နိုင်သော်လည်း အကြမ်းဖက်မှု နှင့် လက်နက်ကိုင်တိုက်ခိုက်မှုများအတွင်း ဘက်နှစ်ဘက်မှ ပါဝင်ခဲ့သူများ အတူတကွ တွေ့ဆုံပါဝင်နိုင်မည့် အစီအစဉ်များ ဆောင်ရွက်ရေးသည် ရေရှည်လက်နက်ကိုင်ပဋိပက္ခပြန်လည်ဖြစ်ပေါ်နိုင်ချေများကို တားဆီးရာ၌ အမြော်အမြင် ရှိသောလုပ်ငန်းများဖြစ်သည်။ အဆင့်အမျိုးမျိုးတွင် အသုံးတည့်မည့် မဟာဗျူဟာအားလုံးတိုင်းသည် အခြေအနေအားလုံးနှင့် သင့်တော်သည်မဟုတ်ပေ။ သို့သော် ဘက်ပေါင်းစုံမှ ချဉ်းကပ်ခြင်းသည် စိတ်ရောကိုယ်ပါခံစားရမှုများကို ကုစားရာ၌ အလွန်ထိရောက် လှသည်။ စိတ်ပိုင်းဆိုင်ရာ အစီအစဉ်များ ကုစားရေးအတွက် လမ်းညွှန်ချက်စာအုပ်များထွက်ရှိပြီးဖြစ်သည်။ ဥပမာ နယ်သာ–လန်စောင့်ရှောက်ရေးနှင့်ကူညီရေး အင်စတီကျူ (Nethlands Institute For Care and Welfare) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ ၂၀၀၀ခုနှစ် ပူးပေါင်းဆောင်ရွက်ရေး ကြေငြာချက် (Declaration of Cooerration)၊ ဒုက္ခသည်များ၊ အိုးအိမ်စွန့်ပြစ်ခဲ့ရသူများနှင့် အကြမ်းဖက်မှု ပဋိပက္ခများကြောင့် အဖက်ဖက်မှ ဒုက္ခရောက်ခဲ့ရသူများ၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးလိုအပ်ချက် လမ်းညွှန်။

**❖ အကြံဉာဏ်ပေးရေး** (Counselling)။ ။စိတ်ပိုင်းဆိုင်ရာကုသပေးရေး၊ အုပ်စုလိုက် စိတ်ပိုင်းဆိုင်ရာ ကုသပေးရေး၊ မိသားစုဆိုင်ရာ ကုသပေးရေး၊ အကြံဉာဏ်နှင့်ဖြေသိမ့်ပေးရေး လူမှုအသိုင်းအဝိုင်းမှ ထောက်ပံ့ကူညီပေးရေး စသည့်လုပ်ငန်းစဉ်များကို ဖေါ်ဆောင်ရာ၌ အထူးကျွမ်းကျင်သူများ ဖြစ်ရန်မလိုအပ်ပေ။ အသက်ရှင်ကျန်ရစ်သူများ ပါဝင်သည့် မျှဝေခံစားရေးတွေ့ဆုံရေး (အထူးကျွမ်းကျင်သော ပညာရှင်များပါရေးမပါရေးသည်အရေးမကြီးပေ) ကို ရင်းနှီးပြီးသား နေရာများတွင် အကောင်အထည် ဖေါ်ဆောင်ရွက်နိုင်သည်။ စိတ်ရောကိုယ်ပါ ခံစားရသည့်ဒဏ်ချက်များကို ဖြေသိမ့်ရန် အကြံဉာဏ် ပေးရေးသည် ထိရောက်လှသည်။ သို့သော်လည်း သင့်တော်သောအခြေအနေအချိန်အခါ၌သာ ဆောင်ရွက်ရန်အရေးကြီးလှသည်။

**❖ စိတ်ပိုင်းဆိုင်ရာအထောက်အကူပြုမှု အတတ်ပညာများကို ဒေသခံများအားသင်ကြားပေးရေး။ ။** စိတ်ရောကိုယ်ပါဒဏ်ဖြစ်နေသူများအား အကြံပေးနည်းသင်တန်းများကို ဒေသခံများအား ကျန်းမာရေးပညာရှင်များ အကူအညီဖြင့် ၏ သင်ကြားပေးခြင်းမှာ မသင့်တော်ပေ။ အဘယ်ကြောင့် ဆိုသော် ကျန်းမာရေးပညာရှင်များ မရှိတော့သည့်အခါ ဆက်လက် မဆောင်ရွက်နိုင်ဘဲ ဖြစ်တတ်သောကြောင့် ဖြစ်သည်။ သို့သော်လည်း ဒေသခံများကို ဒေသဆိုင်ရာနည်လမ်းများ နှင် ပြင်ပနည်းသစ်များ ဆက်စပ်ထားသော ပူးပေါင်းဖေါ်ဆောင်မှုမျိုးကို လေ့ကျင့်ပေးပါက ပိုမိုထိရောက်သော ကုသရေးများ ပေါ်ထွန်းလာသည်။ မိမိအသိဖြင့်မိမိဖာသာ ပါဝင်ပြီး လုပ်ငန်းစဉ်ပြီးမြောက် အကောင်အထည်ဖေါ်ရေးတွင် ဒေသခံများ ကိုယ်တိုင်ပါဝင် ဆုံးဖြတ်မှုများသည် ဤနေရာ၌ မရှိမဖြစ်လိုအပ်သည်။

**❖ကိုယ်ထူကိုယ်ထ ထောက်ပံ့ရေးအုပ်စုများ ပေါ်ပေါက်ရေး။ ။** ယင်းအုပ်စုများ သည် လက်တွေ့ကျသော၊ စိတ်ပိုင်းဆိုင်ရာအားပေးမှုကို ရှေ့ရှုသော အထောက်အကူများ ပေးပါသည်။ ယင်းအုပ်စုများတွင် ပါဝင်သူများသည် တူညီသော အတွေ့အကြုံများ ရှိကြ၍ အပြန်အလှန် ဖေးမမှုများ

ပြုလုပ်နိုင်ပြီး အများနှင့် ဆိုင်သောပြဿနာကို ဖြေရှင်းရာ၌ အများစုပါဝင်မှုသည် အရေးကြီးလှပေသည်။ ယင်းအစုအဖွဲ့များသည် အဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် လုပ်ငန်းများကို အကောင်အထည် ဖော်တတ်ကြသည်။ တိုက်ရိုက်ထောက်ပံ့မှုနှင့် အဆင်ပြေရေးအကူအညီပေးမှု (ဥပမာ အကြံဉာဏ်ပေးခြင်းနှင့်ရှိုင်းပင်းကူညီမှု) များ လုပ်ဆောင်နေစဉ် အတွင်း ပိုမိုကျယ်ပြန့်သော ရည်ရွယ်ချက်များ ကို ဦးတည်သည့် တရား မျှတရေး၊ အသိအမှတ်ပြုရေးနှင့် စာနာရေးရရှိရေးတို့အတွက် တောင်းဆိုမှုများကို အဆင့်တက် လုပ်ဆောင်သွားနိုင်သည်။ ယင်းအစုအဖွဲ့များသည် အတွေ့အကြုံဖလှယ်ရေး၊ ပြဿနာအဖြေရှာရေး၊ အများ ပြည်သူတို့ ပိုမိုခံစားနားလည်လာနိုင်ရေးနှင့် ပြောင်းလဲမှုများ တောင်းဆိုရေးနှင့် သတင်းဖလှယ်ရေး တပ်ဦးများ အဖြစ် ပေါ်ထွက်လာတတ်သည်။

**❖ ပြန်လည်ကုစားရေးအတွက် အမှတ်တရ အမှတ်အသားများ ပေါ်ပေါက်ရေး။** ။အမှတ်တရ တုံ့ပြန်မှုများ၊ နှစ်ပတ်လည်အခန်းအနားများ၊ အမှတ်တယကျောက်တိုင်များအမှတ်အသားများသည် စိတ်ပြေရာပြေကြောင်း ရင်ဖွင့်ချနိုင်ရန် အသုံးကျပေသည်။ ဤအမှတ်တရပြုမှုများသည် ယဉ်ကျေးမှုနှင့် တသီးပုဂ္ဂလသက်ဆိုင်မှုကို ဖေါ် ပြနိုင်စွမ်း ရှိပါက ထိရောက်လှသည်။ အတိတ်ကာလသင်ခန်းစာများ အတွက် လူမှုဝန်းကျင်တခုလုံးကိုအမှတ်ရစေရန်သတိပေးနေသော ကျယ်ပြန့်သည့်အကျိုးအမြတ်များပါရှိသည်။
– အတိတ်ကာလအမှတ်တရဖြစ်နေစေရေးအတွက် အထိမ်းအမှတ်များအဖြစ် အမှတ်တရကျောက်တိုင်များ၊ ပြခန်းများ နှင့်အမှတ်တရပစ္စည်းများပြသခြင်း၊ ငြိမ်းချမ်းရေးပန်းခြံနှင့် ကျဆုံးသွားသူများ၏ အမှတ်တရအုတ်ဂူများတည်ဆောက်ရေးတို့ ပါဝင်သည်။ တရားဝင်ထုတ်ပြန်ကြေငြာချက်များဖြင့် မတရားမှုကိုခံစားရသူများ၏ အတွေးအခေါ်၊ ခံစားခွင့်နှင့်စိတ်ဓါတ်တို့ကို တရားဝင် အသိ အမှတ်ပြုကြေငြာချက်များ၊တရားဝင်နေရာများ သတ်မှတ်ပေးခြင်း၊ လမ်းနှင့်အဆောက်အအုံများကို ၎င်းတို့၏ နာမည်များပေးခြင်းဖြင့်ဖေါ်ဆောင်နိုင်သည်။
– စစ်မှန်သောဝန်ချတောင်းပန်မှုများသည်လည်း အရေးပါသောအခန်းကဏ္ဍမှပါဝင်သည်။
– နှစ်နာကြေးပေးမှုနှင့် လျော်ကျေးပေးမှုများဖြင့်လည်း အစိုးရတို့၏မှားယွင်းစွာကိုင်တွယ်မှုတို့ကို အသိအမှတ်ပြုနိုင်ပြီး လူအများစုမှ ပိုမိုစိတ်ဝင်စားစွာ အသိအမှတ်ပြုလာရေးနှင့် အသက်ရှင်ရေး ကျန်ရစ်သူများမိမိကိုယ်မိမိပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ကုစားရေးဖြင့် အတိတ်ကာလဒဏ်ရာဒဏ်ချက်များကို ကုစားနိုင်သည်။ အသိအမှတ် ပြုသောလျော်ကြေးဆိုင်ရာ လုပ်ငန်းလုပ်ဆောင်ချက် (ဥပမာပြန်လည်မြုပ်နှံသဂြိုလ်ပေးခြင်း) နှင့်ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်လုပ်ဆောင်ပေးမှု (ဥပမာ လျော်ကြေးပေးခြင်း) တို့ကိုလည်းလုပ်ဆောင် နိုင်သည်။
– ဘာသာရေးဆိုင်ရာအခန်းအနားများနှင့် အမှတ်တရအခန်းအနားများသည်လည်း ထိရောက်လှသော ပြန်လည်ကုစား ရေး၌အရေးပါလှသည်။

ပြန်လည်ကုစားရေးလုပ်ငန်းစဉ်တရပ်သည် တခုခုပေးဆပ်ခြင်းမှ ဖြစ်ပေါ်လာသည်မဟုတ်ချေ။ ဥပမာ ပင်စင်၊ ကျောက်တိုင်၊ အထိမ်းအမှတ် တခုခုပေးလိုက်သည်နှင့် ပြေပျောက်သွားသည် မဟုတ်ပေ။ ယင်းပေးဆပ်မှုများကို ပြုလုပ်ရင်း ယင်းအပြုအမူ၏ အကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ အထိမ်းအမှတ်များဖြင့် ကုစားရေးသည် ပိုမိုကျယ်ပြန့်သော အကြောင်းအချက်များနှင့် ဆက်နွယ် နေသည်။ ခံစားနားလည်အသိအမှတ်ပြုမှုများ၊ ဝန်ခံတောင်းပန်မှုများနှင့် လုံလောက်သော လျော်ကြေးပေး ထောက်ပံ့မှုများသည် သေဆုံးသွားသူများ ပြန်လည်အသက်ရှင်လာမည်၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံ စားရသောသူများကို ပြေပျောက်သွားမည် မဆိုလိုပါ။ ကျန်ရစ်သူများ အနေဖြင့်လည်း ဝန်ခံမှုနှင့် လျော်ကြေးပေးမှုများကို အလွယ်တကူ လက်ခံမိပါက သွားလေသူများအတွက် လိပ်ပြာမလုံစရာ ဖြစ်နိုင်သေးသည်။ အကယ်၍ အမှတ်တရ လုပ်ဆောင်ပေးမှုများသည် အမှန်တရားဖေါ်ထုတ်ရေး၊ တရားမျှတရေးနှင့်လူမှုပြောင်းလဲရေးတို့နှင့် ဆက်စပ်မှု မရှိပါက အစိုးရတရပ်၏ မဟာဗျူဟာကျကျလှည့်ဖြား နိုင်ငံရေးကစားမှုတခုဟု သတ်မှတ်ခံရမည် ဖြစ်ပြီး၊ ကျန်ရစ်သူ များအား ငွေဖြင့်ပေးဝယ်လိုက်ခြင်း ဟုလည်း အထင်မှားခံရမည် ဖြစ်သည်။

## ၇ တရားမျှတရေး
## Justice

### *ပြုသမျှခံအပြစ်ပေးမှု တရားမျှတရေး*

**ပြုသမျှခံအပြစ်ပေးမှု** (Retribution) **သည် ရင်ကြားစေ့ရေး ဆိုင်ရာ တရားမျှတရေး** (Reconciliationary Justice) **နှင့် လူအများကြေနပ်နှစ်သိမ့်မှု နှစ်ခုစလုံးကို ဖေါ်ဆောင်ပေးနိုင်သည်။ တဖက်တွင် ရင်ကြားစေ့ရေးနှင့် ဒီမိုကရေစီလုပ်ငန်းစဉ်များ ပေါ်ပေါက်ရေးကို လည်းအထွေရာယ်ပေးနိုင်သည်။**

အတိတ်ကာလရာဇဝတ်ပြစ်မှုများအတွက် အပြစ်ပေးမှုနှင့် အသိအမှတ်ပြုရေးတို့သည် "တရားမျှတစွာဖြစ်ရမည်" justice be done ဟူသော အချက်အပေါ် အခြေခံနေတတ်သည်။ သို့သော်လည်း တရားမျှတရေးကို အမျိုးမျိုး အဓိပ္ပာယ်ဖော်နိုင် ပေသည်။ တရားဆွဲဆိုမှုအပေါ် မူတည်ပြီး ပြုသမျှခံရမည် ဟူသော ထိုက်တန်သည့် အပြစ်ပေးမှုကို ဖြစ်ပေါ်စေနိုင်သည်။ စေ့စပ်ဖြန်ဖြေရေး အပေါ် မူတည်၍လည်း ပြန်လည်တည်ဆောက်ရေးကိုလည်း ဖြစ်နိုင်ပေသည်။ အမှန်တရားကော်မရှင်သည်သမိုင်းကြောင်းဆိုင်ရာ တရားမျှတရေးမှု ကို ထုတ်လုပ်ပေးနိုင်သည်။ ထိုက်တန်သော အပြစ်ပေးမှုပေါ်လစီများသည် လျော်ကြေးပေးမှုဆိုင်ရာ တရားမျှတရေး (Compensatory Justice) ကို ရည်ရွယ်သည်။

များသောအားဖြင့် ပြုသမျှခံသင့်သည် ဟူသည့် ထိုက်တန်သော အပြစ်ပေးမှုဖက်သို့ ဦးတည်သည့်အရေးယူမှုများကို လူအများက ဖြစ်စေချင်သည်မှာ မတရားပြုမှု ကျူးလွန်သူ များကို အပြစ်ဒဏ်မခံရဘဲ လွတ်မထွက်သွားရန် ရည်ရွယ်ကြခြင်းဖြစ်သည်။ ဆိုလိုသည် မှာ အပြစ်ရှိသူတိုင်း အပြစ်ခံရမည် ဟူ၍ ဖြစ်သည်။ အရေးကြီးသော မှုခြေမှာ လက်ရှိနိုင်ငံရေး ပကတိအခြေအနေ နှင့် တရားမျှတရေးလိုအပ်ချက်ကို ဟန်ချက်ညီညီ ထိန်းညှိထားခြင်း ဖြစ်သည်။ ထိုက်တန်သော အပြစ်ပေးမှုသည် ရင်ကြားစေ့ရေးဆိုင်ရာ တရားမျှတမှုနှင့် လူအများ ကျေနပ်နှစ်သိမ့်မှု နှစ်ခုစလုံးကို ဖြည့်စွမ်းပေးနိုင်သော်လည်း၊ ရင်ကြားစေ့ရေးနှင့်ဒီမိုကရေစီ လုပ်ငန်းစဉ်များ အကောင်အထည် ဖော်ဆောင်ရေးကိုလည်း အန္တရာယ်ပေးနိုင်သည်ကို သတိချပ်ရမည်။ ပဋိပက္ခများလွန်ကာလ မဟာဗျူဟာစီမံချက်တွင် ထိုက်တန်သောအပြစ်ပေးရေးဆိုသည့် ကိစ္စတမျိုးတည်းကို ဇောင်းပေးဆောင်ရွက်၍ မရချေ။ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာပကတိ အခြေအနေမှန်များကြောင့် ယင်းသို့ ဦးစားပေးရန်မဖြစ်နိုင်ပေ။ ထိုက်ထိုက်တန်တန် အပြစ်ပေးရေး တရားမျှတမှု သည် မတရားပြုမှုကျူးလွန်သူများအား အရေးယူမှု တခုတည်းကိုသာ ဦးတည်ပြီး မတရားပြုခံရသူများ၏လိုအပ်ချက်များနှင့် ခံစားမှုများကို ထည့်စဉ်းစားခြင်းမပြုပေ။ ထို့အပြင် တရားစီရင်မှုများသည် တခါတရံ၌ရန်လိုမှုကိုဦးတည်ပြီး ရင်ကြားစေ့ရေး လုပ်ငန်းစဉ်ကိုနှောင့်နှေးစေသည်။

## ပြုသမျှခံ ထိုက်ထိုက်တန်တန် အပြစ်ပေးရေးဆိုင်ရာ တရားမျှတမှု၏ အကျိုးအမြတ်များ

❖ကိုယ့်တရားကိုယ်စီရင်မည့် ပုဂ္ဂလလက်စားချေမှု အန္တရာယ်များကိုလျော့ချနိုင်သည်။ (ရပ်ကွက်လုံခြုံရေး အသင်းများမိမိ ဘာသာ တည်ထောင်ခြင်းနှင့်အကျဉ်းရုံးစီရင်မှုများစသည်ဖြင့်)

❖ မတရားမှုကျူးလွန်သူများ အာဏာပြန်လည် ရရှိရေးကိုကာကွယ်ပြီး အတိတ်အဖြစ်ဆိုးများ ထပ်မံဖြစ်ပွားခြင်းမရှိအောင် ကာကွယ်နိုင်သဖြင့် ပြည်သူလူထု၏ ပိုမိုကိုးစားယုံကြည်မှုကို ရရှိနိုင်သည်။

❖မတရားမှုကျူးလွန်ခံရသူများ၏ဆန္ဒကို နှစ်သိမ့်ကျေနပ်စေပြီး ပြန်လည်ကုစားရေး လုပ်ငန်းစဉ်များ၌ မည်သူမှန်သည် ၊ မှားသည်ဆိုသည်ကို တိတိကျကျ အသိအမှတ်ပြုခံရခြင်းဖြင့် ၎င်းတို့၏ နာကျင်မှုများနှင့် မိမိကိုယ်ကိုယုံကြည်မှု တည်ဆောက်ရေးကို ပိုမိုအထောက်အကူပြုသည်။

❖လူပုဂ္ဂိုလ်တဦးချင်း၏အပြစ်ရှိမှုကို ဖေါ်ထုတ်သည်။ တရားရုံးများသည် တဦးချင်းအပြစ်ကိုသာ ဖေါ်ထုတ်အရေးယူသဖြင့် လူမှုအသိုင်းအဝိုင်း တခုလုံးမှ တာဝန်ရှိသည်ဆိုသည့်အမြင်ကို ချေဖျက်ပေးသည်။

❖တရားဝင်ဖြစ်မှုနှင့် ဒီမိုကရေစီလုပ်ငန်းစဉ်များ ဖေါ်ဆောင်ရေးကို ပိုမိုခိုင်မာလာစေသည်။ အကျင့်သိက္ခာဆိုင်ရာ တည်ကြည်မှုနှင့် နိုင်ငံရေး ဆန်းသစ်ဖြစ်ပေါ်မှု ကိုအားပေးသည်။ ဒီမိုကရေစီ အနှစ်သာရများကို ပြည်သူလူထုယုံကြည်မှုကြောင့် ပိုမိုခိုင်မာစေပြီး အစိုးရသစ်၏ လုပ်နိုင်စွမ်းကို လူထုမှ ပိုမိုယုံကြည်သက်ဝင်စေနိုင်သည်။

❖ အပြစ်ဒဏ်မှကင်းလွတ်ကာ ထပ်မံတလဲလဲ ပြစ်မှုကျူးလွန်မှုကို ဖြစ်စေနိုင်သည့်သံသရာ (cycle of impunity) အား ချေဖျက်ပစ်ပြီး အနာဂတ်ကာလ လူ့အခွင့်အရေး ချိုးဖောက်မှုများ ထပ်မံမဖြစ်ပွားရန် ကာကွယ်ပေးသည်။

## ပြုသမျှခံ ထိုက်ထိုက်တန်တန် အပြစ်ပေးရေးဆိုင်ရာ တရားမျှတမှု၏ ဆိုးကျိုးအန္တရာယ်များ

❖ *ဦးစားပေးလုပ်ငန်းများ (Priorities)*။ ပဋိပက္ခလွန်နိုင်ငံရေးအခြေအနေများသည် နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းဆိုင်ရာ လိုအပ်ချက်များဖြင့် ရှုတ်ထွေး နေတတ်ပြီး တရားမျှတရေးအတွက် ဦးတည် ဆောင်ရွက်မည့် စီရင်မှုများထက် အခြား ဦးစားပေး လုပ်ငန်းများဖြင့် ပြည့်နေတတ်သည်။

❖ *အခြေမခိုင်သော ငြိမ်းချမ်းရေး သဘောတူညီမှုများကို ပျက်စီးစေခြင်း။* တရားရင်ဆိုင်ရတော့မည်ကို စိုးရိမ်သော စစ်အုပ်စုခေါင်းဆောင်ဟောင်းများက အာဏာပြန်လည်သိမ်းယူရန် နှင့် ပုန်ကန်ထကြွရန် ကြိုးစားမှုများ ဖြစ်ပေါ်တတ်သည်။

❖*ရန်လိုသော ယဉ်ကျေးမှု အုပ်စုငယ်များ Subcultures နှင့်ကွန်ယက်များကို အားပေးစေခြင်း*။ ရာဇဝတ်ဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များသည်

(ယင်းကိုမကျေနပ်သည့်)ယဉ်ကျေးမှု အုပ်စုငယ်များနှင့် ကွန်ယက်များကို ပေါ်ပေါက်စေပြီး ဒီမိုကရေစီအခြေတည်ခိုင်မာရေးကို ချိမ်းခြောက်တတ်သည်။
❖ *အုပ်ချုပ်ရေးကို ဒုက္ခပေးခြင်း။* အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးတည်ငြိမ်မှုမရှိခြင်းနှင့် တတ်ကျွမ်းသူလုပ်သား များမရှိခြင်းကြောင့် နိုင်ငံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မစွန်းမသန်ဖြစ်စေတတ်သည်။

## ပြုသမျှခံ ထိုက်ထိုက်တန်တန် အပြစ်ပေးရေးဆိုင်ရာ တရားမျှတမှု၏ ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများ

❖ *လိုအပ်သော သက်သေခံ အထောက်အထားများ ပျက်စီးပျောက်ကွယ်နေမှုများ။* သက်သေမပြနိုင်ခြင်းကြောင့် လူသိများသော မတရားပြစ်မှုကျူးလွန်သူများကိုပင် တရားသေလွှတ်ပြစ်ရတတ်ပြီး မတရားပြုခံရသူများက စနစ်တခုလုံးအပေါ်ယုံကြည်မှုကို ထိခိုက် ပျက်စီးစေတတ်သည်။
❖ *မှုခင်းဆိုင်ရာတရားရေးစနစ်များ ခိုင်မာမှုမရှိ သေးခြင်း။* တရားရေးဌာနများသည်ပင် တရားမျှတမှုမရှိခြင်း၏ ဇစ်မြစ်များ ဖြစ်နေတတ်ပြီး တရားရေးအခြေခံအဆောက်အအုံများလည်း ဆိုးဝါးစွာယိုယွင်းနေတတ်သည်။ ထိရောက်မှုမရှိသော တရားရေးစနစ်သည် အရာရာကို ပိုမိုဆိုးဝါးစေသည်။
❖ *ရာဇဝတ်ဆိုင်ရာတရားဆွဲဆိုမှုများသည် ရင်ကြားစေ့ရေးကို အဟန့်အတားဖြစ်စေခြင်း။* တခါတရံ၌ ခေါင်းဆောင်များသည် မတရားမှုကျူးလွန်သူများကို တရားရုံးသို့ဆင့်ခေါ်တရားဆွဲဆိုခြင်း မပြုကြပေ။ အဘယ်ကြောင့်ဆိုသော်ရင်ကြားစေ့ရေး စေ့စပ်မှုများအားထိခိုက်မည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။ ဤနေရာ၌ စဉ်းစားချက်များစွာပါနိုင်သည်။ ပထမအနေဖြင့်အရင်းအမြစ်များမရှိသောကြောင့် သို့မဟုတ် တည်ဆဲလူမှုဝန်းကျင်ဆိုင်ရာ ပကတိအခြေအနေများကြောင့် စနစ်သစ်သည် ထိရောက်သော တရားရေး ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည့် အခြေအနေ၌ မရှိသေးချေ။ ဒုတိယအနေဖြင့် ထိုက်ထိုက်တန်တန်အပြစ်ပေးမှုဆိုင်ရာ တရားမျှတရေးသည် အကြမ်းဖက်ပဋိပက္ခလွန်ကာလများ၌ တ ရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးဆိုင်ရာ အခြေခံသဘောတရားကိုချိုးဖောက်ရာကျနေတတ်သည်။ နိုင်ငံရေး အုပ်စုဝင်ဟောင်းနှင့် လူပုဂ္ဂိုလ်များအပေါ် လက်စားချေလိုသည့် အောင်နိုင်သူတို့၏ တရားမျှတရေး (Victors' Justice) သာဖြစ်သည်ဟု အထင်လွဲမှားခံရတတ်သည်။ တတိယအနေဖြင့် ပဋိပက္ခလွန်တရားရေးစနစ်တွင် ကြီးမားသော ရာဇဝတ်ပြစ်မှုကြီးများကို ကိုင်တွယ်နိုင်သည့် အရင်းအမြစ်များမရှိဘဲ မတရားမှု ကျူးလွန်သူ အနည်းငယ်ကိုသာ အပြစ်ပေးတရားဆွဲဆိုနိုင်သဖြင့် ယင်းတရားစီရင်မှုသည် ပုဂ္ဂိုလ်စွဲ ဖြစ်သွားပေသည်။
❖ *တရားရုံးများသည် တစ်သီးပုဂ္ဂလအပြစ်ရှိမှုကိုသာ ဖေါ်ထုတ်နိုင်ခြင်း။* အကြမ်းဖက်မှုနှင့် ခြိမ်းချောက်မှုများကို ဖြစ်စေသော လွန်စွာမှကျယ်ပြန့်သည့် အကြောင်းရင်းများနှင့် ပြုမှုမှုများကို မဖြေရှင်းပေးနိုင်ချေ။ ထို့အပြင်တရားရုံးများသည် ရာဇဝတ်မှုဆိုင်ရာ အပြစ်ရှိမှုနှင့်သာ သက်ဆိုင်ပြီး နိုင်ငံရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာ တာဝန်ရှိမှုတို့ကို မဖော်ထုပ်ပေးပါ။

## ***နိုင်ငံတကာအထူးခုံရုံးများ***

---

**ကြီးကျယ်သော လူ့အခွင့်အရေးချိုးဖောက်သူများအပေါ် တရားဆွဲဆိုရန် တာဝန်ရှိသည်ကို နိုင်ငံတကာ သဘောတူညီမှုများ ရလာပြီး အကယ်၍ လိုအပ်ပါက ရာဇာဝတ်ပြစ်မှုကျူးလွန်သောနိုင်ငံပြင်ပ၌ ခုံရုံးတင်တရား စွဲဆိုနိုင်ရန် သဘောတူလာသည်။**

ကမ္ဘာလုံးဆိုင်ရာတရားရေးမှုအရ ကြီးကျယ်သော လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် တရားစွဲဆိုရန် တာဝန်ရှိသည်ကို လက်ခံလာပြီး အကယ်၍ လိုအပ်ပါက ရာဇဝတ်ပြစ်မှုကျူးလွန်သော နိုင်ငံပြင်ပရှိ တရားရုံး၌ ခုံရုံးတင်တရားစွဲနိုင်ရန် လိုအပ်ပေသည်။ နိုင်ငံတာတရားရေးဆိုင်ရာများသည် အောက်ပါအတိုင်း ပုံစံများစွာ ရှိနိုင်ပါသည်။

**ယာယီအထူးခုံးရုံး**။ ။ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ နိုင်ငံတကာရာဇဝတ်ပြစ်မှု အထူးတရားရုံးနှစ်ခုကိုဖွဲ့စည်းခဲ့သည်။ ယူဂိုဆလားဗီးယား နိုင်ငံဟောင်းအတွက် နိုင်ငံတကာ ရာဇဝတ်ပြစ်မှုဆိုင်ရာ အထူးခုံရုံးကို ၁၉၉၃ ခုဥ္စဖွဲ့စည်းခဲ့သည်။ ရဝန်ဒါနိုင်ငံဆိုင်ရာ နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ အထူးခုံးရုံးကို ၁၉၉၄ ခုဥ္စတည်ထောင်ခဲ့သည်။

နိုင်ငံတကာတရားရေးဆိုင်ရာကဏ္ဍ၌အခြားထူးခြားသောဖွဲ့စည်းမှုမှာ **နိုင်ငံတကာနှင့် အိမ်ရှင်နိုင်ငံတို့ ပေါင်းစပ်ထားသော ရာဇဝတ်ဆိုင်ရာတရားရုံး**ကို (Hybird National International Criminal Court) ဆီးရီယားလီယွန် နိုင်ငံ၌ တည်ထောင်နိုင်ခဲ့ပြီး အထူးခုံရုံးသည်နိုင်ငံတကာနှင့် ဆီးရီယားလီယွန်နိုင်ငံဥပဒေနှင့် တရားသူကြီးများ နှစ်ဘက်ပါဝင်သည့်ထူးခြားသောအထူးခုံရုံးဖြစ်သည်။

**အမြဲတန်း တည်ရှိမည့် နိုင်ငံတကာရာဇဝတ်ပြစ်မှုဆိုင်ရာတရားရုံး** (International Crimimal Court)

တည်ထောင်ခြင်းသည်ယခင်ကယာယီ တည်ထောင်ခဲ့သော နူရင်ဘပ်ခုံရုံး၊ တိုကျိုစစ်ရာဇဝတ်ခုံရုံး၊ (ICTY) နှင့် (ICTR) တို့အား ထိရောက်စွာ အစားထိုးနိုင်မည် ဖြစ်သည်။

နိုင်ငံတကာအထူးခုံရုံးများ (သို့) နိုင်ငံလုံးဆိုင်ရာ တရားရုံးများသည် နိုင်ငံတကာစံနှုန်းများ နှင့် ဥပဒေများကို အခြေခံသည်ဖြစ်၍ ဒေသန္တရတရားရုံးများကို အထောက်အကူပြုနိုင်သည်။ တခါတရံ ယင်းအောက်ခြေတရားရုံးများထက် ပိုမိုသင့်တော်သည့်သဘောရှိသည်။ ဤတရားရုံးများသည် အနိမ့်ဆုံးအားဖြင့် ခြိမ်းခြောက်မှုများ၊ ရုပ်ဝတ္ထုချို့တဲ့မှုများ၊ လုပ်ထုံးလုပ်နည်း အားနည်းမှုများနှင့် ကျွမ်းကျင်သူချို့တဲ့မှုများ စသည့် အပြစ်များကင်းသည့် အပြင်၊ အောင်နိုင်သူတို့၏ တရားမျှတရေး ဟူသည့် စွတ်စွဲချက်ကိုရှောင်လွဲနိုင်ကြသည်။ သို့သော် လက်တွေ့ဆိုင်ရာလုပ်ငန်းများအကောင်အထည်ဖေါ်မှုပိုင်း၌ အထူးသဖြင့် (ICTY)နှင့်(ICTR) အတွေ့အကြုံ များအရ လစ်ဟာချက်များရှိသေးကြောင်း တွေ့ရသည်။

**ဥပဒေကို ပြဋ္ဌာန်းအကောင်အထည်ဖော်ရာ၌ အားနည်းမှုများရှိခြင်း**သည်လူထုယုံကြည်မှုကို အားနည်းစေသည်။ ဥပမာ အထူးတရားရုံးမှ ဖမ်းဆီးရန် ဝရမ်းပြေး အမိန့်များ ထုတ်ပြန်နိုင်သော်လည်း ရဲဌာနတခုကဲ့သို့အမှန်တကယ်ဖမ်းဆီးခြင်း မပြုနိုင်ပေ။

အထူးတရားရုံးများသည် ရန်ဖက်ပဋိပက္ခများ ပြီးဆုံးပြီးမှသာ လုပ်ငန်းစနိုင်ကြပြီး၊ **ဖြစ်ဆဲပဋိပက္ခများ အပေါ်လည်း တားဆီးရပ်စဲနိုင် စွမ်း မရှိပေ။**

**တရားစွဲဆိုနိုင်မှု လုပ်ပိုင်ခွင့်ဘောင်မှာ ပဋိပက္ခ၏ ကျယ်ပြန့်မှုအတိုင်းအတာသည် မည်မျှပြည်တွင်း နယ်နမိတ်ဘောင် ပြဿနာ(သို့)နိုင်ငံတကာပြဿနာ ဖြစ်သည်ဆိုသည့် အပေါ်မူတည်သည်။** ဂျနီဗာ ညီလာခံသဘောတူညီမှု အရ အကယ်၍ ပဋိပက္ခများသည် ပြည်တွင်းရေး ပြဿနာများဖြစ်ပါက၊ လူအများ အစုလိုက်အပြုံ လိုက်အမျိုးတုန်းသတ်ဖြတ်မှု (Genocide) နှင့် လူသားရင်းမြစ်လုံးဆိုင်ရာ ရာဇဝတ်ပြစ်မှု (Crime Against Humanity)တို့ကိုသာ အရေးယူနိုင်သည်။ ဂျနီဗာညီလာခံသဘောတူညီမှု၌ ပြဋ္ဌာန်းထားသော လူ့သားချင်းစာနာထောက်ထားရေးဥပဒေ (humanitarian law) ကိုချိုးဖောက်မှုများနှင့် အခြား စစ်ရာဇဝတ်မှုများ ကိုမူ အရေးမယူနိုင်ချေ။ [နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC) ၌မူ ယင်းကန့်သတ်ချက် မျိုး မရှိပေ]

**ပြုသမျှခံထိုက်ထိုက်တန်တန် အပြစ်ပေးမှုသည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်မည့် နိုင်ငံတကာစံ ဖြစ်သည်ဟု ယူဆခြင်းသည် အန္တရယ်များလှသည်။** နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့များ အနေဖြင့်ထိုက်တန်သောအပြစ်ပေးမှုတခုတည်းကိုသာ နိုင်ငံတကာ တရားမျှတရေးစံ တခုအဖြစ် သတ်မှတ်အကောင်အထည်ဖေါ်ချင်သည့် ဆန္ဒရှိတတ်သည်။ တချိန်တည်းမှာပင် ယင်းတို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စာအုပ်ကြီးအတိုင်းမဟုတ်သော၊ အလွတ်သဘောလည်းဖြစ်သည့်၊ စေ့စပ်ဖြန်ဖြေရေးကို ဦးတည်မည့် လုပ်ဆောင်ချက်များ ပေါ်ထွန်းရေးကိုလည်း အားပေးလျက် ရှိရာ ယင်းနှစ်ခုသည် ဒွိဟဖြစ်နေတတ်သည်။

**ယာယီအထူးခုံရုံးများသည်ငွေကြေးအကုန်အကျများလှသည်။ အခြေခံလူထုနှင့် အလှမ်းကွာလှပြီး အချိန်များစွာ ပေးရတတ်သည်။** နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ တရားရုံး (ICC) နှင့် နိုင်ငံတကာနှင့် နိုင်ငံလုံးဆိုင်ရာပူးပေါင်းထားသောတရားရုံး များသည် အထက်ပါပြဿနာများကို ကျော်လွှားနိုင်စွမ်း ရှိသည်။

## ထိုက်တန်သော အပြစ်ပေးမှုဆိုင်ရာ တရားမျှတရေးကို အစားထိုးနိုင်မည့် အခြားနည်းလမ်းများ

ပဋိပက္ခလွန်ကာလ၌ ထိုက်တန်သောအပြစ်ပေးမှုဆိုင်ရာ တရားမျှတရေး လုပ်ထုံးလုပ်နည်းတခုခု ကို ကျင့်သုံးစမြဲ ဖြစ်သည်။ ယင်းဥပဒေများကို လုံးဝ ဥပက္ခာပြုပြစ်ခြင်းသည် အလွန်ရှားပါးလှသည်။ အကယ်၍ ထိုက်တန်သောအပြစ်ပေးမှုဆိုင်ရာ တရားမျှတရေးစနစ်သည် အပြောင်းအလဲကာလ၌ အလွန်အန္တရာယ်များပြီး လက်တွေ့ဆောင်ရွက်ရန်လည်းခက်ခဲနေပါက အခြားအစားထိုးနိုင်မည့် နည်းများစွာကို စဉ်းစားသင့်ပေသည်။ ပထမအနေဖြင့် တာဝန်မှအနားယူစေခြင်း (Lustration)၊ ဒုတိယ အနေဖြင့် လွတ်ငြိမ်းချမ်းသာခွင့် (Amnesty)၊ တတိယအနေဖြင့် ပြန်လည်တည်ဆောက်ယူမည့် တရားမျှတမှု (Resrorative Justice) နှင့် စတုတ္ထ အနေဖြင့် အမှန်တရားကော်မရှင် (Truth Commission) နှင့် ပြန်လည်အစားထိုး လျော်ကြေးပေးရေး အစီအစဉ် (Reparation Program) တို့ဖြစ်ပြီး ယင်းအနက် နောက်ဆုံးအစီအစဉ်နှစ်ခုတို့သည် တရားမျှတရေး ပုံစံအတွင်း ကျရောက်သော်လည်း ဥပဒေအရ အပြစ် ပေးခြင်း မရှိပေ။ အမှန်တရားကော်မရှင်နှင့် အစား ထိုးလျော်ကြေး

ပေးရေး အစီအစဉ်တို့ကို အခန်း ၈ နှင့် ၉ တို့၌ အကျယ်တဝင့်ဖော်ပြထားသဖြင့် ပထမအချက် သုံးချက်တို့ကိုသာ ဆက်လက် ရှင်းလင်းသွားမည်။

## တာဝန်မှ အနားယူစေခြင်း (Lustration)

အစိုးရဟောင်းမှတာဝန်ရှိသူများအပေါ်ငင်းတို့၏ အကြမ်းဖက်ဖိနှိပ်မှုများအတွက် လက်ရှိတာဝန်များမှ ရပ်ဆိုင်းအနားယူစေနိုင်သည်။ ဤနေရာ၌ ဥပဒေမမည်သောအပြစ်ပေးမှု မျိုးစုံပါဝင်ပါသည်။ နိုင်ငံရေးအသိုင်းအဝိုင်းမှ ကျဉ်ထုတ်ပြစ်ခြင်း၊ မဲဆန္ဒပေးပိုင်ခွင့်ကိုရုတ်သိမ်းခြင်း၊ရဲ၊ စစ်တပ်နှင့် အစိုးရဝန်ထမ်းအဖြစ်မှထုတ်ပယ်ပြစ်ခြင်းနှင့်အခြားသက်ညှာသော အပြစ်ပေးမှုများ ဥပမာ – စောစီးစွာ တာဝန်မှ အငြိမ်းစားယူစေမှု နှင့် အရေးမပါသောဌာနများသို့ ရွှေ့ပြောင်းတာဝန်ထမ်းစေခြင်းတို့ပါဝင်သည်။

## လွတ်ငြိမ်းချမ်းသာခွင့် (Amnesty)

အပြစ်ဒဏ်ကင်းလွတ်ခွင့်ရ၍ အပြစ်ကို ထပ်တလဲလဲ ကျူးလွန်သည့်သံသရာ (Impurity Circle) ကို လုံးဝ ခြေဖျက်နိုင်ခြင်းမရှိသရွေ့ ရင်ကြားစေ့ရေး၏ အခြေခံလိုအပ်ချက်များကို ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်လိမ့်မည်မဟုတ်ပေ။ အပြစ်ဒဏ်ကွင်းလွတ်ခွင့် Immunity သည် အပြစ်ကိုလစ်လျူရှုခွင့်ပြုခြင်း Impunity တမျိုးလည်း ဖြစ်သည်။ ဤအချက်သည် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများ၏၊ များသောအားဖြင့်၊ နိုင်ငံခေါင်းဆောင်များအား တရားစွဲဆိုခြင်း မပြုနိုင်ရန်အကာအကွယ်ပေးထားခြင်း ဖြစ်သည်။ အချို့အခြေအနေများတွင် သူပုန်ခေါင်းဆောင်များအား ဒေသတွင်း၊ နိုင်ငံတွင်း တရားဥပဒေဘောင်အတွင်း၌ အကာအကွယ်ပေးထားပြီးမှသာ ငြိမ်းချမ်းရေးဖော်ဆောင်ရေး (Peace-making) လုပ်ငန်းစဉ်များကို စတင်နိုင်သည်။ အသုံးများသော အပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးခြင်းသည် လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေကြေငြာချက်များ ဖြစ်သည်။

လွတ်ငြိမ်းချမ်းသာခွင့်သည် ပုံစံမျိုးစုံဖြင့်အကောင်အထည်ဖော်နိုင်သည်။ များသောအားဖြင့် အလွန်အန္တရာယ်များ သောရွေးချယ်မှုဖြစ်ပြီး လူအများ၏ သံသယဖြစ်မှု၊ ယုံထင်ကြောင်ထင်ဖြစ်စေမှုနှင့် ခွဲခြားဆက်ဆံခံရသည်ဟူသောခံစားချက် ကို ဖြစ်စေပြီး ရင်ကြားစေ့ရေးလုပ်ငန်းများအတွက် နှောင့်နှေးစေသည်။ ဤလွတ်ငြိမ်းချမ်းသာခွင့်ပေးမှုသည် လူထုအတွင်း အလွန်အငြင်းပွားရသောကိစ္စဖြစ်ပြီး အထူးသဖြင့်ပဋိပက္ခလွန်ကာလများ၌ဖြစ်ပေါ်တတ်သည်။ တဖက်သပ်(unilateral) လုံးဝဥသုံလွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းမျိုးကိုမူရှောင်ရှားသင့်သည်။ သို့ငြားလည်း အကြမ်းဖက်ပဋိပက္ခများကို အခြားနည်းလမ်းများဖြင့် ရပ်တန့်ထိမ်းသိမ်းနိုင်စွမ်းမရှိပါက မရှိမဖြစ်နောက်ဆုံးကြိုးစားချက်အဖြစ်လွတ်ငြိမ်းချမ်းသာခွင့်ကိုပေးရပေမည်။ ယင်းနောက်ဆုံး ကြိုးပမ်းမှုတွင်ပင် အကန့်အသတ်များ ရှိသင့်သည်။ ယင်းတို့မှာ ဥပမာအားဖြင့်၊ အများစုပါဝင်သော အပြန်အလှန် နှီးနှောဆွေးနွေး၍ လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေကို ပြဌာန်းခြင်း၊ အမှန်တရားကိုရှာဖွေဖော်ထုတ်ခြင်းနှင့် နစ်နာသူများအား ဖြစ်နိုင်သမျှလျော်ကြေးပေးခြင်းနှင့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများကို မိမိတိုင်းပြည်မှ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ ကို စောင့်ထိန်းခြင်းတို့ ဖြစ်သည်။

## ပြန်လည် တည်ဆောက်ယူရမည့် တရားမျှတမှု (Restorative Justice)

*ပြန်လည်တည်ဆောက်ယူရမည့် တရားမျှတမှုသည် မတရားပြုခံရသူများနှင့် ယင်းတို့၏ လူမှုအသိုင်းအဝိုင်းများ အားပါးတရ ပါဝင်မှုဖြင့် (ပျက်စီးသွားသော) ဆက်ဆံရေးများကို ပြန်လည်ထူထောင်တည်ဆောက်မှသာ အောင်မြင်နိုင်သည်။*

မတရားကျူးလွန်မှုများအတွက် လုံးဝပြစ်ဒဏ်ခတ်သည့် အပြစ်ပေးမှုတခုတည်းသာ အသုံးပြုဖြေရှင်းခြင်းအပေါ် မကျေမနပ်ချက်များ ကြီးထွား လာသည်နှင့်အမျှ ယင်း ပြုသမျှခံ ထိုက်တန်သော အပြစ်ပေးမှုပုံစံကို အစားထိုးနိုင်မည့်၊ အထောက်အကူပေးနိုင်မည့် အခြားပုံစံများအား ရှာဖွေလာကြသည်။

တရားမျှတမှု ပြန်လည် တည်ဆောက်ရေးသည် အမှားကျူးလွန်ခဲ့သူများကို ပုံစံတမျိုးဖြင့်ကိုင်တွယ်ဖြေရှင်းသည်။ ယင်းဖြစ်စဉ်၌ မတရားပြစ်မှုကျူးလွန်ခံရသူများ၏ ပြည့်ဝစွာပူးပေါင်းပါဝင်မှုနှင့် ယင်းတို့နှင့် သက်ဆိုင်သောလူမှုဝန်းကျင်၏ လူမှုဆက်ဆံရေးအပေါ်အပြန်အလှန် ဆွေးနွေးမှုများ၊ လွဲမှားစွာ ပြုမူဆောင်ရွက်မှုများ၏ အသေးစိတ်စေ့ဆော်ချက်များအပေါ် ပြန်လည်ပုံဖော် စဉ်းစားခြင်းများ၊ မည်သို့သော ပြစ်ဒဏ်မျိုးသည်ပြုသူအတွက် သင့်တော်မည် ဆိုသည့်အပေါ် ဆွေးနွေးချက်များ စသည်တို့ ပါဝင်သည်။ အဆုံးစွန်သော ရည်မှန်းချက်မှာ မတရား ပြစ်မှုကျူးလွန်ခဲ့ရသူများ နှင့် ခံခဲ့ရသူများအကြားနှင့်၊ ယင်းနှစ်ဦးနှစ်ဘက်စလုံးနှင့် ပတ်သက်သော ပိုမိုကျယ်ပြန့်သည့်အသိုင်း အဝိုင်းတစ်ခုလုံးတို့၏ လူမှုဆက်ဆံရေးကို ပြန်လည်တည်ဆောက်ပေးရေးပင်ဖြစ်သည်။ ဤအစီအစဉ်သည် အပြစ်ရှိသူများကို အပြစ်ပေးရေးဆိုသည်ထက်ကျော်လွန်သော ပိုမိုကျယ်ပြန့်သည့်ဦးတည် ချက်များပါဝင်ပြီး သဘောအားဖြင့် ရင်ကြားစေ့ရေးမူဝါဒ၏ ရည်ရွယ်

ချက်များနှင့် တူညီနေသည်။

အတိတ်ကာလလူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုင်တွယ်ရာ၌ တရားဝင်တည်ရှိပြီးသား ဥပဒေကြောင်းအရ အရေးယူခြင်းမျိုးမဟုတ်ဘဲ ရိုးရာဓလေ့ထုံးစံဖြင့် တရားမျှတမှုဖေါ်ဆောင်ရေး ပုံစံများဖြင့်လည်း အစားထိုးနိုင်သေးပါသည်။ သို့သော်လည်း သံသယဖြစ်မှုများစွာတည်ရှိနေပေဦးမည်။ ရိုးရာဓလေ့ထုံးစံဖြင့် တရားမျှတမှုဖေါ်ဆောင်ရေး အစီအစဉ်များသည် အားနည်းချက်များစွာ ရှိနေသေးပြီး မျှတသော တရားရင်ဆိုင်ရေးကို ငြင်းပယ်ခြင်းများ ဖြစ်ပေါ်တတ်သည်။ အများအားဖြင့် ဤအစီအစဉ်များသည် ပြစ်မှုငယ်လေးများသာဖြစ်သည့်ခိုးဝှက်မှု၊ အိမ်နီးချင်းများအချင်းချင်းပဋိပက္ခဖြစ်မှု စသည့်တို့ကိုသာကိုင်တွယ်နိုင်သည်။ ဤနေရာတွင် မေးရန်ရှိသည်မှာ ဤရိုးရာပုံစံ တရားမျှတရေးအစီအစဉ်သည် ကြီးမားကျယ်ပြန့်သော ဆိုးဝါးသည့် ရာဇဝတ်ပြစ်မှုကြီးများကို ကိုင်တွယ်နိုင်စွမ်း ရှိပါသလော ဆိုသည့်မေးခွန်းပင်ဖြစ်သည်။ ယင်းတို့မှာ ပဋိပက္ခလွန်ကာလ အခြေအနေများတွင် တရားမျှတရေး ပြန်လည်တည်ဆောက်ယူမှု အတွေ့အကြုံအနည်းငယ်နှင့်အခြေအနေအချို့သာဖြစ်သည်။ အထင်ကရဖြစ်ရပ်အနေဖြင့် ရဝန်ဒါနိုင်ငံတွင် ၁၉၉၄ ခုနှစ်လူအများ အစုလိုက်အပြုံလိုက် မျိုးတုန်းသတ်ဖြတ်ခံရပြီး မတရားပြစ်မှုကျူးလွန်သူများကို အရေးယူရာ၌ ရိုးရာဓလေ့ထုံးတမ်းများကို အသုံးပြု၍ တရားမျှတရေးကို ဖော်ဆောင်ခဲ့သောဂါချာချာ (Gacaca) ခုံရုံးဖြစ်သည်။ ပိုမိုများပြားသည့် လူထုပူးပေါင်းပါဝင်မှုကိုအသားပေးခဲ့ပြီး အမျိုးသားပြန်လည်ရင်ကြားစေ့ရေး နှင့် ဖြန်ဖြေစေ့စပ်ရေးလုပ်ငန်းများကို ထည့်သွင်းဆောင်ရွက်နိုင်ခဲ့သည်။ ပြန်လည်တည်ဆောက်ယူရမည့် တရားမျှတရေး အစီအစဉ်၌ ထူးခြားထင်ရှားသော အောက်ဖော်ပြပါ ပုံသဏ္ဌာန်၊ အားနည်းမှုနှင့် အားသန်မှုများ ပါဝင်ပါသည်။

## *ထူးခြားထင်ရှားသောပုံသဏ္ဌာန်များ* (Salient Features)

– ပြဿနာများသည် လူမှုအသိုင်းအဝိုင်း အုပ်စုတခုလုံး နှင့် သက်ဆိုင်သည်ဟုပုံဖော်ယူဆသည်။
– ပြန်လည်ရင်ကြားစေ့ရေးနှင့် လူမှုဝန်းကျင် တစ်ခုလုံး ဟန်ချက်ညီညီ တည်ရှိရေး ပြန်လည်တည်ဆောက်ရေး ကို ရှေ့ရှုသည်။
– ရပ်မိရပ်ဖ ခုံသမာဓိလူကြီးများကို သက်ဆိုင်ရာလူမှုအသိုင်းအဝိုင်းအတွင်းမှ ၎င်းတို့၏ ဂုဏ်သိက္ခာ၊ သမာဓိ၊ မျိုးရိုးပေါ်မူတည်၍ ရွေးချယ်ခန့်ထားသည်။
–ကျယ်ပြန့်သောလူထု ပူးပေါင်းပါဝင်မှု ရှိသည်။
–စေ့စပ်ဖြန်ဖြေ အဖြေရှာရာ၌ ရိုးရာဓလေ့ထုံးစံဥပဒေများကို အသုံးပြုခြင်းသည် နည်းနာများစွာအနက်မှ တခုမျှသာဖြစ်သည်။
– သက်သေများနှင့် လုပ်ငန်းစဉ်များသည် ပြောင်းလွယ်ပြေလွယ် (Flexible) ရှိမှုအပေါ် တည်ဆောက်ထားသည်။
– အထူးလေ့ကျင့်သင်ကြားထားသော ဥပဒေရေးရာကိုယ်စားလှယ်များ၏ အခန်းကဏ္ဍများ မပါဝင်ပေ။
– ပြန်လည်တည်ဆောက်ရေးကို ဦးတည်သော အပြစ်ဒဏ်ပေးမှုအပေါ် အခြေခံထားသည်။
– ဆုံးဖြတ်ချက်များချမှတ်ရာ၌ လူမှုအသိုင်းအဝိုင်း၏ ဖိအားပေးမှုဖြင့် အကောင်အထည် ဖော်ပါသည်။
– ဆုံးဖြတ်ချက်များကို လူ့အသိုင်းအဝိုင်းအတွင်း ပုံမှန် ဆုံးဖြတ်လေ့ရှိသည်။

## *အားသာချက်များ*(Strengths)

– လုပ်ငန်းဆိုင်များကိုအကောင်အထည်ဖော်ရာ၌ ဒေသခံပြည်သူများကို လွယ်ကူစွာပါဝင်နိုင်ပြီး ဒေသခံတို့နားလည်လွယ်သည့် ရိုးရှင်းသော အသုံးအနှုန်းများအသုံးပြုခြင်းနှင့် အချိန်တိုအတွင်း ပြီးစီးအောင် လုပ်နိုင်စွမ်းရှိသည်။
– ပြန်လည်ရင်ကြားစေ့ရေး၊ လျှော်ကြေးပေးရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် ကုသရေးတို့ကို ဦးတည်သည့် တရားမျှတရေးပုံဖော်ဆောင်ရွက်ချက်များသည် နီးကပ်စွာ အတူနေကြသော ရပ်ဆွေရပ်မျိုး အိမ်နီးချင်းအသိုင်းအဝိုင်းများ အရှည်သဖြင့် ငြိမ်းချမ်းစွာအတူ ပူးပေါင်းနေထိုင်ရေးအတွက် အထူးသင့်တော်လှသည်။
–ပဋိပက္ခများပြန်လည်မဖြစ်ပွားရေး နှင့် ရေရှည်အကျိုးစီးပွားအတွက် မတရားပြစ်မှု ကျူးလွန်သူများ၊ ကျူးလွန်ခံရသူများနှင့် ဒေသခံလူမှုအသိုင်းအဝိုင်းအားလုံး၏ အတူတကွဘက်စုံမှ ပါဝင်သဖြင့် ရေရှည်အတွက် အလားအလာကောင်း သည်။
– လူမှုအသိုင်းအဝိုင်းတစ်ခုလုံးကို အသိဉာဏ်သင်ခန်းစာပေးရာ၌ မိမိနားလည်ကျွမ်းဝင်ပြီးသား ပဋိပက္ခများ ဖြစ်ပွားခဲ့ရသည့်ပုံစံ၊ ယင်းကိုမည်သို့ငြိမ်းချမ်းစွာအဖြေရှာရမည့်ပုံစံ၊ ဥပဒေလိုက်နာရေး ပုံစံ တို့ကို အသုံးပြုသဖြင့် လက်တွေ့ကျလှသည်။
– အပြစ်ဒဏ်များချမှတ်ဆောင်ရွက်ရာ၌ ဥပဒေစာအုပ်ကြီးအတိုင်း အပြစ်ပေးမှု မဟုတ်သဖြင့် အကျဉ်းထောင်များ ပြည့်ကျပ်နေမှုကို ရှောင်ရှားနိုင်ပြီး အကျဉ်းထောင်ကုန်ကျစရိတ်များကို အခြားလူမှုရေး၊ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ၌ အသုံးချနိုင်သည်။ ပြစ်မှုကျူးလွန်ခဲ့သူများကလည်း ခံရသူများအပေါ် လျှော်ကြေးပြန်လည်ပေးနိုင်ပြီး အကျဉ်းသားဟောင်းများသည်လည်း ၎င်းတို့၏ မိသားစုများနှင့် ပြန်လည်ဆုံစည်းခွင့်ကိုပေးနိုင်သည်။

*အားနည်းချက်များ* (Weakness)

– စေ့စပ်ဖြန်ဖြေအဖြေရှာမှုများသည် တခါတရံ၌ မညီမျှသော အပေးအယူများ ဖြစ်စေတတ်သည်။ လူ့အသိုင်းအဝိုင်းအတွင်း အရိုးစွဲနေသော အပြုအမူ အမြင်များသည်လည်း လိင်ပိုင်းဆိုင်ရာ ကွဲပြားမှု၊ အသက်အရွယ် နှင့် အခြားအခြေအနေများ မညီမမျှဖြစ်နေမှုကို ပိုမိုကြီးထွားစေပါသည်။

– ဤလုပ်ငန်းစဉ်များကို ဦးဆောင်ဖြေရှင်းသူများ သည် အုပ်စုတစ်ခုဘက်သို့ ဘက်လိုက်တတ်သည်။

– ပြောင်းလွယ်၊ ပြင်လွယ်ရှိသော လုပ်ငန်းစဉ်များ ရှိခြင်းကြောင့် တခါတရံ၌ ယင်းလုပ်ငန်းစဉ်များ၏ ရေရှည်တည်တံ့မည်ဟု အာမခံချက် မရှိပေ။

## အမှန်တရားပြောဆိုခြင်း
## Truth telling

***အမှန်တရားကော်မရှင် (Truth Commission) သည် အတိတ်ကာလနှင့် အဆက်ပြတ်ပြီ ဆိုခြင်းကို တရားဝင် ကြေငြာသကဲ့သို့ရှိပြီး ပိုမိုပွင့်လင်း၍ ငြိမ်းချမ်းတည်ငြိမ်သော ဒီမိုကရေစီအနာဂါတ်ကို ဦးတည်နေကြောင်း ပြသလိုက်ပါသည်။***

အမှန်တရားကော်မရှင်များ၏ လုပ်ငန်းများအနက် အရေးအကြီးဆုံးမှာ လူပုဂ္ဂိုလ်တစ်ဦးချင်း ပြန်လည် ရင်ကြားစေ့ရေးနှင့် နိုင်ငံရေးနှင့်နိုင်ငံလုံးဆိုင်ရာ ရင်ကြားစေ့ရေး ပုံဖော်မှုချင်းမတူသည်ကို နားလည် သဘောပေါက်ခြင်းပင်ဖြစ်သည်။ အမှန်တရား ကော်မရှင်သည် နိုင်ငံရေးနှင့် နိုင်ငံလုံးဆိုင်ရာ ရင်ကြားစေ့ရေးအတွက် ရည်ညွှန်းဖွဲ့စည်းထား သော်လည်း လူပုဂ္ဂိုလ်တဦးချင်းအတွက်လည်း သွယ်ဝိုက်စွာအထောက်အကူပြုသည်။ အမှန်တရား သည် ရင်ကြားစေ့ရေး လုပ်ငန်းစဉ်၌ အချက်တစ်ခု သာ ဖြစ်သော်လည်း မရှိမဖြစ် အရေးပါလှသည်။

### *အမှန်တရားရှာဖွေရေး နည်းပရိယာယ်များ*

မျက်မှောက်ခေတ်အသွင်ကူးပြောင်းရေးကာလ လူမှု ဝန်းကျင်များသည် အမှန်တရားကော်မရှင်များ တည်ထောင်ရေးကို မဖြစ်မနေ ကြံဆလုပ်ကိုင် နေကြသည်။ သို့သော် အမှန်တရားကော်မရှင်များ သည် ဥပဒေရေးဆိုင်ရာ တရားစီရင်မှုမရှိသော (Non-judical) ကော်မရှင်များ ဖြစ်သောကြောင့် ပုံမှန်တရားရုံးများထက် လုပ်ပိုင်ခွင့်အာဏာ နည်းပါး ပေသည်။ သို့ဖြစ်၍ ယင်းတို့ကို ရုံးပြီးသား တရားရုံး များ နေရာတွင် အစားထိုးနိုင်ခြင်းမရှိပေ။ အခြေခံ လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေး ရာ၌ အသုံးပြုနိုင်သော အမှန်တရားကို ဖော်ထုတ် သည့် (truth-seeking) အခြားနည်းလမ်းသုံးခုရှိပြီး၊ မည်သည့်နည်းလမ်းက ပိုမိုကောင်းမွန်သည်ဆိုသည် မှာ သက်ဆိုင်ရာ အခြေအနေများအပေါ် များစွာ မူတည်လှသည်။ အချို့နိုင်ငံများ၌ အစိုးရများသည် သမိုင်းကြောင်းဆိုင်ရာ ကော်မရှင် (Historical Commmission) ကိုထူထောင်ပြီး နှစ်ပေါင်းများစွာ ကြာမြင့်ပြီးခဲ့သည် အတိတ်ကာလ အစိုးရများ၏ ချိုးဖောက်ကျူးလွန်ခဲ့မှုများကို စုံစမ်း ဖော်ထုတ်ခြင်း ဖြစ်သည်။ ဤတည်ထောင်မှုများသည် ပစ္စုပ္ပန် အသွင်ကူးပြောင်းရေးကာလ၏ အစိတ်အပိုင်းတစ်ခု အနေဖြင့်မဟုတ်သည် သကဲ့သို့ မျက်မှောက်ကာလ နိုင်ငံရေးခေါင်းဆောင်များ (သို့) နိုင်ငံရေးစနစ်နှင့် လည်း ပတ်သက်ခြင်းမရှိပေ။

အတိတ်ကာလ လူ့အခွင့်အရေးချိုးဖောက်မှုများ စုံစမ်းရေးအများစုသည် အစိုးရ (သို့) တစိတ်တပိုင်း လုပ်ငန်းမျိုးဖြစ်ပြီး၊ အမှန်တရား ကော်မရှင်များနှင့် လုပ်နည်းလုပ်ဟန်ခြင်းတူသော်လည်း နိုင်ငံရေး သြဇာမလွှတ်ကင်းတတ်ပါ။ ထို့ပြင် လုပ်ပိုင်ခွင့် အကန့်အသတ်သာရှိတတ်သည်။ တခါတရံ၌ ယင်းတို့သည် ပြည့်စုံသောအမှန်တရားကော်မရှင် တရပ်ပေါ်ပေါက်ရေးအတွက် ကနဦးခြေလှမ်းမျိုး လည်း ဖြစ်တတ်သည်။ အတိတ်ကာလ လူ့အခွင့် အရေးချိုးဖောက်မှုများ (များသောအားဖြင့် အစိုးရ ဟောင်းများ ပါဝင်ပတ်သက်သောချိုးဖောက်မှုများ) ကို အစိုးရမဟုတ်သောစီမံချက်များအဖြစ် မှတ်တမ်း တင် စုဆောင်းထားတတ်သည်။ ဤစီမံချက်များကို နိုင်ငံလုံးဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့အစည်းများ ကဆောင်ရွက်လေ့ ရှိပြီး ဘာသာရေးအဖွဲ့အစည်း များ ထောက်ပံ့မှုဖြင့် အကောင်အထည်ဖော်တတ် ကြသည်။ ယင်းစီမံချက်များကလည်း ကောင်းမွန် သော အစီရင်ခံစာများ ထုတ်ပြန်လေ့ ရှိသည်။

## အမှန်တရားကော်မရှင်ဟူသည် အဘယ်နည်း

အမှန်တရားကော်မရှင်များသည် အများအားဖြင့်

– ယာယီဖွဲ့စည်းထားသော ကော်မရှင်ဖြစ်ပြီး သက်တမ်း တစ်နှစ် (သို့) နှစ်နှစ် တည်ရှိသည်။

– အစိုးရမှ တရားဝင်လုပ်ပိုင်ခွင့်များ ပေးထား ခံရတတ်ပြီး အချို့သောအခြေသောအနေများ၌ လက်နက်ကိုင်အတိုက်အခံများနှင့် ငြိမ်းချမ်းရေး သဘောတူညီမှုများနှင့် အညီဖွဲ့စည်းတတ်ကြသည်။

–– ဥပဒေအရ တရားစွဲဆိုခြင်းများ ပါဝင်ခြင်း မရှိသည့် တရားရေးလုပ်ငန်းများကို လွတ်လပ်စွာ တရားဝင်လုပ်ပိုင်ခွင့် ရှိသည်။

– နိုင်ငံရေး အသွင်ကူးပြောင်းမှုကာလ၏ အစမှတ်တိုင် ဖြစ်သည်၊ စစ်မက်ကာလမှ ငြိမ်းချမ်းရေးကာလသို့လည်းကောင်း၊ အာဏာရှင်ကာလမှ ဒီမိုကရေစီကာလသို့လည်းကောင်း အကူးအပြောင်းသမိုင်းမှတ်တိုင်ဖြစ်သည်။

–အတိတ်ကာလမှအကြောင်းအရာများအပေါ် အခြေခံသည်။

–အကြမ်းဖက်မှုများကို စုံစမ်းဖော်ထုတ်ရာ၌ အခြေအနေအဖြစ်အပျက်တစ်ခုတည်းကို မှုတည် စုံစမ်းစစ်ဆေးခြင်းမဟုတ်ဘဲ ကျယ်ပြန့်သောကာလအတွင်းမှ အခြေအနေပေါင်းစုံကို စုံစမ်းပါသည်။

– ကော်မရှင်လုပ်ငန်းစဉ်များကို အသေးစိတ်သုံးသပ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်အကြံပြုတင်ပြချက်များပါသည့် အထူးအစီရင်ခံစာဖြင့်အဆုံးသတ်ပေသည်။

– အခြေခံလူ့အခွင့်အရေးချိုးဖောက်မှုများ အပေါ် အထူးအာရုံပြုသော်လည်း တခါတရံ၌ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာ ချိုးဖောက်မှုများကိုလည်း လက်ခံစဉ်းစားပေးပါသည်။

## ရရှိနိုင်သော အကျိုးကျေးဇူးများ

အမှန်တရားကော်မရှင် များသည် အောက်ပါ လက်တွေ့ အကျိုးစီးပွား များစွာကို ပေးနိုင်ပါသည်။

❖ *အတိတ်ကာလမှ အမှန်တရားများကို ရှာဖွေကူညီဖော်ထုတ်ပေးသည်။* ကော်မရှင်များသည် ဘက်လိုက်မှုမရှိသော တိကျ၍အသေးစိတ်ကျလှပြီး တရားဝင်လှသော မှတ်တမ်းများ ပြုစုဖော်ထုတ်ပေး၍ ပြည်သူလူထုတို့၏ အသိရှိစွာ နားလည်လာရေးနှင့် ဖြစ်ရပ်မှန်များကို တင်ပြနိုင်စွမ်းရှိသည်။

❖ *လူ့အခွင့်အရေးချိုးဖောက်မှုများ၌ ပါဝင်ခဲ့သော ရာဇဝတ်ပြစ်မှု ကျူးလွန်သူများ၏ တာဝန်ယူမှုကို ဖော်ဆောင်ပေးသည်။* ရာဇဝတ်ပြစ်မှုရှိသူများကိုတရားစွဲအရေးယူအပြစ်ပေးရာ၌ လိုအပ်သော တိကျသည့် သက်သေခံအချက်အလက်များကို စုဆောင်းရှာဖွေတင်ပြနိုင်စွမ်းရှိသည်။ စာအုပ်ကြီးအတိုင်းဥပဒေအရ အရေးယူအပြစ်ပေးခြင်းမဟုတ်သည့်တိုင် အခြားသောတာဝန်ယူမှုများဖြစ်သည့် လျော်ကြေးပေးစေမှု လူမှုဝန်ထမ်းအလုပ်များလုပ်ကိုင်ပေးစေမှု၊ တရား မမှုများအတွက်တာဝန်ခံမှုနှင့် မတရား သိမ်းခံခဲ့ရသောတိုက်တာအဆောက်အအုံများ ပြန်လည်ရရှိရေး စသည့် တို့ကို ဆောင်ကြဉ်းပေးနိုင်သည်။

❖*မတရားပြစ်မှု အကျူးလွန်ခံရသူများအား လူထုမှ ဝိုင်းဝန်းဖေးမလာအောင်ပြုလုပ်ပေးနိုင်သည်။* အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များ၌ မတရားပြစ်မှုကျူးလွန်ခံခဲ့ရသူများအား ရှေ့တန်းမှပါဝင်လာစေပြီး ပြန်လည် ကုစားကူညီရေး၊ ၎င်းတို့၏ တသီးပုဂ္ဂလ တရားသော တုန့်ပြန်မှုများအတွက် လမ်းဖွင့်ပေးခြင်း၊ ပြည်သူလူထုတို့အား လူအချို့၏ အဆင်ခြင်မဲ့မှုကြောင့်ဖြစ်ခဲ့ရသောအတိတ်ကာလ ရာဇဝတ်မှုများသည် လူတဦးချင်းစီကို မည်မျှထိခိုက်နိုင်ကြောင်းကိုပါ ပညာပေးအသိပေးနိုင်စွမ်းရှိ သည်။

❖*လူထုဆွေးနွေးပွဲများတွင် ဆွေးနွေးရန် အချက်အလက် သတင်းများ ထောက်ပံ့ပေးသည်။* အသွင်ကူးပြောင်းရေးကာလ၌ မရှိမဖြစ်ပါဝင်သော နိုင်ငံရေး၊ တရားရေးနှင့် ကိုယ်ကျင့်ဆိုင်ရာစာရိတ္တရေးဆိုင်ရာ ဆွေးနွေးပွဲများ၌ ၎င်းတို့၏ ကိုယ်တွေ့ ဖြစ်ရပ်များကိုဆက်စပ်ပေးခြင်းဖြင့် အကျိုးရှိသော ဆွေးနွေးညှိနှိုင်းမှု များဖြစ်ပေါ်လာရေးကို ထောက်ကူသည်။

❖*မတရားပြုခံရသူများ လျော်ကြေးလက်ခံရရှိရေးကို အကြံဉာဏ်ပေးနိုင်သည်။* စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာ ခံစားရမှုများနှင့် စီးပွားရေးဆိုင်ရာ နစ်နာဆုံးရှုံးခဲ့ရမှုများကို ပြန်လည်ကုစားပေးရာ၌ လက်တွေ့ကျသည့် အကြံဉာဏ်များပေးနိုင်သည်။ ယင်းအစီအစဉ်များတွင် အသုံးပြုနိုင်ရန် မျှတ၍ ထိရောက်သော "မတရားပြုခံရသူများ" ဆိုင်ရာ အဓိပ္ပါယ် ဖွင့်ဆိုချက်များ၊ အမျိုးအစားခွဲခြင်းများကိုလည်း ကူညီဖြေရှင်း သွားနိုင်ပါသည်။

❖*တရားရေးဆိုင်ရာ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရေး၌ အထောက်အကူပြုအကြံဉာဏ်များ ပေးနိုင်သည်။* လူ့အခွင့်အရေး ကာကွယ်ရေးဆိုင်ရာအားနည်းချက်များကို တိကျသောသက်သေပြချက်များဖြင့် ပြန်လည်ကာကွယ် နိုင်စွမ်းရှိသော တရားရေးဆိုင်ရာ ပြုပြင်ရေးလိုအပ်ချက်များကို ပေးစွမ်းနိုင်သည်။

❖*ပြန်လည်ရင်ကြားစေ့ရေးကို မြှင့်တင်ပေးနိုင်သည်။* နှစ်ဦးနှစ်ဖက် ခါးသီးခံစားခဲ့ရမှုများကို တင်ပြခြင်းဖြင့် အပြန်အလှန်သည်းခံရေးနှင့် နားလည်မှုပိုမိုရှိရေးကို မြှင့်တင်ပေးနိုင်သည်။ ရန်လိုမှုများကို စေ့စပ်ဖြန်ဖြေပေးရာ၌ လုံခြုံ၍မျက်နှာလိုက်မှုမရှိသော တွေ့ဆုံမှုများကို ဖန်တီးပေးခြင်းဖြင့် ချေဖျက်နိုင်စွမ်းရှိသည်။ ပြစ်မှုကျူးလွန်ခဲ့သူများကိုလူမှုဝန်းကျင်သို့ ပြန်လည်လက်ခံဝင်ဆန့်မှုရှိရန် ဆောင်ရွက်ပေးပါသည်။

❖ *ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ပိုမိုခိုင်မာစေသည်။* အထက်ဖော်ပြပါ အချက်အားလုံးသည်

အတိတ်ကာလဖြစ်ရပ်ဆိုးများ မှ ကျော်လွှားနိုင်ပြီ ဖြစ်ကြောင်း၊ အနာဂတ်ဒီမိုကရေစီနှင့် ငြိမ်းချမ်းသော ပိုမိုလွတ်လပ်ပွင့်လင်းသည့် အသွင်ကူးပြောင်းရေးကို ဦးတည်နေပြီ ဖြစ်ကြောင်း သက်သေပြလိုက်နိုင်ယုံ သာမက ဒီမိုကရေစီကိုဆန့်ကျင်လိုသူ အချို့ကို လည်း အားနည်းသွားစေပါသည်။

## အဘယ့်ကြောင့် အမှန်တရား ကော်မရှင်များကို အမြဲတမ်းအသုံးမပြုသနည်း

❖ *အကြမ်းဖက်မှု (သို့) စစ်ဖြစ်ပွားမှုများ ဆက်လက်ဖြစ်ပွားခြင်း (သို့) အသစ်တဖန် ပြန်လည်ဖြစ်လာနိုင်စွမ်းရှိမှုအပေါ်စိုးရိမ်မှုများ။* ရာဇဝတ်ပြစ်မှုဟောင်းများနှင့် အနာဟောင်းများကို ဖွင့်ချဖော်ထုတ်လိုက်ခြင်းကြောင့် အကြမ်းဖက်မှုများ တိုးတက် ဖြစ်ပေါ်လာနိုင်ခြင်းနှင့် စစ်ဖြစ်ပွားမှုများ အသစ်တဖန်ပြန်လည်ဖြစ်ပေါ်စေနိုင်သည်ဟု အချို့ကသုံးသပ်ကြသည်။

❖ *ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခများ။* လက်နက်ကိုင်ပဋိပက္ခများ အဆက်မပြတ် ဖြစ်နေသော အခြေအနေ၌ ကြားနေအခြေအနေတခု ဖန်တီးရန် မဖြစ်နိုင်ပေ။ အရေးပါသောသတင်းအချက်အလက်များကို ဘက်ပေါင်းစုံမှစုစည်းတင်ပြရာ၌ ပြစ်မှုကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေတို့၏ လုံခြုံရေးကို ထည့်သွင်းစဉ်းစားရသည်။

❖ *နိုင်ငံရေးအရ စိတ်ပါဝင်စားမှုနည်းပါးခြင်း။* အမှန်တရားရှာဖွေရေး၌ နိုင်ငံရေးခေါင်းဆောင်တို့၏ စိတ်ပါဝင်စားမှုအနည်းငယ် (သို့) လုံးဝစိတ်ပါဝင်စားမှု မရှိခြင်းနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ဖိအားပေးဆောင်ရွက်နိုင်ချေ နည်းနေသေးခြင်းတို့ ပါဝင်သည်။

❖ *အခြားအရေးတကြီး ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်နေမှု။* ပဋိပက္ခလွန်ကာလ၌ အပျက်အစီး မြောက်များစွာရှိနေတတ်ပြီး အခြား အရေးကြီးသော အခြေခံမရှိမဖြစ် လိုအပ်ချက်များ ဖြည့်ဆည်းရေးကို အရေးတကြီး ဦးစားပေး အစီအစဉ်များ အဖြစ် လုပ်ဆောင်နေရတတ်သည်။

❖ *စွမ်းအားများ ချို့တဲ့နေသေးခြင်း။* လိုအပ်သော အခြေခံအဆောက်အအုံများနှင့် ရုပ်ဝတ္ထုပစ္စည်း အရင်းအမြစ်များချို့တဲ့နေတတ်သည်။

❖ *အခြားနည်းလမ်းများ ရွေးချယ်နိုင်နေသေးခြင်း။ အခြားနည်းလမ်းများကို ပိုမိုနှစ်သက်ခြင်း။* အတိတ်ကာလ ရာဇဝတ်ပြစ်မှုများကို ဥပက္ခာ ပြုတတ်သည့် ယဉ်ကျေးမှုဓလေ့ရှိနေခြင်းနှင့် အကြမ်းဖက်မှုများကို တုန့်ပြန်ရာ၌ ပိုမို ကောင်းမွန်သော ဒေသဖြစ် အခြား ရွေးချယ်စရာနည်းလမ်းများ ရှိနေပြီးဖြစ်တတ်သည်။

အထက်ဖော်ပြပါအချက်များသည် အဘယ်ကြောင့် အသွင်ကူးပြောင်းသွားသော လူမှုဝန်းကျင်တရပ်က အစိုးရဦးဆောင်လုပ်မည့် အမှန်တရားရှာဖွေရေး လုပ်ငန်းစဉ်ကို လက်မခံကြကြောင်းဖော်ပြနေပြီး အဘယ့်ကြောင့်အစိုးရမဟုတ်သောအဖွဲ့များ၏ အစီအစဉ်အား ပိုမိုအာရုံစိုက်ကြသည်ကို ဖော်ပြနေပေသည်။ အရေးကြီးသောသတိပြုရမည့်အချက်မှာ ပြည်သူလူထုသဘောထား အနည်းငယ် (သို့) လုံးဝ ပါဝင်ခြင်း မရှိသော အစိုးရ၏ အမှန်တရားရှာဖွေဖော်ထုတ်ရေးလုပ်ငန်းစဉ်ကို လွယ်လွယ်နှင့် ကောင်းလှသည်ဟု ကောက်ချက်မချမိစေရန် ဖြစ်သည်။ ထို့အတူ အတိတ်ဖြစ်ရပ်မှန်များကို ဖော်ထုပ်ရန် ဆန္ဒရှိသည့် အဖွဲ့အစည်းတခု၏ ထင်မြင်ချက်ကို မယူဘဲ ချန်မထားမိရန် လုပ်ငန်းစဉ်မျိုးကိုလည်း သတိကြီးစွာ သုံးသပ်ရပေမည်။

## ဖြစ်နိုင်ချေရှိသော အန္တရာယ်များ

❖ *ဦးတည်ချက်သန္ဓေမမှန်ခြင်း* (Improper Motive) အစိုးရတရပ်သည်အမှန်တရားကော်မရှင်တခုအား နိုင်ငံရေးအရအသုံးချလိုမှုနှင့် ခက်ခဲသော လုပ်ငန်းစဉ်တခုကို တာဝန်မယူလိုမှုများကြောင့် ဖော်ထုပ်တတ်သည်။ ကော်မရှင်အားရည်ရွယ်ချက်ရှိစွာ အားနည်းအောင်လုပ်ပစ်ပြီး ထွက်ရှိလာသော အဖြေများကို အလွယ်တကူ ပယ်ချနိုင်ရန် စီစဉ်ထားတတ်သည်။ အစိုးရသည် မတရားမှုကျူးလွန်ခံခဲ့ရသူများ၏ ဝေဖန်တိုက်ခိုက်မှုကို လမ်းလွှဲသွားစေရန် အမှန်တရားကော်မရှင်ကို အသုံးချ တတ်သည်။

❖ *ဘက်လိုက်မှု* (Bias) ကော်မရှင်အဖွဲ့ဝင်များ ကိုယ်တိုင်က ဘက်လိုက်မှုရှိခြင်းကြောင့် အတိတ်မှ အဓိကအကြောင်းရာများနှင့် ပြည့်စုံသော အချက်အလက်များကို မဖော်ထုတ်နိုင်ပဲ ရှိတတ်သည်။

❖ *ဖြစ်နိုင်ခြေအမှန်တရား နှင့် ဝေးကွာသော စိတ်ကူးယဉ် မျှော်မှန်းချက်များ။* ကော်မရှင်သည် လူထုနှင့် အတိတ်ကာလ မတရားကျူးလွန်ခံရသူများအတွက် ဖြစ်နိုင်ခြေမရှိသည့် ကြီးမားသော မျှော်မှန်းချက်များကိုဖြစ်စေသည်။ အလုပ်မဖြစ်ဘဲ လူထုကို စိတ်အနှောင့်အယှက်နှင့် စိတ်ဓါတ်ကျစရာ

ရလဒ်များကိုသာ ဖြစ်ပေါ်စေနိုင်သည်။

ပြည်သူလူထု၏ဖိအား၊ လွတ်လပ်သော သတင်းဌာနများနှင့် တောင့်တင်းခိုင်မာသော လူမှုအသင်းအဖွဲ့များဖြင့် အထက်ဖော်ပြပါအန္တရာယ်များကို တားဆီးနိုင်စွမ်းရှိသည်။ အကယ်၍ ဤအဖွဲ့အစည်းများ ဖွဲ့စည်းပြီးစီးခြင်း မရှိသေးပါကလည်း၊ အမှန်တရား ကော်မရှင်များကို ဖွဲ့စည်းတည်ထောင်သွားသင့်ကြောင်း နှိုးဆော်သူများအနေဖြင့် ဤအန္တရာယ်များအားလုံးကိုကြိုတင်မှန်းဆထားရမည် ဖြစ်သည်။

## နိုင်ငံရေး နောက်ခံအခြေအနေ

အသွင်ကူးပြောင်းရေးအခြေအနေအရပ်ရပ်သည် ကော်မရှင်တခုဖွဲ့စည်းပေါ်ပေါက်ရေးအတွက် များစွာအရေးကြီးသည်။ အောင်မြင်၍အလုပ်ဖြစ်သော ကော်မရှင်တရပ်ပေါ်ပေါက်ရေးအတွက် လူထုပိုင်ဆိုင်မှု (Public Ownership) နှင့် တက်ကြွစွာ ပူးပေါင်း ပါဝင်မှုသည် အရေးကြီးလှသည်။

❖ *အတားအဆီးဖြစ်နေသော အဟန့်အတားများ*

– များစွာသော နိုင်ငံရေးအသွင်ကူးပြောင်းရေးများသည် ခါးသီးသော စေ့စပ်ဆွေးနွေးအဖြေရှာမှု၏ ရလဒ်များဖြစ်ပြီး၊ နိုင်ငံတော်အာဏာကို တရားဝင်လွှဲပြောင်းယူလိုပါက အတိုက်အခံများဘက်မှ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်များကို အလျှော့ပေး လက်ခံရလေ့ရှိသည်။

– ရာဇဝတ်ပြစ်မှုဟောင်းများနှင့် သက်ဆိုင်သော သက်သေခံ စာရွက်စာတမ်းအများစုသည် အစိုးရဟောင်းမှ များစွာဖျက်ဆီးခဲ့ပြီးဖြစ်နေတတ်သည်။

– လူထုမှကြောက်ရွံ့မှုများ ရှိနေတတ်သေးသည်။ ဥပမာ– ကော်မရှင်အနေဖြင့် အမှန်တရား ရှာဖွေရာ၌ တသီးပုဂ္ဂလထွက်ဆိုချက်များကို မှန်မှန်ကန်ကန် မပြောရန် ခြိမ်းခြောက်မှုများ ရှိနေတတ်သည်။

– တရားရေးဌာနအုပ်ချုပ်ရေးပိုင်း၌ လာဘ်စားမှုများနှင့် အခြားအားနည်းချက်များရှိနေတတ်ပြီး စစ်တပ်နှင့်ရဲအဖွဲ့ဝင်တို့၏ ပူးပေါင်း ပါဝင်မှု အနည်းငယ်သာရှိသဖြင့် အလုပ်မဖြစ်ဘဲ ရှိနေတတ်သည်။

– ကော်မရှင်၏ ကြားနာစစ်ဆေးမှုများသည် လက်နက်ကိုင် အင်အားလျော့ချခြင်းကိစ္စများ၊ လက်နက် သိမ်းဆည်းရေးများနှင့် ပြန်လည် လက်ခံနေရာချထားမှုကိစ္စများစသည့် သိမ်မွေ့သော လုပ်ငန်းများ ပြုလုပ်နေစဉ်အတွင်း၊ ယင်းဖြစ်စဉ်တို့ကို ထိပါးနိုင်မည်လော ဟု လူအများက စိုးရိမ်ကြသည်။

❖ *တွန်းပို့ပေးမည့် အထောက်အကူများ*

– အမှန်တရားကော်မရှင်တခု ပေါ်ပေါက်ရေးအတွက် လူထု၏ အားတက်သရော ထောက်ခံမှု၊

– အားကောင်းသော လူထုအခြေစိုက်အဖွဲ့များ၏ ဝိုင်းရံထောက်ပံ့မှု၊ (အထူးသဖြင့် မတရားပြုခံရသူများကို ထောက်ပံ့ကူညီရေးအဖွဲ့များ၊ လူ့အခွင့်အရေးအဖွဲ့များ၊ ဘာသာရေး ခေါင်းဆောင်များ နှင့် တတ်သိပညာရှင်များ ပါဝင်သည်။)

– မတရားပြုခံရသူများအပေါ် ကိုယ်ချင်းစာ(လူတိုင်း မိမိလည်းခံရသည်ဟု) နားလည်သည့် လူမှုဝန်းကျင်၊

– လွတ်လပ်၍ တက်ကြွသော သတင်းဌာနများ၊

– နိုင်ငံတကာဖိအားနှင့် သတိပြုလာမှု၊ စသည့်တို့သည် အမှန်တရားကော်မရှင်တရပ် ပေါ်ထွန်းရပ်တည်ရေးအတွက် များစွာအထောက်အကူပြုသည်။

## ဖွဲ့စည်းပုံ

*ကော်မရှင်တရပ်သည် စနစ်တကျ လူထုအကြံဥာဏ်များတောင်းခံ၍ အဖွဲ့ဝင်များကို ရွေးချယ်ခြင်း၊ မျှမျှတတနှင့် ဘက်ပေါင်းစုံမှ ထောက်ခံမည့် ပုဂ္ဂိုလ်များကို ရိုးရိုးသားသား ရွေးချယ်ပါဝင်စေခြင်း တို့ကြောင့် အောင်မြင်အသိအမှတ်ပြုခံရတတ်ပြီး နိုင်ငံတကာနှင့် လူထုထောက်ခံမှုကို ရပေမည်။*

အမှန်တရားကော်မရှင်တရပ်၏ အောင်မြင်မှု နှင့် ကျဆုံးမှုသည် ကော်မရှင်လူကြီးများ ရွေးချယ်ခန့်ထားမှုအပေါ်၌ များစွာမူတည်သည်။ ကော်မရှင်လူကြီးများ၏ စီမံခန့်ခွဲရေးညံ့ဖျင်း၍ ကော်မရှင်များစွာ ဒုက္ခရောက်ခဲ့ရသည်။ များသောအားဖြင့် ကော်မရှင်လူကြီးများသည် နေ့စဉ်စီမံခန့်ခွဲရေး လုပ်ငန်းစဉ်များ၌ ပါဝင်ခြင်းမရှိသော် လည်း တိုက်ရိုက်စုံစမ်း စစ်ဆေးခြင်းများ၊ ကော်မရှင်မူဝါဒများ ပြဋ္ဌာန်းခြင်းနှင့် ကော်မရှင်အစီရင်ခံစာများကို နောက်ဆုံးရေးသားတင်ပြခြင်း စသည့် အရေးပါသော အခန်းကဏ္ဍ၌ ပါဝင်နေသည်။ ကော်မရှင်လူကြီးများ၏ ပုဂ္ဂိုလ်ရေး ဂုဏ်သိက္ခာနှင့် နိုင်ငံရေးသိက္ခာသည် တွန့်ဆုပ်နေသော အာဏာပိုင်များကို ကိုင်တွယ်ရာ၌ အရေးပါလှပြီး၊ လူထု၏ ကော်မရှင်အပေါ် ယုံကြည်မှု ဖြစ်စေသည်။ ကော်မရှင်တရပ်သည် စနစ်တကျ လူထုအကြံ ဉာဏ်များတောင်းခံ၍ အဖွဲ့ဝင်များကို ရွေးချယ်ခြင်း၊ မျှမျှတတနှင့် ဘက်ပေါင်းစုံမှ ထောက်ခံမည့် ပုဂ္ဂိုလ်များကို ရိုးရိုးသားသား ရွေးချယ်ပါဝင်စေခြင်း တို့ကြောင့် အောင်မြင်အသိအမှတ်ပြုခံရတတ်ပြီး နိုင်ငံတကာနှင့် လူထုထောက်ခံမှုကို ရပေမည်။ အထူးသဖြင့် နိုင်ငံရေးအုပ်စုများ၊ လူမျိုးစုများ နှင့် ဘာသာရေးအုပ်စုများအားလုံးကို ကိုယ်စားပြုမည့် ပုဂ္ဂိုလ်များ ရွေးချယ်ခန့်ထားရန် လိုသလို၊ အမျိုးသားနှင့်

အမျိုးသမီးဦးရေလည်း မျှမျှတတ ဖြစ်ရန် လိုပါသည်။

## လုပ်ပိုင်ခွင့်နှင့် အခွင့်အာဏာများ

❖ *ရည်ရွယ်ချက်များ။* အဓိကရည်ရွယ်ဦးတည်ချက်များကို တိကျပြတ်သားစွာဖော်ပြထားရပေမည်။ အတိတ်ကာလအမှန်တရားများကို ရှာဖွေဖော်ထုတ်ရေး၊ အမျိုးသားပြန်လည် ရင်ကြားစေ့ရေး ကို အထောက်အကူပြုရေး၊ မတရား ပြစ်မှုကျူးလွန်ခံရသူများအား ကူညီစောင့်ရှောက်ရေးဆိုင်ရာ အကြံပြုမှုများ တင်ပြရေး၊ ပြန်လည်စစ်ဖြစ်ပွားမှုနှင့် အာဏာရှင်စနစ်ပြန်လည်ပေါ်ပေါက်ရေးတို့အား တားဆီးရေး တို့ပါဝင်သည်။

❖ *လုပ်ငန်းအချိန်ကာလသတ်မှတ်ရေး။* စတင်ချိန်နှင့်ပြီးဆုံးချိန်တို့ကို မလျော့မတင်းသတ်မှတ်ထားပြီး အချိန်တိုသော အချိန်ပိုပေးမှုကို ခွင့်ပြုရပေမည်။ သို့သော်လည်း ဖြစ်နိုင်ချေရှိသော လုပ်ငန်းကာလ တခုလုံးကို ကြိုတင် အတိအကျသတ်မှတ်ထားရပေမည်။ ဤသို့မဟုတ်ပါက ကော်မရှင်အနေဖြင့် အချိန်များစွာ ပိုမိုယူလာခြင်းကြောင့် လူထုစိတ်ပါဝင်စားမှုနည်းပါးလာခြင်းနှင့် ဦးတည်ချက်လျော့နည်းလာခြင်းတို့ကို ဖြစ် ပေါ်စေနိုင်သည်။ ဖြစ်နိုင်လျှင် တနှစ် (သို့) နှစ်နှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်သင့်သည်။

❖ *စုံစမ်းစစ်ဆေးရေးပြုရာ၌ ချိုးဖောက်မှုများကို အတန်းအစား ခွဲခြားသတ်မှတ်ထားရေး။* အခြေခံလူ့အခွင့်အရေးချိုးဖောက်မှုများကို အဓိကထား စုံစမ်းစစ်ဆေးသော်လည်း၊ လူ့အခွင့်အရေး ချိုးဖောက်မှု ပုံစံများစွာ ရှိခြင်းကြောင့် အချိန်တိုတို အတွင်း ကော်မရှင်တခုတည်းမှ လူ့အခွင့်အရေး ချိုးဖောက်မှု အားလုံးကို ထိမိစွာ မကိုင်တွယ်နိုင်ပေ။

❖ *စုံစမ်းစစ်ဆေးရမည့် သမိုင်းကာလ အပိုင်းအခြား အတိအကျ သတ်မှတ်ရေး။* ဤအချက်သည် လွန်စွာမှ အငြင်းပွားရတတ်သဖြင့် လုပ်ငန်းစတင်ကတည်းက အတိအကျသတ်မှတ်ထားရပေမည်။ များသောအားဖြင့်ပြည်တွင်းစစ်နှင့် အာဏာရှင်များလက်အောက်၌ ဖြစ်ပွားခဲ့သောသမိုင်းဆိုင်ရာ ထင်ရှားသည့် အဆိုးဆုံး အချိန်ကာလနှင့် အကြမ်းဖက်မှု အပြင်းထန်ဆုံးဖြစ်ခဲ့သည့် ကာလများ ကို ရွေးချယ် ကိုင်တွယ်ရပေမည်။

❖ *ကော်မရှင်လုပ်ငန်းများ။* ကော်မရှင်၏ ဦးတည်ချက်များကို ဖော်ဆောင်မည့် အဓိကကလုပ်ငန်းများမှာ ကော်မရှင်လုပ်ပိုင်ခွင့်များကို လူထုအား တင်ပြ အသိပေးရေးလုပ်ငန်းစဉ်များ၊ သုတေသနနှင့် စုံစမ်းစစ်ဆေးရေးလုပနင်ငန်းစဉ်များ၊ အဆုံးသတ်အစီရင်ခံစာတင်ပြရေးလုပ်ငန်းစဉ်များ နှင့် အကြံပြုရေးလုပ်ငန်းစဉ်များပင် ဖြစ်ပါသည်။

❖ *အခွင့်အာဏာ။* အနည်းဆုံးအနေဖြင့်ကော်မရှင်သည် လိုအပ်သောသတင်းအချက်အလက် ရရှိရေးအတွက် မည်သူ့ကိုမဆိုတွေ့ဆုံမေးမြန်းပိုင်ခွင့် ရှိရမည် ဖြစ်သည်။ အစိုးရဝန်ထမ်းများ၏ အပြည့်အဝပူးပေါင်းဆောင်ရွက်မှုကို ရရှိရမည်ဖြစ်ပြီးလိုအပ်ပါက နယ်ဆင်း ကြည့်ရှုလေ့လာမှုများ ပြုလုပ်နိုင်ရမည် ဖြစ်သည်။ (ကြေငြာခြင်းမရှိသော ရှောင်တခင် တွေ့ဆုံသွားလာခြင်းသည် ပိုမိုအလုပ်ဖြစ်သည်) ကော်မရှင်လုပ်ပိုင်ခွင့်သည် ရုံးတော်သို့ ဆင့်ခေါ်ပိုင်ခွင့်၊ ရှာဖွေခွင့်နှင့် သိမ်းဆည်းပိုင်ခွင့်နှင့် အချို့အဖြစ်စာပိုဒ်များ၌ သက်သေခံများအား အကာအကွယ်ပေးပိုင်ခွင့် တို့ပါဝင်ရပေမည်။ ဤအခွင့်အာဏာပိုင်နက်ကို လက်ရှိတရားရုံးများ၏ အခွင့်အာဏာနှင့် ချိန်ထိုးသတ်မှတ်ရမည်။ အမှန်တရားကော်မရှင်၏ ရည်ရွယ်ချက်များမှ သွေဖီမသွားသင့်ပေ။ (တရားရုံးတခုကဲ့သို့ ဖြစ်မလာသင့်ပေ)

❖ *အပြစ်ပေးခွင့်။* (Sanction) ကော်မရှင်အား လုံလောက်သောလုပ်နိုင်ခွင့်အမိန့် အာဏာအပ်နှင်းထား ရပေမည်။ ဒဏ်ငွေချမှတ်မှု၊ အကျဉ်းကျ ခံစေမှုတို့နှင့် ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆိုသူများကို အပြစ်ပေးနိုင်ခွင့်တို့ပါသည်။

❖ *နောက်ဆက်တွဲလုပ်ငန်းစဉ်* (Follow up)။ အစိုးရအနေဖြင့်ကော်မရှင်တို့၏ အဆုံးသတ်အစီရင်ခံစာ၊ အကြံဉာဏ်ပေးထောက်ခံတင်ပြမှုတို့ကို ပြည်သူသို့ အသိပေးရေးနှင့်ဆောင်ရွက် အကောင်အထည်ဖော်ရေးတို့၌မည်သည့်တာဝန်ရှိသနည်း။ ကော်မရှင်လုပ်ငန်းစဉ်များ ပြီးဆုံးပြီးနောက် အရေးကြီးသော မှတ်တမ်းများအား တောင်းယူကြည့်ရှုနိုင်ခွင့် ဆိုင်ရာများ၊ လုံခြုံစွာထိန်းသိမ်းထားမှုနှင့် သတ္တာရေးရင်းတမ်းများ စသည့်အချက်များ ကိုလည်း ထည့်သွင်း စဉ်းစားထားရပေမည်။

## အရင်းအမြစ်ဆိုင်ရာလိုအပ်ချက်များ

ထိရောက်၍လိုအပ်သော အရင်းအမြစ်မရှိပါက အကောင်းဆုံးလုပ်ပိုင်ခွင့်နှင့် ပုံဖော်ထားသော အမှန်တရားကော်မရှင်ပင်ဖြစ်လင့်ကစား အောင်မြင်လိမ့်မည်မဟုတ်ပေ။ ပျမ်းမျှကော်မရှင်တခု၏ လိုအပ်

ချက်မှာ အမေရိကန်ဒေါ်လာ၅–၁၀သန်းခန့် ရှိသည်။ ဖြစ်ပေါ်လာသော လုပ်နည်းလုပ်ဟန် တမျိုးမှာ အမျိုးသားအစိုးရ ဘတ်ဂျက်ထဲမှ မက အလှူရှင်နိုင်ငံများနှင့် ပုဂ္ဂလိကအလှူရှင်များထံမှ အလှူငွေများကို ပေါင်းစပ်၍ ရံပုံငွေအဖြစ် အသုံးပြုခြင်းပင် ဖြစ်သည်။

## အမှန်တရားကော်မရှင်တရပ်၏ လုပ်ငန်းစဉ်

*ပြင်ဆင်ထားရမည့် အသေးစိတ်လိုအပ်ချက်များ*

– လိုအပ်သော အမှုထမ်းများခန့်ထားရေးနှင့် အမှုထမ်းများဆိုင်ရာ လုပ်ငန်းအစီအစဉ်များ ချမှတ်ထားရေး။

–ကော်မရှင်အတွင်း မူဝါဒများနှင့် စည်းကမ်းလုပ်ထုံးလုပ်နည်းများ သတ်မှတ်ထားရေး။

–အသေးစိတ် အစီအစဉ်များချမှတ် ထားရေး။

–ထိရောက်သောအချက်အလက်စုဆောင်းမှု ပုံစံများ ချမှတ်ထား၍ မှတ်တမ်းဟောင်းများနှင့် အချက်အလက်များ စနစ်တကျ စုဆောင်းရေး။

– သုတေသနလုပ်ငန်းများကို ကြိုတင်ပြင်ဆင် လုပ်ဆောင်ထားခြင်း။

– ကမ္ဘာ့ကုလသမဂ္ဂ၊ နိုင်ငံခြားအစိုးရများ၊ နိုင်ငံတကာနှင့် နိုင်ငံလုံးဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့များနှင့် အခြားအဖွဲ့အစည်းများမှ အချက်အလက် စုဆောင်းထားမှုများကို ထောက်ခံရှာဖွေပေါင်းစပ်ထားရေး။

– ပြည်သူလူထုအား ပညာပေးရေးအစီအစဉ်များ ချမှတ်ထားရေး။

– ငွေကြေးအလှူခံရေးနှင့် ဘဏ္ဍာရေးအစီအစဉ်များ ချမှတ်ထားရေး။

*အမှန်တရားကော်မရှင်တခုတည်ရှိနေစဉ်အတွင်း အဓိကလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ*

– ချဉ်းကပ်ဆက်ဆံရေး (Outreach)။ အမှန်တရားကော်မရှင်တခု၏ လူထုအတွင်းသို့ ချဉ်းကပ်ဆက်ဆံရေးသည် အလွန်အရေးကြီးလှပြီး သတင်းအချက်အလက်များ ရှာဖွေစုဆောင်းခြင်း၊ လိုအပ်ချက်များကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်မှု၊ ပြည်သူတို့၏မျှော်လင့်လိုလားချက်နှင့် ကော်မရှင်အပေါ် ယုံကြည်ကိုးစားလာမှုတို့ကို ရရှိဖော်ဆောင်နိုင်သည်။ လူထုအစည်းအဝေးပွဲများ၊ လက်ဆင့်ကမ်းစာစောင် များနှင့် ပုံနှိပ် ထုတ်ဝေခြင်းများ၊ ဗွီဒီယိုပြပွဲများဖြင့် ကော်မရှင်၏ လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းဆောင်တာများကို ပြည်သူတို့ထံ ချဉ်းကပ်အသိပေးနိုင်သည်။

– ထွက်ဆိုချက်များ စုဆောင်းခြင်း (Statement Taking)။ လိုအပ်သော သတင်းအချက်အလက် အများစုသည် တွေ့ဆုံမေးမြန်းမှုများမှ တဆင့်ရရှိခြင်းဖြစ်သည်။ မတရား ပြစ်မှုကျူးလွန်ခံရသူတဦးချင်းစီ၏ ထွက်ဆိုချက်များကို ထွက်ဆိုချက်ပုံစံဖောင်များအတွင် ဖြည့်စွပ်စေခြင်းဖြင့် ကော်မရှင်အမှုထမ်းများမှ စနစ်တကျ ကောက်ယူနိုင်သည်။ ထွက်ဆိုချက်များ စုဆောင်းခြင်းသည် အတိတ်ကာလမှ အဖြစ်မှန်များကို ပြန်လည်ပုံဖော်တည်ဆောက်ပြီး မတရား ပြစ်မှုကျူးလွန်ခံခဲ့ရသူများ၏ ရင်နင့်ဖွယ်ဖြစ်ရပ်ဆိုးများကို စာနာ၍ လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်အခြေအနေ၌ပြန်လည်ပြောပြခွင့်ပြုခြင်းဖြစ်သည်။ မတရားမှုကျူးလွန်ခံခဲ့ရသူများနှင့် မျက်မြင်သက်သေများ အနေဖြင့် ထွက်ဆိုချက်များကို စုဆောင်းသူများသည်သာ ကော်မရှင်နှင့် တိုက်ရိုက်ထိတွေ့မှု ဖြစ်ရာယင်းအမှုထမ်းများ၏ ပြုမူဆက်ဆံပုံအပေါ်တည်၍ လူထုမှ (ကော်မရှင်အပေါ်) အဆုံးအဖြတ်ပေးမည် ဖြစ်သည်။

– စုံစမ်းစစ်ဆေးရေးနှင့် သုတေသန လုပ်ငန်းများ။ သုတေသနဌာန နှင့် ရဲဌာနတခုသဖွယ် စုံစမ်းစစ်ဆေးရေး ကို ဆောင်ရွက်နိုင်သည့် ဌာနများသည် အမှန်တရားကော်မရှင်များ၏အရေးပါလှသော ဌာနခွဲများဖြစ်ပြီး ကော်မရှင်၏ လုပ်ပိုင်ခွင့်နှင့် ဘတ်ဂျက်အများဆုံး သုံးစွဲသောဌာနများ အဖြစ်ပေါ်ပေါက်လာခဲ့သည်။ အများအားဖြင့် ဤလုပ်ငန်းစဉ်နှစ်ခုကို ဌာနတခုတည်းအောက်တွင် စုပေါင်းဖွဲ့စည်း ထားတတ်သည်။

– သတင်းအချက်အလက်များ စိစစ်ခြင်း။ အမှန်တရား ကော်မရှင်များသည် များပြားလှသော သတင်းအချက်အလက် များကို စုဆောင်းစီစစ်သိမ်းစည်း ထားသည်။ ထိရောက်သော အချက်အလက်စုဆောင်းရေးစနစ်တရပ် ဖွဲ့စည်းပုံနှင့် လုပ်ငန်းစဉ်များ လိုအပ်လှသည်။ စနစ်ကျခိုင်မာသော သတင်းစီမံခန့်ခွဲမှုစနစ်သည် သမိုင်းကြောင်းဆိုင်ရာ အရေးကြီးလှသောအဖြစ်အပျက်များကို ကွက်ကွက်ကွင်းကွင်း ပုံကြီးဖော်သုံးသပ်နိုင်စွမ်းရှိသည်။

– လူထုကြားနာစစ်ဆေးရေးများ။ ဤအချက်သည် မကြာသေးမီကမှ တိုးတက်ဖြစ်ပေါ်လာသော လုပ်ငန်းစဉ်ဖြစ်သော်လည်း လူထုကြားနာစစ်ဆေးရေးများ ဖြစ်ပေါ်ရန် ပိုမိုတောင်းဆိုမှုများ ဖြစ်ထွန်းလျက်ရှိသည်။ မတရားပြစ်မှုကျူးလွန်ခံရသူများနှင့် အသက်ရှင်ကျန်ရစ်ခဲ့သူများအား ၎င်းတို့၏ ဖြစ်ရပ်မှန်များကို လူထုပရိတ်သတ်နှင့် ကော်မရှင်တို့မှတဆင့် ပြောကြားခွင့်ပေးခြင်းဖြင့် အတိတ်ကာလအမှားများကို တရားဝင်အသိအမှတ်ပြုခြင်း၊ ပြည်သူလူထု၏ ပိုမိုနားလည်လာမှုနှင့် စာနာထောက်ထားမှုကို ရရှိလာခြင်း၊ အမှန်တရားအား

ဆက်လက်ငြင်းကွယ်နေသေးသော လူအချို့၏ ငြင်းကွယ်နေချက်များအား ချေဖျက် လျှော့ချပစ်ခြင်းနှင့် လူအများ၏ ကော်မရှင် အပေါ် ပိုမိုကိုးစား ယုံကြည်မှု ရရှိလာနိုင်သည်။ လူထုကြားနာစစ်ဆေးခြင်းများဖြင့် အမှန်တရားကော်မရှင်၏ အဓိက ဦးတည်ချက်ကိုထုတ်လုပ်ချက် product (နောက်ဆုံး အစီရင်ခံစာ) တခုရရေး မှ ဖြစ်စဉ် process ဖြစ်ရေး သို့ပြောင်းလဲပစ်နိုင်ပါသည်။ ယင်းမှသာ အတိတ်ကာလက အဖြစ်ဆိုးများသည် အနှစ်သာရရှိသော တမျိုးသားလုံးနှင့်သက်ဆိုင်သည့် ဆွေးနွေး စဉ်းစားစရာအဖြစ် လက်ခံလာနိုင်မည် ဖြစ်သည်။ ကော်မရှင် လူကြီးများနှင့် မတရား ပြစ်မှုကျူးလွန် ခံခဲ့ရသူများ၏ လုံခြုံရေး၊ အချိန်နှင့် အရင်းအမြစ်ကုန်ကျမှုတို့ကိုထည့်သွင်းစဉ်းစားရမည့် ဖြစ်ပြီး ကော်မရှင်ကြားနာစစ်ဆေးမှုများကို မျက်ကွယ်လုပ်သင့်သည်။

– စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ ထောက်ပံ့ပေးမှု (Emotional Support) အချို့သော မတရားမှုကျူးလွန်ခံခဲ့ရသူများသည် ၎င်းတို့၏ အတွေ့အကြုံ အဖြစ်ဆိုးများကို ကော်မရှင်သို့ဖွင့်ချ ပြောဆိုခြင်းများကြောင့် နာကျည်းမှုများ အသစ်တဖန် ပြန်လည်ခံစားလာနိုင်ချေရှိသည်။ ဤအချက်နှင့်ပတ်သက်၍ မကြာသေးမီက ဖွဲ့ခဲ့သော အမှန်တရား ကော်မရှင်များသည် ဤမတရားပြုခံရသူများအား လိုအပ်သော အကာအကွယ်ပေးရေးနှင့် သိမ်မွေ့စွာ ကိုင်တွယ်ရေး လို အပ်ကြောင်း အသိအမှတ်ပြုခဲ့သည်။

– အဆုံးသတ်အစီရင်ခံစာများ (Final Report) ဤ အစီရင်ခံစာများသည် အမှန်တရားကော်မရှင်များ၏ လုပ်နိုင်စွမ်းနှင့်အောင်မြင်မှု မှတ်တမ်းများ ဖြစ်လာသည်သာမက လူ့အခွင့်အရေးဆိုင်ရာ ပညာပေး သင်တန်းများနှင့် ဆက်လက်အရေးယူဆောင်ရွက်နိုင်ရေးများအတွက် လိုအပ်ချက်များ အဖြစ်ပေါ်ထွက် လာခဲ့ကြသည်။ စနစ်ကျ၍ တိကျခိုင်မာစွာဖော်ထုတ်ထားသော ဤအဆုံးသတ် အစီရင်ခံစာများသည် နောက်ကြောင်းပြန် အမှားများ ကျူးလွန်မှုမရှိစေရန် ကောင်းမွန်သော အတားအဆီးများ အဖြစ် ပေါ်ထွန်းလာခဲ့သည်။ သို့သော်လည်း နောက်ဆုံးအစီရင်ခံစာများသည် ပစ္စုပ္ပန်အခြေအနေများပေါ် ၌များစွာမူတည်နေလေ့ရှိသည်။ ဤအစီရင်ခံစာများထွက်ပေါ်လာသော ကာလနှင့် မည်သို့လူထုကြားတွင် ဖြန့်ချိသည်ဆိုသည့်အချက်များ၊ သတင်းဌာနများမှ မည်မျှဖော်ပြခြင်းခံရသည်ဆိုသည့်အချက်များ၊ နှင့် ရိုးရာဓလေ့ထုံးတမ်းစဉ်လာများနှင့် အခြားစဉ်းစားဖွယ်ရာ နည်းလမ်းအသွယ်သွယ်တို့ကို အသုံးပြု၍ မည်မျှပရိသတ်ကို ဆွဲဆောင်နိုင်မ ရှိခဲ့သည် ဆိုသည့်အချက်များသည် အရေးပါလှပေသည်။

– အမည်နာမထုတ်ဖော်မှုများနှင့် လိုအပ်သော နောက်ဆက်တွဲလုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှု။ လူ့အခွင့်အရေးချိုးဖောက်သည့် ရာဇဝတ်ပြစ်မှုများအတွက် အချို့သောကော်မရှင်များသည် တာဝန်ရှိသူများ၏ အမည်နာမများကို တရားဝင် ထုတ်ဖော် ပြောဆိုနိုင်ခွင့်အာဏာရှိသည်။ အချို့ ကော်မရှင်များသည် ဤလုပ်ပိုင်ခွင့်အာဏာ မရှိသော်လည်း သွယ်ဝိုက်သောနည်းလမ်းများဖြင့် တာဝန် ရှိသူများ၏ အမည်နာမကို ထုတ်ဖော်နိုင်တတ်ကြသည်။ ဤအချက်သည် အလွန်အငြင်းပွားစရာ ကောင်းသည့် ကိစ္စဖြစ်သည်။ ထို့ပြင် မူဝါဒနှစ်ခု ဝိရောဓိ ဖြစ်နေသည့် အနေအထားလည်း ဖြစ်နေသည်။ တဖက်တွင် တရားစီရင်ရေး ထုံးထမ်းစဉ်လာအရ ရာဇဝတ်ပြစ်မှုအတွက်တာဝန်ရှိသည်ဟု စွပ်စွဲခံရသူများအား အပြစ်ရှိကြောင်း စီရင်ချက်မချမီ ယင်းတို့ကို ထုချေလျှောက်လဲကာကွယ်ခွင့်ပေးရမည် ဖြစ်သည်။ ယင်းတို့ကို တရားခံအဖြစ် သတ်မှတ်၍ မရချေ။ တဖက်တွင်လည်း ပြည့်စုံသော အမှန်တရားဖော်ထုတ်ရေးအတွက် လိုအပ်ချက်မှာ အပြစ်ရှိသူများအား တိကျသော သက်သေခံချက်များဖြင့် တာဝန်ရှိသ၍ ယင်းတို့၏ အမည်နာမများကို ထုတ်ဖော်ရန် လိုအပ်ခြင်းတို့ဖြစ်သည်။

အကောင်းဆုံး လက်တွေ့ကျသော စည်းမျဉ်းမှာ အမည်နာမထုတ်ဖော်ပိုင်ခွင့် ကို ကော်မရှင်များထံတွင် အပ်နှင်ထားခြင်းဖြစ်ပြီး ယင်းတို့က အခြေအနေအလိုက် ဆုံးဖြတ်နိုင်ခွင့်ပေးခြင်းဖြစ်သည်။ ဤနေရာ၌အမည်နာမထုတ်ဖော်ရန် မသင့်တော်သည့် တရားဝင်အကြောင်းပြချက်များ ရှိနိုင်သည်။ ကော်မရှင်လူကြီးများ၏လုံခြုံရေးကို ခြိမ်းခြောက်လာမှုများ၊ မတရားပြစ်မှုကျူးလွန်ခံခဲ့ရသူများနှင့် မျက်မြင်သက်သေများ၏ လုံခြုံရေးလိုအပ်ချက်များ၊ လုံလောက်သော သက်သေခံမှုများမရှိခြင်းနှင့် စွပ်စွဲခံရသူများအားလုံလောက်သောအချိန်နှင့် အကာအကွယ်ပေးနိုင်မှုနည်းခြင်းများကို ထည့်သွင်းစဉ်းစား ရပေမည်။ အကယ်၍ကော်မရှင် အနေဖြင့်ပြစ်မှုအတွက် တာဝန်ရှိသူများ၏ အမည်နာမထုတ်ဖော်ရန်မလိုအပ်ဟုဆုံးဖြတ်ခဲ့ပါက လုံလောက်သော နိုင်ငံရေး၊ စာရိတ္တဆိုင်ရာနှင့် တရားဝင်မှုဆိုင်ရာ ခိုင်လုံသောအကြောင်းပြချက်များ ရှိရမည်ဖြစ်ပေသည်။ အကယ်၍အမည်နာမများကိုထုတ်ဖော်ရန် လိုသည်ဟုဆုံးဖြတ်ခဲ့ပါက ရာဇဝတ်ပြစ်မှုဆိုင်ရာ တရားစွဲဆိုရေးနှင့် ဥပဒေ အရ အရေးယူမှု များနှင့် သက်ဆိုင်ခြင်းမရှိကြောင်း ရှင်းလင်းစွာဖော်ပြထားပေးရန်လိုအပ်ပေသည်။

– လုပ်ငန်းစဉ်များ၌ မတရားပြစ်မှုကျူးလွန်ခဲ့သူများအား ကိုင်တွယ်ခြင်း။ တောင်အာဖရိကနိုင်ငံ အမှန်တရားနှင့် ပြန်လည်ရင်ကြားစေ့ရေး (South Africa Truth and Reconciliation Commission TRC) ကော်မရှင်မှလွဲ၍ အခြားကော်မရှင်များသည် အဓိပ္ပါယ်ရှိ၍ ထိရောက်လှသော မတရားပြစ်မှုကျူးလွန်ခဲ့သူများ၏ ပူးပေါင်းပါဝင်ရေးကို ယင်းတို့၏ လုပ်ငန်းစဉ်များတွင် မဖော်ဆောင် ပေးနိုင်ခဲ့ပေ။ တောင်အာဖရိကကော်မရှင်သည် အပြစ်ရှိသော လူပုဂ္ဂိုလ်များအား လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့သည်။ အမှန်တရားအတွက် လွတ်ငြိမ်းချမ်းသာခွင့် (Truth for Amnesty) [ဘာသာပြန်သူမှတ်ချက်။ တောင်အာဖရိကနိုင်ငံ၌ မည်သို့ဖြစ်ခဲ့သည်ဆိုသည့် ပြည့်စုံသော အမှန်တရားဖွင့်ချသူအားလုံးကို လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့သည်] ပေးခဲ့သည့် ဖော်မြူလာစီစဉ်မှု သည် နိုင်ငံရေး၊ တရား ဥပဒေရေးနှင့် လူ့ကျင့်ဝတ်ဆိုင်ရာ စာရိတ္တရေးတို့နှင့်ဆိုင်သည့် မေးခွန်းပေါင်းများစွာ ပေါ်ထွန်းလာနေဆဲဖြစ် သည်။

– နောက်ဆက်တွဲ လုပ်ငန်းစဉ်များ ဖော်ဆောင်ရေး။ အမှန်တရားကော်မရှင်တို့၏ နောက်ဆုံး အစီရင်ခံစာများ တင်သွင်းရာ၌ ၎င်းတို့၏ရှာဖွေတွေ့ရှိချက်များ၊ တရားဝင်မှတ်တမ်းမှတ်ရာများနှင့် နောက်ဆက်တွဲ လုပ်ငန်းစဉ် အကြံပြုတင်ပြချက်များကို ပြည့်စုံစွာထည့်သွင်းတင်ပြခဲ့ပြီး လိုအပ်သော လုပ်ငန်းစဉ်များကို ပြည့်ဝစွာ အကောင်အထည်ဖော်ရန်မှာ အစိုးရများနှင့် အခြားတာဝန်ရှိသူများမှ ဖော်ဆောင်ရန် ဖြစ်သော်လည်းများသောအားဖြင့် နောက်ဆက်တွဲလုပ်ငန်းစဉ်များဖော်ဆောင်ရေးသည် နှောင့်နှေးနေတတ်ကြသည်။ ဤသို့ဖြစ်နေတတ်သည်မှာ နိုင်ငံရေးအရဖော်ဆောင်ရန်စိတ်ပါဝင်စားမှုနည်းခြင်း၊ လုံလောက်သော ငွေကြေးနှင့် အခြေခံ အဆောက်အအုံများ ခိုင်မာစွာမရှိသေးခြင်းတို့ကြောင့်ဖြစ်သော်လည်း အမှန်တရား ကော်မရှင်များအနေဖြင့် မရှိမဖြစ်လိုအပ်သော နောက်ဆက်တွဲလုပ်ငန်းစဉ်များ အကောင်အထည် ဖော်ဆောင်ရေး အစီအစဉ်စနစ်များကို တိကျစွာကိုင်တွယ်ရန် မဖြစ်မနေ ကြိုတင်တင်ပြရပေမည်။

အမှန်တရားကော်မရှင်တရပ်ပေါ်ပေါက်ရေး သည် အသွင်ကူးပြောင်းနေသော နိုင်ငံများစွာ တို့၏ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ခိုင်မာတောင့်တင်းလာရေးတို့အတွက် လိုအပ်နေသော မြောက်မြားစွာသော စနစ်ပုံစံများမှ ပုံစံနည်းလမ်းတခုသာ ဖြစ်သည်။ အခြားဖြစ်နိုင်ချေရှိသော အသွင်ကူးပြောင်းရေးကာလ တရားမျှတရေး (Transitional Justice) အစီအစဉ်တခုလုံး၏ အချက်များဖြစ်သည့် တရားရေးဆိုင်ရာ တရားရုံးများ၊ စိစစ်ရေးလုပ်ငန်းများ၊ ဥပဒေရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ မတရား ပြစ်မှု ကျူးလွန်ခံခဲ့ရသူများအား လျော်ကြေးပေးရေးဆိုင်ရာ လုပ်ဆောင်ချက်များ၊ မူလပိုင် ရှင်ဟောင်းများထံမှ သိမ်းယူထားမှုများကို ပြန်လည်ပေးအပ်ရေးနှင့် ပြန်လည်လက်ခံနေရာချထားရေး ဆိုင်ရာ လုပ်ဆောင်ချက် များပါဝင်သည်။ အသွင်ကူးပြောင်းရေးကာလတရားမျှတရေးလုပ်ငန်စဉ်များသည် အထက်ဖော်ပြခဲ့သောအချက်များ စုပေါင်းပါဝင်သည့် နည်းလမ်းသစ်များ အနေဖြင့် ပေါ်ထွန်းနေပေသည်။

## လျော်ကြေးပေးခြင်း Reparations

*လျော်ကြေးပေးခြင်းသည် အတိတ်နှင့်အနာဂတ် ကို ပေါင်းကူးပေးသည်။ မတရားမှု ကျူးလွန် ခံခဲ့ရသူများ အပေါ်လျော်ကြေးပေးခြင်းသည် နောက်ကြောင်းပြန် အကျိုးသက်ရောက်မှု ဖြစ်သော်လည်း နိုင်ငံရေး ပြုပြင်ပြောင်းလဲရေးများအတွက် အနာဂတ်ကို ရှေ့ရှုသော သက်ရောက်မှုများလည်း ရှိပေသည်။*

အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတရေးသည် လျော်ကြေးပေးခြင်းဆိုင်ရာအဓိပ္ပယ်ဖွင့်ဆိုချက်ကို ပြန်လည်ဆန်းသစ်စေပါသည်။ ယင်းမှုမှာ အတိတ်ကာလနှင့် နစ်နာကြေးပေးရေးတို့ အပေါ်တွင် အခြေခံသော်လည်း၊ အနာဂတ်ကာလအတွက် အရေးပါသောမှုများကိုလည်း ဖော်ဆောင်ပေးပေသည်။ လျော်ကြေးပေးရေးဆိုင်ရာ အခြေခံမှု အချက်လေးချက်ရှိသည်။

❖ *လျော်ကြေးခံစားပိုင်ခွင့်နှင့်မူဝါဒများ။* မတရားမှုကျူးလွန်ခံခဲ့ရသူများသည် နိုင်ငံတကာနှင့်ပြည်တွင်းဥပဒေများနှင့်အညီ လျော်ကြေးခံစားပိုင်ခွင့်များရှိလာရာ လျော်ကြေးပေးရေးဆိုင်ရာ မူဝါဒများလည်း တိုးတက်ဖြစ်ပေါ်လျက် ရှိပေသည်။

❖ *တသီးပုဂ္ဂလနှင့် စုပေါင်းခံစားခွင့်တိုင်းတာမှုများ။* တဦးချင်း ရယူခံစားပိုင်ခွင့်ကို မတရားမှုကျူးလွန်ခံခဲ့ရသူတဦးခြင်း၏ သီးခြားနစ်နာမှုများဖြင့် တိုင်းတာသော်လည်း များသောအားဖြင့် စုပေါင်းခံစားပိုင်ခွင့်တိုင်းတာမှုများဖြင့်လည်း ဖြည့်ဆည်းစဉ်းစားပေးရပါသည်။ (ဥပမာ– ဆေးဝါး ကုသခံစားခွင့်၊ ပညာရေးနှင့်အလုပ်အကိုင်ရရှိရေး) လူမျိုးစုအုပ်စုဝင်များ၊ ဘာသာရေးနှင့် အခြားအဖွဲ့အစည်းများ၌ အဖွဲ့ဝင်ဖြစ်ခဲ့သူများသည် ၎င်းတို့၏ သက်ဆိုင်ရာ အစုအဖွဲ့

များ၌ ပါဝင်ပတ်သက်ခဲ့မှုများကြောင့် မတရားမှုများကို ခံစားခဲ့ရခြင်းဖြစ်သဖြင့်ဤနေရာ၌ စုပေါင်းခံစားပိုင်ခွင့်များကို ဖော်ဆောင်ပေးရန်လိုအပ်သည်။

❖ *ငွေကြေးဆိုင်ရာနှင့် ငွေကြေးမပါသော ခံစားခွင့်များ။* ငွေကြေးဆိုင်ရာ နစ်နာကြေးပေးခြင်းသည် မြင်သာထင်သာရှိသော လျော်ကြေးပေးမှု ဖြစ်သော်လည်း ငွေကြေးပေးခြင်းမဟုတ်သော အခြားခံစားခွင့် ပုံစံများကိုလည်း စဉ်းစားနိုင်ပါသည်။ (ငွေကြေးသည် အတိုင်းအတာနှင့်သာ ပေးနိုင်ခြင်းကြောင့်ဖြစ်သည်။) နိုင်ငံသားများအဖြစ် ပြန်လည်အသိအမှတ် ပြုခြင်း၊ ပျောက်ကွယ်သွားသူများအား သေဆုံးစာရင်းထုတ်ပေးခြင်း၊ ရာဇဝတ်ပြစ်မှုရှိသူ မှတ်တမ်းမှ ပယ်ဖျက်ပေးခြင်း၊ သေဆုံးသွားသူများ၏ ရုပ်ကြွင်းများ ပြန်လည်ရှာဖွေပေးခြင်းနှင့် မြုပ်နှံပေးခြင်းများစသည်တို့ပါဝင်သည်။

❖ *အမှတ်တရ အခမ်းအနားများနှင့် ပြုပြင်ရေးလုပ်ဆောင်ချက်များ။* နောက်ကြောင်းပြန်သက်ရောက်မှုများဖြစ်သည့် သမိုင်းကြောင်း၌ ရက်စက်ကြမ်းကြုတ်ခံခဲ့ရမှုများကို အမှတ်တရ အခမ်းအနားများလုပ်ပေးခြင်း (သို့) လတ်တလောပစ္စုက္ခအခြေအနေ လုပ်ဆောင်ဖြည့်ဆည်းပေးမှုဖြစ်သည့် စီးပွားရေးဘဝမြှင့်တင်ခြင်း တို့ဖြစ်သည်။

## ***မည်သို့ကြောင့် လျော်ကြေးပေးသင့်သနည်း။***

လျော်ကြေးပေးခြင်းသည် အတိတ်နှင့် အနာဂတ်ကို ပေါင်းကူးပေးခြင်း ဖြစ်သည်။ ယင်းသည် နောက်ကြောင်းပြန် အကျိုးသက်ရောက်မှုဖြစ်သော်လည်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ အတွက် အနာဂတ်ကို ရှေ့ရှုသောသက်ရောက်မှုများရှိသည်။ ပဋိပက္ခလွန်ကာအစိုးရသစ်များသည် လျော်ကြေးပေးရေးဆိုင်ရာ လိုအပ်ချက်များကို တာဝန်သိစွာ အဆောတလျင် ဖော်ပြသင့်သည်။ နိုင်ငံတကာဥပဒေ ပြဋ္ဌာန်းချက်များအရ အစိုးရသစ်များမှ ယခင်အစိုးရဟောင်းများ၏ ချိုးဖောက်ဖိနှိပ်မှုများအပေါ် တာဝန်ရှိမှုကို အတိအလင်းပြဋ္ဌာန်းထားသည်ဖြစ်ရာ ဤလိုအပ်ချက်ကို စောလျင်စွာ အသိအမှတ်ပြုသင့်သည်။

လျော်ကြေးရလိုမှုတောင်းဆိုမှုများသည် များသောအားဖြင့် အချက်နှစ်ချက်ပေါ် အခြေတည်တောင်းဆိုတတ်ကြသည်။ ၎င်းတို့မှာ နိုင်ငံတကာနှင့် ပြည်တွင်းဥပဒေများနှင့်အညီ ဥပဒေအရ တောင်းဆိုခြင်းနှင့် တရားမျှတရေးဆိုင်ရာ ခံစားချက်များကို ပြည့်ဝစွာ အကောင်အထည်ဖော်ကြောင်း ခံစားရ၍ စိတ်နာကျင်ရမှုများကို ပြေပျောက်စေရေး အခြေခံဖြင့် တောင်းဆိုခြင်းများဖြစ်သည်။ ဤအချက်နှစ်ချက်သည် အပြန်အလှန်ဆက်စပ်နေတတ်သည်။

## **တရားရေးဆိုင်ရာချဉ်းကပ်မှုများ**

*တရားရေးဆိုင်ရာချဉ်းကပ်မှု၏အကန့်အသတ်များ*

– ဤချည်းကပ်မှုသည် ဥပဒေရေးဆိုင်ရာစနစ်များ အခိုင်အမာ ရှိနေပြီဟု ယူဆသည်ဖြစ်ရာ ပဋိပက္ခလွန် လူမှုဝန်းကျင်တွင် လက်တွေ့ဖြစ်နိုင်ခဲ့သည်။

– ရာဇဝတ်ပြစ်မှုဆိုင်ရာတရားမျှတရေးစနစ်သည် ကြီးမားသော ရာဇဝတ်ပြစ်မှုကြီးများနှင့် များပြားလှသော ပြစ်မှုကျူးလွန် သူများအတွက် ရည်ရွယ်ဖွဲ့စည်းထားခြင်းမဟုတ်သည့်အပြင် တိုက်ရိုက် (သို့) သွယ်ဝိုက်စွာ မတရားပြစ်မှုခံစားရသူများ အားကူညီပေးရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းမဟုတ်ပေ။

– တရားဥပဒေရေးရာဖြင့် ကိုင်တွယ်ဖြေရှင်းခြင်းသည် လူတဦးခြင်းစီ၏ အပြစ်ရှိမှုကို တရားစီရင်ခြင်းဖြစ်ပြီး အသွင်ကူးပြောင်းရေးကာလအခြေအနေများတွင် အပြစ်ရှိမှုဆိုင်ရာ ပါဝင်ပတ်သက်မှုများသည် ပိုမိုရှုပ်ထွေးတတ်သော သဘောရှိသည်။

– တရားဥပဒေရေးရာများဖြင့် ကိုင်တွယ်ဖြေရှင်းရာတွင် ပြစ်မှုကျူးလွန်ခဲ့သူများ၏ လူ့အခွင့်အရေးကိုလည်း လေးစားလိုက်နာရပေမည်။ နစ်နာကြေးပေးရေးကော်မရှင်များမှာမူ လူတဦးချင်းစီ၏ တရားဝင် အပြစ်ရှိမှုကို ထည့်သွင်းစဉ်းစားခြင်း မရှိပေ။

– တရားဥပဒေရေးရာ လုပ်ငန်းစဉ်များတွင် အပြစ်ရှိမှုကို စိုးစဉ်းမျှ သံသယ မရှိတော့သည့်အထိ (beyond any reasonable doubt) သက်သေ ပြပြီးမှ တရားခံကို အပြစ်ပေးနိုင်သည်။ လျော်ကြေးပေးရေးလုပ်ငန်းစဉ်များတွင်မူ လျော်ကြေးတောင်းခံသူအား တစုံတရာ သံသယရှိခဲ့ဦး၊ ယင်း သံသယကို ဖျောက်ဖျက်၍ (benefit of doubt) အကျိုးခံစားခွင့်ပြုသည့်သဘောမျိုး ကွာခြားပါသည်။

– တရားဥပဒေရေးလုပ်ထုံးလုပ်နည်းများဖြင့် လျော်ကြေးပေးမှုကို ကိုင်တွယ်ရာတွင် အကြမ်းဖက်မှုများတွင် တရားဝင် တာဝန်မရှိဟု ဥပဒေအရ သတ်မှတ်ခံရသူများထံမှ လျော်ကြေး တောင်းပိုင်ခွင့် လုံးဝမရှိပေ။ ထိုအခြေအနေများတွင် ဥပဒေအရ မဟုတ်သော အခြားနည်းလမ်းများသည် နစ်နာကြေးရသင့်သူများ ပိုမိုအကျိုးခံစားနိုင်ရန် စောင်မပေးသကဲ့သို့ ပြန်လည်ရင်ကြား စေ့ရေးနှင့် ညီညွတ်ရေးကိုလည်း ရှေ့ရှုစေပါသည်။

– ဥပဒေရေး လုပ်ထုံးလုပ်နည်းများသည် တိကျစွာ အကောင်အထည်ဖော်ရလေ့ ရှိခြင်းကြောင့် လွတ်ငြိမ်းချမ်းသာခွင့်၊ အပြစ်ဒဏ်မှ လွတ်ကင်းခွင့် (သို့)အကန့်အသတ်ဖြင့် လွတ်ကင်းခွင့်ပေးခြင်းတို့ အတွက်ဖြစ်နိုင်စွမ်းမရှိသေးပေ။

– မတရားပြစ်မှုကျူးလွန်ခံရသူအများစုသည် ရာဇဝတ်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်

နိုင်ငံသားဆိုင်ရာ အခွင့်အရေးများအတွက် တရားရုံး များ၌ တရားဝင်လျှောက်ထားနိုင်လောက်သည့် ငွေကြေးလုံလောက်စွာ မရှိကြပေ။

*တရားရေးဆိုင်ရာချဉ်းကပ်မှု၏ကောင်းမွန်မှုများ*

– ဥပဒေရေးဆိုင်ရာ ဆုံးဖြတ်ချက်တခုသည် တိကျပြင်းထန်သောအရေးယူမှုရှိပြီး အချို့သော အပြုအမူများအပေါ် လုံးဝ သည်းခံခြင်းမရှိခြင်း နှင့် မတရားပြစ်မှုကျူးလွန်ခံရသူများက ယင်းတို့ခံရချက်အတိုင်း ပြန်လည်ပေးဆပ်ခွင့်ရှိသည်။

– အောင်မြင်သော လျော်ကြေးခံစားခွင့်ဆိုင်ရာ ဥပဒေဆုံးဖြတ်ချက်တရပ်သည် အစိုးရက မတရားမှုများကို တာဝန်ခံအရေးယူနိုင်ရန်နှင့် လျော်ကြေးပေးနိုင်ရန် အာမခံချက်ပေးနိုင်စွမ်းရှိသည်။

– အခြားသောအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသော်လည်း၊ ဥပဒေအရ လျော်ကြေးတောင်းပိုင်ခွင့်ကို မတရား ပြစ်မှုကျူးလွန်ခံရသူများ၏အခွင့်အရေးအဖြစ် ဆက်လက်ရှိရမည်။

## တရားရေးဆိုင်ရာနှင့် မပတ်သက်သော အခြားချဉ်းကပ်မှုများ – ဥပမာ ၃ ခု။

*၁။ ကမ္ဘာ့ကုလသမဂ္ဂ နစ်နာကြေးပေးရေးကော်မရှင်*
(UN Compensation Commission UNCC)

၁၉၉၀ခုၡ် အီရတ်နိုင်ငံမှကူဝိတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်မှုအတွက် နစ်နာဆုံးရှုံးခဲ့ရမှုများကို နစ်နာကြေးပေး ဆောင်စေရန် ကမ္ဘာ့ကုလသမဂ္ဂမှ (UNCC) ကိုဖွဲ့စည်းခဲ့သည်။ လိုအပ်သော ငွေကြေးများကို အီရတ်နိုင်ငံ ရေနံတင်ပို့မှုမှ အခွန်ကောက်ရယူခဲ့သည်။ နစ်နာကြေးပေးရေးကို အကန့်အသတ်ဖြင့် လုပ်ဆောင်ခဲ့သည်။ ၂၀၀၁ ခု ဇူလိုင်လ၌ ကော်မရှင် သည် ၂.၆ သန်းမျှရှိသော နစ်နာကြေးတောင်းခံသူများကို စရင်းပြုလက်ခံခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၅.၄ ဘီလီယံ ဖိုးပေး လျော်နိုင်ခဲ့ပြီး အခြား အမေရိကန် ဒေါ်လာ ၂၀၀ ဘီလီယံဖိုးရှိသည့် ၁၀,၀၀၀ မျှရှိသော နစ်နာကြေးတောင်းခံမှုများကို ဆက်လက်ကိုင်တွယ်ဖြေရှင်းနေဆဲဖြစ်သည်။

ဤသာဓကသည် ကြီးမားကျယ်ပြန့်၍ ထိရောက်လှသော UNCCကဲ့သို့ လုပ်ငန်းစဉ်ကြီးတခုကို မှန်ကန်သော နိုင်ငံရေးဦးဆောင်မှုနှင့် စနစ်တကျလုပ်ငန်းကိုယ်တွယ်မှု ဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ကြောင်း ပြသခဲ့သည်။ စံနှုန်းပြဌာန်းထားသော လုပ်ငန်းစဉ်၊ အတွင်းရေးမှူး အဖွဲ့နှင့် ဘဏ္ဍာငွေရှာဖွေရေးစနစ်၊ အဆင့်အတန်းရှိသော လျှောက်လွှာများ လက်ခံရယူရေး၊ အတန်းအစား သတ်မှတ်ရေး၊ ခွဲခြားသတ်မှတ်ထားသော နာကျင်ထိခိုက်မှုများအတွက် တိကျသော လျော်ကြေးငွေ သတ်မှတ်ထားခြင်းနှင့် နစ်နာကြေးပေးရေးဘောင် သတ်မှတ်ထားခြင်းစသည်တို့ သည် အရေးပါသော လုပ်ငန်းစဉ်များဖြစ်သည်။ သို့သော်လည်း လျော်ကြေးပေးရေးနှင့် ရင်ကြားစေ့ရေး ဆက်စပ်မှုမျိုးကား မရှိခဲ့ပေ။ လျော်ကြေးပေးရေးဆိုင်ရာလုပ်ငန်းစဉ်များသည် နည်းပညာနှင့် ငွေကြေးဆိုင်ရာလုပ်ဆောင်ချက်အဖြစ်သို့ အဆင့်လျှော့ချခံခဲ့ရပြီး နောက်ကြောင်းပြန်သက်ရောက်မှုတခုသာ ဖြစ်ခဲ့သည်။

*၂။ အမှန်တရားကော်မရှင်*

ထိရောက်သော အမှန်တရားကော်မရှင်သည် ပိုမိုကျယ်ပြန့်သော လျော်ကြေးပေးနိုင်စွမ်းရှိမှုများကို အလိုအလျောက် ဦးဆောင်ချီတက်နိုင်စွမ်းသည်။ လူထုမှ ဂရုဏာသက်အသိအမှတ်ပြုလာစေမှု၊ ဝန်ချတောင်းပန်မှုများ၊ နောင်တ တရားရမှု၊ အမှတ်တရဖြစ်စေမှုများနှင့် ပြုပြင်မှုလိုအပ်ချက်များကို ညွှန်ပြလာနိုင်ခြင်းစသည့် လျော်ကြေးပေးခြင်းဆိုင်ရာကိစ္စများ နှင့်သက်ဆိုင်၍ အရေးကြီးသောအချက်များကို ဖော်ထုတ်နိုင်စွမ်းရှိသည်။ သို့သော်လည်း လျော်ကြေးပေးဆောင်ရေးဆိုင်ရာ လိုအပ်ချက်များသည်အရေးကြီးသောအချက်တခုအဖြစ် ဆက်လက်တည်ရှိသည်။

တောင်အာဖရိကနိုင်ငံအမှန်တရားနှင့် ရင်ကြားစေ့ရေး ကော်မရှင် TRC မှ အောက်ပါအချက် ၅ ချက်ကို တင်ပြတောင်းဆိုနိုင်ခဲ့သည်။

(က) အရေးပေါ်ကြားကာလ နစ်နာကြေးပေးရေး။
(ခ) ခြောက်နှစ်စာတဦးချင်း နစ်နာကြေးပေးရေး။
(ဂ) အထိမ်းအမှတ်ကျောက်တိုင်များ၊ တရားဝင်နှင့် အုပ်ချုပ်ရေးဆိုင်ရာ နစ်နာကြေးပေးရေး။
(ဃ) အခြေခံ လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ကုသရေးဆိုင်ရာအစီအစဉ်များ။
(င) အခြေခံအဆောက်အအုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်တို့ ဖြစ်သည်။ TRC ဥပဒေသည် တဦးချင်းနစ်နာကြေးပေးရေး ဆိုင်ရာစနစ်အတွက် သမတ၏ အထူးရံပုံငွေရရှိရေးကို ထူထောင်ပေးနိုင်ခဲ့သည်။ ဤရံပုံငွေအတွက် နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာတော်ငွေလျာထားချက်များ၊ နိုင်ငံတကာ နှင့် ဒေသခံတို့၏အလှူငွေများဖြင့် တည်ထောင်ခဲ့သည်။ လျော် ကြေးပေးရေးဆိုင်ရာ လုပ်ဆောင်ချက်များသည် အမှန်တရား၊ တရားမျှတမှု တို့နှင့် မဖြစ်မနေဆက်စပ်နေရပေမည်။ အကယ်၍ နစ်နာကြေးပေးရေးသည် အမှန်တရား မပါပဲ မတရားပြစ်မှုကျူးလွန်ခံခဲ့ရသူများကို နှစ်သိမ့်ရန်သာရည်ရွယ်ပါက ကောင်းသောအလားအလာ မဟုတ်ပဲ ထိုသူများ၏ စိတ်ပိုင်းဆိုင်ရာ ပြန်လည်

ပြုစုပျိုးထောင်ရေးကိုများစွာထိခိုက်ပေမည်။

*၃။ နိုင်ငံလုံးဆိုင်ရာစီမံအုပ်ချုပ်ရေးအဖွဲ့များ။*

တိုင်းပြည်အများစုတို့၌ အစိုးရဟောင်းများ၏ မတရားပြုခဲ့မှုများအပေါ် နစ်နာကြေးပေးနိုင်ရန် နစ်နာကြေးပေးရေးဆိုင်ရာ ရန်ပုံငွေအဖွဲ့များနှင့် ကော်မရှင်များ ကိုတည်ထောင်ခဲ့သည်။ ဤအဖွဲ့များသည် အမှန်တရားကော်မရှင်များ၏ သက်ရောက်မှုများကြောင့်သော်လည်းကောင်း၊ အချို့သည် လွတ်လပ်သောအဖွဲ့များအဖြစ် လွတ်လပ်စွာ ပေါ်ထွန်း လာခဲ့သည်။ ဥပမာ ၁၉၉၅ ခုနှစ်၌ ဘရာဇီးနိုင်ငံသည် ဘရာဇီးနိုင်ငံစစ်အစိုးရအုပ်ချုပ်ခဲ့စဉ်က ပျောက်ဆုံးသွားခဲ့သော လက်နက်ကိုင်တော်လှန်ပုန်ကန်ခဲ့သူ ၁၃၅ ယောက်အတွက် လျော်ကြေးပေးရေး ကော်မရှင်တရပ်ကိုထူထောင်ပေးခဲ့သည်။

၁၉၉၁ခုနှစ်က ဟန်ဂေရီနိုင်ငံသည် ၎င်းတို့နိုင်ငံ ဥပဒေအရနိုင်ငံလုံးဆိုင်ရာ ပျက်စီးခဲ့ရမှုများနှင့် သက်ဆိုင်သည့် ပြန်လည်နေရာချထားရေးရုံး (National Damage Claims Settlement Office) ကို တည်ထောင်ပေးခဲ့ပြီး အစိုးရမှတရားမဝင်သိမ်းယူခဲ့သောပုဂ္ဂလိကပိုင်ပစ္စည်းများကို ပြန်လည်လျော်ကြေးပေးဆောင်မှုများလုပ်ဆောင်ခဲ့သည်။ ၁၉၉၁ ခုနှစ်က အာဂျင်တီးနားအစိုးရသည် လျော်ကြေးပေးရေး ဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီး အခြေခံလူ့အခွင့်အရေး ချိုး ဖေါက်ခံခဲ့ရသူများ၊ အထူးသဖြင့်ပျောက်ကွယ်ခဲ့ရသူများအား နစ်နာကြေး ပေးခဲ့သည်။ ဤစိုးရ၏လူ့အခွင့်အရေးရုံးမှ တဆင့် ကိုင်တွယ်ဖြေရှင်းပေးခဲ့သည်။

## ***လျော်ကြေးပေးခြင်းဖြင့်ရရှိသောအကျိုးအမြတ်များ***

အကယ်၍ဘက်ပေါင်းစုံမှချဉ်းကပ်သော နည်းလမ်းများကိုအသုံးပြုခဲ့ပါက အခြားတရားမျှတရေး နှင့် ပြန်လည်ရင်ကြားစေ့ရေးအစီအစဉ်များကြောင့် ရရှိမည့် အကျိုးအမြတ်ပေါင်းများစွာကိုပါ ထည့်သွင်းစဉ်းစားရပေမည်။ ပထမအနေဖြင့် လျော်ကြေးပေးခြင်း ကို အမှန်တရားကော်မရှင်နှင့် တရားရုံးများ၌ ထွက်ဆိုမှုများကြောင့်ပေးသည့် "ဆုကြေး" အနေဖြင့် မမြင်သင့်ပေ။ ဒုတိယအနေဖြင့် ရာဇဝတ်ဆိုင်ရာ တရားမျှတရေး (သို့) အမှန်တရားကော်မရှင်များ၏ လုပ်ပိုင်ခွင့်များ၊ စေ့စပ်ဖြန်ဖြေရေးလုပ်ငန်းစဉ်များ၌ အကျိုးခံစားခွင့် မရသူများကိုလည်း လျော်ကြေးပေးရေးဆိုင်ရာ လိုအပ်ချက်များအတွက် ဆက်လက်စဉ်းစားပေးရပေမည်။ လျော်ကြေးပေးရေးဆိုင်ရာ အစီအစဉ်များမရှိခြင်းသည် မတရား ပြစ်မှုကျူးလွန်ခံခဲ့ရသူများမှ ၎င်းတို့အား အရေးတယူမရှိခြင်းအတွက် ဒေါသကြီးတုန့်ပြန်မှုများကို ခံရနိုင်သည်။ တတိယအနေဖြင့် မတရားပြစ်မှု ကျူးလွန်ခံခဲ့ရသူများအကြား အပြိုင်အဆိုင်ဖြစ်မှုကို အလေးပေးဂရုစိုက်သင့်သည်။ မတရားပြစ်ပြစ်မှု ကျူးလွန်ခံခဲ့ရသူအချို့သည် ယင်းတို့လိုအပ်ချက်များကို အခြားသူ များထက်ပိုမို တင်ပြနိုင်စွမ်း ရှိတတ်သည်။

မတရားပြုခံခဲ့ရသူများအကျိုးခံစားခွင့်ရရန် မှတ်ပုံတင်ရေးကို အမှန်တရားကော်မရှင်များ (သို့) တရားဥပဒေရေးဆိုင်ရာစနစ်များမှတဆင့် ကိုင်တွယ်လုပ်ကိုင်နိုင်သော်လည်း အကောင်းဆုံးမှာ သီးသန့်ဆောင်ရွက်ခြင်း ဖြစ်သည်။ အတွေးအခေါ်အရ ပိုမိုကျယ်ပြန့်မှု ရှိသည်။ မည်သည့်အခြေအနေတွင်မဆို နိုင်ငံရေးနှင့်သက်ဆိုင်ခြင်းမရှိခြင်းနှင့်ခွဲခြားချိုးနှိမ်ဆက်ဆံမှုမရှိခြင်းတို့လိုအပ်ပေသည်။ မတရားပြစ်မှုကျူးလွန်ခံခဲ့ရသူများအားလုံး၏ တရားဝင်တောင်းဆိုပိုင်ခွင့်လိုအပ်ချက်များကို အနည်းဆုံးဖြစ်နိုင်သမျှ ဆောင်ရွက်ပေးသင့်သည်။

လျော်ကြေးပေးရေးအစီအစဉ်တွင် တိုက်ရိုက် မတရားပြုခံခဲ့ရသူများနည်းတူ သွယ်ဝိုက်စွာ မတရားမှုကျူးလွန်ခံခဲ့ရသူများလည်း ယင်းတို့ ဆုံးရှုံးမှုများအတွက် လျော်ကြေးခံစားခွင့်ရှိစေသင့်သည်။ မတရားပြစ်မှုကျူးလွန်ခံခဲ့ရသူများ ထောက်ပံ့ရေးအဖွဲ့များကလည်း နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များကို ရည်ညွှန်းပြီး သွယ်ဝိုက်စွာ မတရားပြုခံခဲ့ရသူများအတွက် လိုအပ်သော ထောက်ပံ့ကြေး ပံ့ပိုးရန်မှာ အစိုးရတွင် တာဝန်ရှိကြောင်း ထောက်ပြပြောဆိုနိုင်ပါသည်။ မတရားမှုကျူး လွန်ခံခဲ့ရသူများအနေဖြင့် မည်သည့်အတန်းစားနှင့်အကျုံးဝင်သည်ဖြစ်စေ၊ အလွန်အရေးကြီးသောအချက်မှာ လုံလောက်သော သတင်းအချက်အလက်များပေးရန် ဖြစ်၍ တဖက်တွင်လည်း ဖြစ်နိုင်ခြေနှင့် ကင်းကွာသော မျှော်ချက်ကြီးများပေးမှုကို အထူးရှောင်ရှားရန်လိုအပ်ပေသည်။

## ***လျော်ကြေးပေးရေးဆိုင်ရာ လုပ်ဆောင်ပေးနိုင်သည့် အစီအစဉ်များ***

လျော်ကြေးကို ငွေကြေးအနေဖြင့် သော်လည်းကောင်း၊ အကူအညီအထောက်အပံ့ အနေဖြင့် သော်လည်းကောင်း၊ နစ်မျိုးစလုံးကို ပေးဆောင်ခြင်းဖြင့်သော်လည်းကောင်း၊ ဆုံးဖြတ်ဆောင်ရွက်နိုင်သည်။ ဤနေရာ၌အရေးကြီးသည်မှာ မျှတသော လျော်ကြေပေးရေး အစီအစဉ်တစ်ခုကို ပုံဖေါ်ရန်ဖြစ်သည်။ မတရားပြစ်မှုကျူးလွန်ခံခဲ့ရသူများ၏ ငွေကြေးလိုအပ်ချက်နှင့် စိတ်ကြိုက်ရွေးချယ်သော

လက်တွေ့ကျသည့် အခြားအကူအညီ အထောက်အပံ့လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရန်လိုပေသည်။ မတရားမှု ကျူးလွန်ခံခဲ့ရသူများအား ယင်းတို့ခံရမှုနှင့်ညီမျှသည့် နစ်နာကြေးမြောက်များစွာပေးစွမ်းမရှိသော်လည်း ငွေကြေးထောက်ပံ့မှုများသည် အနိမ့်ဆုံး အတိုင်းအတာတခုအထိ ထိရောက်မှုရှိရပေမည်။ ဤပေးဆောင်မှုများကို တစ်ဦးချင်းခံစားနိုင်ခွင့်သော်လည်းကောင်း၊ ရေရှည် အစီအစဉ်၊ အတိအကျနှင့်သော်လည်းကောင်း၊ ဖေါ်ဆောင်ပြီး တိကျ သော ပြဌာန်းချက်များဖြင့် အနာတရရှိခဲ့မှု အမျိုးအစား အလိုက် တိကျစွာကိုင်တွယ်ပေးရမည် ဖြစ်သည်။

အုပ်စုလိုက်မတရားပြစ်မှုကျူးလွန်ခံခဲ့ရသူများအား တစ်ဦးချင်းပြည့်ဝစွာလျှော်ကြေးပေးရန်မှာ လက်တွေ့မဆန်ချေ။ ယင်းအစား စုပေါင်းဖြေရှင်းပေးမှုအဖြေများရှိရမည်ဖြစ်သည်။ ဤနေရာ၌ အုပ်စုလိုက်နစ်နာကြေးပေးရပိုင်ခွင့်ရှိသည့် စည်းမျည်း ကို နိမ့်နိမ့်ထားရန် low threshold လိုအပ် ပေသည်။ စုပေါင်းခံစားခွင့်သည် ကျယ်ပြန့်သော မတရားပြစ်မှုကျူးလွန်ခံခဲ့ရသူ အများအပြားကို လွှမ်းခြုံနိုင်ပြီး၊ အတိတ်ကာလတွင် အချို့သော အုပ်စုလိုက် မတရားပြုခံရသူများကို ဖြည့်စည်းရာ၌ အသုံးကျပါသည်။

တသီးပုဂ္ဂလနှင့် စုပေါင်းဖြေရှင်းပေးသော နည်းလမ်း နှစ်ခုလုံးအား စုပေါင်းထား သည့် နစ်နာကြေးပေးရေးသည် လွန်စွာထိရောက် လှသည်။ ယခင်က မတရားဖိနှိပ်ခြင်းခံခဲ့ရသည့် ဝေးလံလှသောနေရာများ၌ နေထိုင်ခဲ့သော လူမျိုးစုငယ်လေးများ၏ ကျန်းမာရေး အစီအစဉ်များ ဆောင်ရွက်ပေးခြင်းသည် အလွန်အသုံးဝင်လှသော စုပေါင်းဖြေရှင်း ပေးရေးတစ်ရပ်၏ သာဓကဖြစ်သည်။ သို့သော်လည်း စိတ်ပိုင်းဆိုင်ရာပြန်လည် ပြုပြင်ပေးရာ၌ တစ်ဦးချင်းစီ၏ လိုအပ်ချက်ကို တစ်ဦးချင်းစီ လုပ်ဆောင်ပေးရန်လိုအပ်သည်။ ဥပမာ။ အခမဲ့ တစ်ဦးချင်းအကြံအဉာဏ်၊ အကူအညီပေးခြင်း၊ ဤနေရာ၌အရေးကြီးသည်မှာ မျှတသော တစ်ဦးချင်းနှင့် စုပေါင်းဖြေရှင်းပေးရေး အစီအစဉ်များ ရှိရန်နှင့် ငွေကြေး ဖြင့်ထောက်ပံ့ရေး၊ ငွေကြေးပါရှိခြင်း မရှိသောထောက်ပံ့ရေး၊ အမှတ်တရရှိစေမှုနှင့် ပြန်လည်ပြုပြင်ရေးကို ဦးတည်သော လျှော်ကြေးပေးရေးတို့ကို ပေါင်းစပ်လုပ်ကိုင်ရန်လိုအပ်သည်။

## ***လျှော်ကြေးပေးရေးလော၊ အခြားဖွံ့ဖြိုးရေးနှင့် အခြေခံလူသားအရင်းအမြစ်ဆိုင်ရာလိုအပ်ချက်များလော***

အထူးတလည်လိုအပ်နေသော လျှော်ကြေးပေးရေး အစီအစဉ်များ၌ ဘဏ္ဍာငွေလိုအပ်မှု အကျိုးဆက်များရှိသည်။ ဤနေရာ၌ဦးစားပေးလုပ်ငန်းစဉ်များ လိုအပ်ချက် ပေါ်ပေါက်လာနေတတ်သည်။ လျှော်ကြေးပေးဆောင်ရေးနှင့် အခြားအရေးတကြီး လိုအပ်ချက်များ ဖေါ်ဆောင်ရေးအတွက် မျှတသော အစီအစဉ်တစ်ရပ်ရှိရေးသည်ခက်ခဲလှပေသည်။

– တရားဥပဒေရေး ဆိုင်ရာအဖွဲ့များမှ စီရင်ချက်မတိုင်မီ အောင်မြင်သော လျှော်ကြေးရလိုမှု ထောက်ခံမှုသည် မတရားပြစ်မှု ကျူးလွန်ခံခဲ့ရသူများ ထောက်ပံ့ရေးအဖွဲ့များအတွက် အစိုးရ၏ တာဝန်သိစွာ ဖြည့်ဆည်းပေးမှုအတွက် တွန်းအားဖြစ်စေသည်။ တရားရေးဆိုင်ရာရပိုင်ခွင့်များကို အခြား လိုအပ်ချက်ရှိမှုများ မတိုင်မီပေးဆောင်ရန် တာဝန်ရှိသည်။

– အစိုးရများ၏ရိုးသားစွာတာဝန်ရှိမှုကိုဖေါ်ပြရာ၌ မတရားပြစ်မှုကျူးလွန်ခံခဲ့ရသူများ၏ စုပေါင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်သောလုပ်ငန်းစဉ်မူဝါဒများပြဌာန်းပေးရန်ဖြစ်သည်။ အကျိုးဆက်များအနေဖြင့် တရားမျှတရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အိုးအိမ်ဆိုင်ရာ လိုအပ်ချက် ဖြည့်ဆည်းပေးရေးအတွက် ဦးစားပေး လုပ်ငန်းစဉ်များ အဖြစ် ဘတ်ဂျက်ပြဌာန်းပေးရန် လိုအပ်သည်။ တဖက်တွင်လည်း ကာကွယ်ရေး စရိတ်လျှော့ချခြင်း၊ အခွန်ကင်းလွတ်ခွင့်များကို ဖျက်သိမ်းခြင်းတို့ကိုလုပ်ဆောင်နိုင်သည်။ ယင်းကို လူထုအတွင်းအခြေအတင် ဆွေးနွေးရန်လိုအပ်သည်။

– အရေးပေါ်လိုအပ်နေသော အခြေခံလူသားတို့၏ လိုအပ်ချက်များ နှင့် အခြားလျှော်ကြေးဆိုင်ရာ လိုအပ်ချက်များအား ဖြန့်ဝေပေးရာ၌ လမ်းကြောင်းနှစ်သွယ်ဖြင့် လုပ်ဆောင်ပေးနိုင်သည်။ ရဝမ်ဒါနိုင်ငံသည် အစုလိုက်အပြုံလိုက်မျိုးဖြုတ် သတ်ဖြတ် ရာ၌ အသက်မသေ ကျန်ခဲ့သူများအတွက် ထောက်ပံ့ရေး အမျိုးသားရန်ပုံငွေတစ်ရပ်ကို ထူထောင်ခဲ့ပြီး၊ တချိန်တည်းမှာပင် မတရားမှုကျူးလွန်ခံခဲ့ရသူများဆိုင်ရာ နစ်နာကြေးရန်ပုံငွေအဖွဲ့ကိုလည်း ထူထောင်ခဲ့သည်။ အမျိုးသားရန်ပုံငွေအဖွဲ့သည်အခြေခံလူသားဆိုင်ရာ လိုအပ်ချက်ကိုဖြည့်ဆည်းပေးရန် ရည်ရွယ်ခဲ့ပြီး အစုလိုက်အပြုံလိုက် မျိုးတုန်း သတ်ဖြတ်ရေး၌ အဆိုးဝါးဆုံးခံစားခဲ့ရသူများ၏ ကျန်းမာရေး၊ ပညာရေး၊ နေရာချထားရေးနှင့် လူမှုဝန်းကျင် အတွင်း ပြန်လည်လက်ခံပေါင်းစည်းရေးတို့ကို ဦးတည်သည်။ ယင်းရပိုင်ခွင့်မှာ တရားဥပဒေ ကြောင်းလမ်းအရ လျှော်ကြေးခံစားခွင့် ရှိခြင်းမရှိခြင်းနှင့် မသက်ဆိုင်ပါ။

## လျော်ကြေးအစီအစဉ်တစ်ခုအား ငွေကြေးပံ့ပိုးခြင်း

အစိုးရသစ်များအနေဖြင့် ယခင်အစိုးရဟောင်းများ၏ မတရား ဖိနှိပ်ချိုးဖေါက်ခဲ့မှုများ အပေါ်တာဝန်ရှိသည်။ သို့သော် အခြား ကြီးမားသောနိုင်ငံရေး စိန်ခေါ်မှုများနှင့် လိုအပ်ချက်မြောက်များစွာရှိနေတတ်သည်။ အထူးသဖြင့် လိုအပ်သော ဘဏ္ဍာငွေ အရင်းအမြစ်များ ပြည့်စုံခြင်းမရှိပေ။ ထိုအခါ လျော်ကြေးပေးရေးဆိုင်ရာ လိုအပ်နေသေးသော ငွေကြေးများကိုမည်သို့ရှာဖွေကောက်ခံမည်နည်း?

– ယခင်ခေါင်းဆောင်ဟောင်းများနှင့် မတရားမှုကျူးလွန်ခဲ့သူ တစ်ဦးချင်းတို့သည် တရားမမှုများ၌ တိုက်ရိုက်တာဝန်ရှိသည်။ သို့သော်လည်း အစိုးရသစ်အနေဖြင့်တာဝန်ရှိသည် မှာ မတရားပြစ်မှုကျူးလွန်ခဲ့သူများမှ ကျူးလွန်ခံခဲ့ရသူများအတွက်လျော်ကြေးပေးရေး အပေါ် တာဝန်ယူကောက်ခံပေးရမည်ဖြစ်သည်။ ပြည်ပနိုင်ငံများ၌ရှိနေသော မတရားပြစ်မှုကျူးလွန်ခဲ့သူများ၏ ငွေအရင်းအမြစ် များကိုတောင်းခံသုံးစွဲ သင့်သည်။

– အခြားကောက်ခံရရှိသောငွေကြေးမှာ လျော်ကြေးပေးရေးဆိုင်ရာအခွန်ကောက်ခံမှု (Reparation Tax) ပြုလုပ်နိုင်သည်။ သတိပြုရမည်မှာ ဆင်းရဲနွမ်းပါးသူများအား ဘဏ္ဍာရေး ဝန်ထုတ်ဝန်ပိုး မဖြစ်စေရန် နှင့် စနစ်တကျအခွန်ကောက်ခံမှုပုံစံများကို ချမှတ်ဆောင်ရွက်ရန်လိုအပ်သည်။

– လျော်ကြေးပေးရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ပုံဖေါ်ရာ၌ သွယ်ဝိုက်ပြစ်မှုကျူးလွန်ခဲ့သူများ၏ တာဝန်ရှိမှုကိုလည်း ဦးစားပေးထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ အချို့ကော်ပိုရေးရှင်းများနှင့် စီးပွားရေးလုပ်ငန်းများသည် ယခင်အစိုးရဟောင်းများ၏ မျက်နှာသာပေးခဲ့မှုကြောင့်အကျိုးစီးပွားဖြစ်ထွန်းခဲ့သည်ဖြစ်ရာ မတရားမှုများအတွက် တာဝန်မကင်းပေ။ သို့သော် ယခင်အစိုးရလက်ထက်တွင် ဆောင်ရွက်ခဲ့သော စီးပွားရေးကော်ပိုရေးရှင်းတိုင်း တာဝန်ရှိသလော ဟု မေးခွန်းထုတ်နိုင်သည်။ အခြားနည်းလမ်းတခုမှာ သွယ်ဝိုက်စွာ အကျိုးအမြတ် ရရှိခံစားရသူများမှ စေတနာအလျောက် ငွေကြေးထည့်ဝေပေးရန်ဖြစ်သည်။

– ယခင်ဖိနှိပ်ခဲ့သောသူများနှင့်သွယ်ဝိုက်အကျိုးဖြစ်ထွန်းခဲ့သူများ၏ နောင်လာနောက်သားမျိုးဆက်များသည် မတရားဖိနှိပ်ခံခဲ့ရသူများ၏ မျိုးဆက်သစ်များအပေါ် မည်မျှ တာဝန်ရှိသနည်း။ ဥပဒေအရ တရားဝင်ပြောရလျှင် တာဝန်မရှိပေ။ သို့သော် အစိုးရ၏ နိုင်ငံရေးနှင့် လူမှုကျင့်ဝတ်ရေးအရ တာဝန်ယူရမည့်အလျောက် အချို့သော အကျိုးစီးပွားဖြစ် ထွန်းခဲ့သူ များကို ဆက်လက်ထောက်ပံ့ကြေးများပေးနေရန် လုပ်ဆောင်သွားရနိုင်ချေရှိသည်။ ဤသို့သောအခြေအနေများ၌ လျော်ကြေးပေးရေးစနစ်ကို စုပေါင်းတာဝန်ယူ၊ စုပေါင်းပြန်လည်ခွဲဝေပေးရေး လူမှုရေးမှု (social redistribution) နှင့် နစ်နာသူအုပ်စုများအားအသာပေးရေး (affirmative actions) မူဝါဒများ ဖြင့်ဖေါ်ဆောင်နိုင်သည်။

– လျော်ကြေးပေးရေးအတွက် လတ်တလော ငွေကြေးလိုအပ်ချက်များကို အရစ်ကျပေးရေးနှင့် ပင်စင်ပုံစံပေးဆောင်ရေးစနစ်များ ဖေါ်ဆောင်ခြင်းဖြင့် ဖြေရှင်းနိုင်သည်။

– ယခင်အစိုးရဟောင်းများ အပေါ်ထောက်ပံ့အားပေးခဲ့သော ပြင်ပအစိုးရများ၏ နိုင်ငံရေးနှင့် ဥပဒေရေးဆိုင်ရာ တာဝန်ရှိမှုကို မငြင်းသာသော်လည်း ဒီမိုကရေစီ အစိုးရသစ်အနေဖြင့် နစ်နာကြေးပေးရန်တောင်းခံနိုင်ခြင်း မရှိသေးပေ။ သို့သော်လည်း လျော်ကြေးပေးရေး အစီအစဉ်တွင် နိုင်ငံခြားတိုင်းပြည်တို့၏ ပါဝင်ကူညီမှုသည်လည်း အခြားဖြစ်နိုင်ချေရှိသော ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်။ ငွေကြေးအရ အကူအညီမျိုး မဟုတ်သော်လည်း အမှန်တရားရရှိရေး အတွက် အခြားလိုအပ်သော သတင်းအချက်အလက်များ စုဆောင်းရရှိရေးတွင်လည်း ကူညီနိုင်ပေသည်။

## အခြားထောက်ပံ့ဖြည့်တင်းပေးရေးများ

လျော်ကြေးပေးရေးဆိုင်ရာဆုံးဖြတ်ချက်များကို အကောင်အထည်ဖေါ်လုပ်ကိုင်ရာ၌ အမှန်တရားကော်မရှင်များဖြင့်သော်လည်းကောင်း၊ ရာဇဝတ်ဆိုင်ရာအထူးခုံရုံးများဖြင့်သော်လည်းကောင်း၊ ဖေါ်ဆောင်နိုင်သည်။ သို့သော်လည်း လုပ်ငန်းများပြီးမြောက်အောင်မြင်အောင် အကောင်အထည်ဖေါ်ရာ၌ သီးသန့် တည်ထောင်ထားသော လျော်ကြေးပေးရေးဆိုင်ရာအဖွဲ့ဖြင့် ကိုင်တွယ် ဖြေရှင်း သင့်သည်။ အမှန်တရားဖေါ်ထုတ်ပြောဆိုရေး နှင့် ရာဇဝတ်ပြစ်မှုဆိုင်ရာ တရားစွဲအရေးယူရေးလုပ်ငန်းစဉ်နှစ်မျိုးကို အကောင်အထည်ဖေါ်ရာ၌ အသေးစိတ် ထောက်ပံ့ဖြည့်တင်းပေးရေးအချက်များ၏ အခြေခံအဆောက်အအုံလိုအပ်ချက်ခြင်း များစွာကွဲပြားလှပေသည်။

– မတရားပြစ်မှုကျူးလွန်ခံခဲ့ရသူများ၏ စာရင်းပြုစုခြင်းသည် ပထမဆုံးရင်ဆိုင်ရမည့် လုပ်ငန်းအောင်မြင်ရေးထောက်ပံ့ ဖြည့်တင်းပေးရေးအတွက် လိုအပ်ချက်ဖြစ်သည်။ ဤလုပ်ငန်းအားတရားရုံး (သို့) အမှန်တရားကော်မရှင်တို့မှ လုပ်ဆောင်နိုင်သည်။ သို့သော်လည်း လျော်ကြေးပေးရေး

အစီအစဉ်များကိုမူ ဤလုပ်ငန်းစဉ်များ၌ ပါဝင်ခြင်း မရှိသူများ အတွက်ပါ ကျယ်ပြန့်စွာဖွင့်လှစ်ထား ပေးသင့်သည်။ နိုင်ငံလုံးဆိုင်ရာ သတင်းဖြန့်ဝေ နိုးဆော်၍လွယ်ကူသက်သာသောစနစ်များ တည်ထောင်ပြီး စာရင်းပြုစုမှုများကိုလုပ်ဆောင် နိုင်သည်။

– စာရင်းနှင့် ထွက်ဆိုချက်ပြုစုသူများကို စနစ်တကျ ခန့်ထားပြီး လျော်ကြေးရလိုမှုလိုအပ်ချက်များနှင့် အကန့်အသတ်များကို စနစ်တကျသင်တန်းများ ပေးထားသင့်သည်။

– အတိတ်ကာလဖိနှိပ်မှုများကြောင့် ပျက်စီးဆုံးရှုံးမှု များကို ခန့်မှန်းတွက်ချက် စာရင်းပြုစုရာ၌ မတရား ပြစ်မှုကျူးလွန်ခံ ခဲ့ရသူများ၏ ထွက်ဆိုချက်များ ကို စနစ်တကျပြုစုမှုသည် အလွန်အချိန်ယူရတတ်သည် ကို သတိပြုသင့်သည်။

– လုံလောက်သော အချိန်ပေးမှုနှင့် ကျွမ်းကျင်သူလူ ပုဂ္ဂိုလ်များခန့်ထားခြင်းဖြင့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများကို လုပ် ကိုင်ရန်လိုအပ်သည်။

– သင့်လျော်သောငွေကြေးပေးမှုဆိုင်ရာစနစ်တခုကို ထူထောင်ရန် လိုအပ်သည်။ အထူးသဖြင့် ဘဏ်များ၌ငွေစာရင်းဖွင့်ထားခြင်းမရှိသူများအား အခြား ပုံစံများဖြင့် ကိုင်တွယ်ဖြည့်တင်းပေးသွားရပေမည်။

## ၁၀ နိုင်ငံတကာအသိုင်းအဝိုင်း၊၊ ချည်း ကပ်ကူညီရေးဆိုင်ရာစည်းမျဉ်းများ

*နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ဖြစ်နိုင်စွမ်းနှင့် ဝေးကွာသောတောင်းဆိုမှုများကို တောင်းဆိုခြင်း မပြုသင့်။ နိုင်ငံတကာအသိုင်းအဝိုင်း၏ အထောက် အပံ့လုပ်ငန်းများတွင် လက်တွေ့ဖြစ်နိုင်ချေများ မည် မျှ ရှိသည်ကို ဦးစွာ ဆန်းစစ်လေ့လာသင့်သည်။*

ပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းစဉ်များကို ပြင်ပ နိုင်ငံများမှ တင်သွင်းခြင်းနှင့် အတင်းအကျပ် ပြဋ္ဌာန်း ခြင်းဖြင့် လုပ်ဆောင်၍မဖြစ်နိုင်ချေ။ ပြည်ပမှ ပါဝင် ပါတ်သက်သူများအနေဖြင့် ဒေသခံပြည်တွင်းမှ လိုအပ်ချက်များ နှင့် မူဝါဒဆိုင်ရာလုပ်ငန်းအကောင် အထည်ဖေါ်မှုများအပေါ် မူတည်လုပ်ဆောင်သင့် သည်။ အောက်ပါအချက်သုံးချက်ကို မူတည် လုပ် ဆောင်သင့်သည်။

❖ ***ပဋိပက္ခလွန်ကာလအသွင်ကူးပြောင်းရေး နောက် ခံ အခြေအနေများတွင် အထိမခံခံစားလွယ်သော အချက်အချို့တို့ကို အရေးပေးစဉ်းစားရ ပေမည်။*** အမှန်တရားကော်မရှင်များနှင့် အထူးခုံရုံးများ သည် နိုင်ငံတာအလျှုရှင်အသိုင်းအဝိုင်းများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများအကြား အထူးပင် ရေပန်းစား လာခဲ့သည်။ ဖွံ့ဖြိုးရေးဆိုင်ရာ အကူ အညီများနှင့် ပြည်ပမှဖိအားပေးမှုများကြောင့် အဖွဲ့ များ ပိုမိုတိုးတက်ဖြစ်ထွန်းလာသော်လည်း နိုင်ငံ တကာ အဖွဲ့အစည်းများအနေဖြင့် ခြေလှမ်းတုန့်စေ မည့် တပွဲတိုးဖိအားပေးမှုမျိုး မလုပ်ဆောင်သင့်ပေ။ အကြမ်းဖက်မှုများမှ ငြိမ်းချမ်းရေးကို ဦးတည်သော အသွင်ကူးပြောင်းရေးများသည် ထူးခြားခြားနား သော အခြေအနေများ ကွာခြားစွာ ဖြစ်တည် ကြသည်။ ထို့အပြင် ပြန်လည်ရင်ကြားစေ့ရေး အား ကိုင်တွယ်ဖြေရှင်းလိုသည့်နိုင်ငံရေးစိတ်ဝင်စားမှုများ သည်လည်း ကွာခြားကြသည်။ အခြေအနေတခု အတွက် လိုအပ်သောရုပ်ဝတ္တုပစ္စည်း အရင်းအမြစ် များ နှင့် စွမ်းအားများ၊ နိုင်ငံရေး ခေါင်းဆောင် များ နှင့် လူမှုအသိုင်းအဝိုင်းတခုလုံး၏ စိတ်ဝင်စားမှု စသည်တို့ကို ထည့်သွင်းစဉ်းစားရပေမည်။ နိုင်ငံ တကာ အသိုင်းအဝိုင်းအနေဖြင့် ဖြစ်နိုင်စွမ်းနှင့် ဝေးကွာသော တောင်းဆိုခြင်းမပြုသင့်ပေ။ နိုင်ငံ တကာ အသိုင်းအဝိုင်း၏ အထောက်အပံ့ များသည် လက်တွေ့ကျ၍ ဖြစ်နိုင်ချေရှိမှုများအပေါ် မူတည် ၍သာ အကောင်အထည်ဖေါ်ဆောင်ရွက်သင့်သည်။ နိုင်ငံရေး၊ လူမှုရေးနှင့် ဘဏ္ဍာရေးအခြေအနေမှန်များ အပေါ်တွင်သာ မူတည်၍ချဉ်းကပ်ရပေမည်။

❖ ***ရင်ကြားစေ့ရေးလုပ်ငန်းစဉ်များကို ဒေသခံတို့၏ လက်ဝယ်၌သာထားရှိရပေမည်။*** ရေရှည်တည်တံ့ ခိုင်မြဲသော ရင်ကြားစေ့ရေး လုပ်ငန်းများကို ပြည်တွင်းဖြစ်ပုံစံ (Home Grown) ဖြင့်သာ ဖေါ်ဆောင်ရပေမည်။ မတရားပြစ်မှုကျူးလွန်ခဲ့ သူများ အချင်းချင်းသာ ပြန်လည် ရင်ကြားစေ့နိုင် ပေသည်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အတင်းဆောင်ရွက်စေခြင်း မဟုတ်ဘဲ ထောက်ပံ့ ကူညီပေးရေးကိုသာ လုပ်ဆောင်သင့်ပြီး၊ ဒေသခံ တို့၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်း၊ ဒေသခံတို့ ၏ဦးဆောင်မှုဖြင့်ဖေါ်ဆောင်နေသောလုပ်ငန်းများကို ထောက်ပံ့ပေးခြင်း၊ နိုင်ငံခြားမှတင်သွင်းလာသော ပရောဂျက်လုပ်ငန်းများဖြင့်သာ ဒေသခံတို့ အချိန် ကုန်နေခြင်း (ကော်ဆိုဗိုနိုင်ငံ၌ဖြစ်ပွားခဲ့သည်) တို့ကို ရှောင်ရှား၍ နိုင်ငံခြားမှကျွမ်းကျင်သူများ တင်သွင်း လာခြင်းထက် ဒေသခံတို့၏ လုပ်နိုင်စွမ်းအားတို့ကို တည်ဆောက်မြှင့်တင် ပေးခြင်းများ လုပ်ဆောင်ရန် လိုအပ်သည်။ အကယ်၍ ဒေသခံလူမှုပါတ်ဝန်းကျင် သည် အလွန်အားနည်းနေသေးပြီး လုပ်ငန်း ဖေါ်ဆောင်နိုင်စွမ်း အားနည်း အထူးလိုအပ်ချက်များ ရှိနေသေးသည့်တိုင် ဒေသခံများ၊ နိုင်ငံခြား အေဂျင်စီ အဖွဲ့များနှင့် အစိုးရမဟုတ်သောအဖွဲ့များပူး ပေါင်းပါ

ဝင်သည့် တာဝန်ခွဲဝေမှုပုံစံမျိုးဖြင့် ဖေါ်ဆောင်ရန် သင့်လျော်ပေသည်။

❖ ***ဖြစ်နိုင်ချေရှိသာ အချိန်အကန့်အသတ်တခု ထူထောင်ခြင်း။*** ပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသော နိုင်ငံတကာ ငြိမ်းချမ်းရေးတပ်ဖွဲ့များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ရင်ကြားစေ့ရေးကို အစောတလျင် ပြီးစီးရန်တွန်းအားပေးတတ်သည်။ ဤသည်မှာ ထိုအဖွဲ့အစည်းများ၏ပြဿနာအပေါ် ရေတိုစိတ်ဝင်စားမှုသာ ရှိခြင်းကို တနည်းတဖုံ ဖေါ်ပြနေသည်။ အခြားတဖက်တွင်လည်း မှားယွင်းသည့် အယူအဆတရပ် ဖြစ်သည့် အမျိုးသားညီညွတ်ရေး ဖော်ဆောင်မှု၏ အောင်မြင်မှု သော့ချက်သည် လျင်မြန်စွာလုပ်ရှားဆောင်ရွက်မှု တရပ်ဖြစ်သည် ဆိုသည့် အချက်ပင်ဖြစ်သည်။ ဤအချက်သည် အပြုသဘောမဆောင်ပေ။ အလောသုံးဆယ် မဖြစ်သော၊ အချိန်ယူဆောင်ရွက်မည့် ရင်ကြားစေ့ရေး လုပ်ဆောင်ချက်များသည် ဒီမိုကရေစီရေးကို နှောင့်နှေးစေနိုင်သော်လည်း ပြန်လည်ရင်ကြားစေ့ရေး ရေရှည် ဆက်လက်ရှင်သန်နေရေး အတွက် မရှိမဖြစ်လိုအပ်ချက်များဖြစ်သည်။

လုံလောက်သောအချိန်အကန့်အသတ်တခု ထူထောင်ရေး၌အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ရေရှည်ဆက်ဆံလုပ်ဆောင်ရမည့် အစီအစဉ်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ အတိတ်ကာလ၌ နိုင်ငံတကာမှ ပါဝင်ဆောင်ရွက်သည့် လုပ်ငန်းများ၏ရလဒ်များကို အစဉ်မပြတ် သုံးသပ်ဆင်ခြင်ထည့်သွင်းစဉ်းစားရပေမည်။ ပြန်လည်ရင်ကြားစေ့ရေး အစီအစဉ်များ၏ အရင်းအနှီးဖြင့် နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ဆောင်ရွက်မှုများကို ပြုလုပ်စေမှုကို နိုင်ငံတကာအဖွဲ့များမှ အတင်းလုပ်ဆောင်တတ်သည်။ ဤနေရာ၌အထူးအရေးကြီးသည်မှာ ရေရှည်ရင်ကြားစေ့ရေးအမြင်နှင့် အကောင်အထည်ဖေါ်မှုကို ထိခိုက်နိုင်သော အလုပ်မဖြစ်သည့် နိုင်ငံရေးနှင့် စီးပွားရေးအခြေခံအဆောက် အအုံများ တည်ဆောက်မိခြင်းမရှိရန်လိုအပ်လှပေသည်။

## ***နိုင်ငံတကာထောက်ပံ့မှု၏အသုံးဝင်သောနေရာများ***

တရားမျှတမှုဆောင်ရွက်ရေးသည် နိုင်ငံတကာ အသိုင်းအဝိုင်းမှ အဓိက ပါဝင် ဆောင်ရွက်ပေးနိုင်သောအခြေအနေတွင်ရှိပြီး ပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းစဉ်များ ကို ဦးတည်သော ယာယီ အထူးခုံရုံးများ၊ နိုင်ငံတကာရာဇဝတ်အထူးခုံရုံးစသည်တို့နှင့် နိုင်ငံတကာတရားရေး ဆိုင်ရာ အစီအစဉ်များကို ဖေါ်ဆောင်နိုင်ပါသည်။ အထူးသဖြင့် အမှန်တရားရှာဖွေ ပြောဆိုရေး လုပ်ငန်းများ၌ နိုင်ငံတကာ နှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများ အခန်းကဏ္ဍသည် အရေးပါလှသည်။ ပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်များအတွက် အခြေအနေအခွင့်အလမ်းကောင်းများ ဖန်တီးပေးခြင်း ဆိုင်ရာ အထောက် အပံ့များ ကိုလုပ်ဆောင် ပေးနိုင်သည်။

*အခွင့်အလမ်းကောင်းများဖန်တီးပေးခြင်း။* ပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းများနှင့် သတင်းအချက်အလက်များနှင့် ကျွမ်းကျင်သူများ ထောက်ပံ့ပေးခြင်း၊ အမှန်တရားရှာဖွေဖေါ်ထုတ်ရေး၊ တရားမျှတရေးနှင့် လျော်ကြေးပေးရေး အစီအစဉ်များ ဖေါ်ဆောင်ပေးရေးတို့ကို လုပ်ပေးနိုင်သည်။ သတင်းဆိုင်ရာအချက်အလက်များ ချိတ်ဆက်ပေးခြင်း၊ အခြား ရင်ကြားစေ့ရေးဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိသည့်နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့နှင့် ချိတ်ဆက်ပေးခြင်း၊ တရားရုံး တင်ပြလျှောက်ထားမှုနှင့် ဆိုင်သော အထူးကျွမ်းကျင်သူများ၊ ရုပ်ဝတ္တုပစ္စည်းများကို မူလပိုင်ရှင်ဟောင်းသို့ ပြန်ပေးရေး၊ အစီရင်ခံစာများ ထုတ်ဝေရေး အတွက် ငွေကြေး ထောက်ပံ့မှုများ၊ မျက်မြင်သက်သေ ထွက်ဆိုသူများကို အကာအကွယ်ပေးမှု စသည့် အကူအညီများကို ပေးနိုင်စွမ်းရှိသည်။

သို့သော်လည်း အထောက်အပံ့မှုများ ပေးရာ၌ အလှူရှင်များ နှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများ အကြား ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လှပြီးအန္တရာယ်အနည်းနိုင်ဆုံး ချဉ်းကပ်ဆောင်ရွက်မှုမျိုးလုပ်ဆောင်ရန်လိုသည်။ ထို့အပြင် ပြည်တွင်းစစ်များနှင့် ဖိနှိပ်မှုများ၏ နောက်ဆက်တွဲ ရုပ်ဝတ္တုပစ္စည်းလိုအပ်ချက်များကို ဖြည့်ဆည်းရန် နိုင်ငံတကာ အဖွဲ့အစည်း များက အာရုံစိုက်နေလေ့ရှိပြီး၊ အခြေခံလူ့အခွင့်အရေး ချိုးဖောက်မှုများ၏ အဓိကအခြေခံအကြောင်းရင်းများကို အထူးအရေးပေး ကိုင်တွယ်ရန် လိုအပ်ပေသည်။

*အခြေအနေကောင်းများဖန်တီးပေးခြင်း။* များသောအားဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းများသည် ပြည်တွင်းစစ်များ ပြီးဆုံးရေးလုပ်ငန်းစဉ်များ၌ ပါဝင်ပါတ်သက် လေ့ရှိသည်။ ဤခြေအနေများသည် ပြန်လည်ကြားစေ့ရေးအစီအစဉ်ကို ငြိမ်းချမ်းရေးသဘောတူညီမှုများအဖြစ် ဖေါ်ဆောင်ရန် အခွင့်အလမ်းများ နှင့် ပြည်တွင်း၌ သင့်လျော်သော ဥပဒေပြဌာန်းရေးမူကြမ်းများကို လုပ်ဆောင်ပေးနိုင်သည်။ ပြင်ပဖိအားများဖြင့် ရန်လိုမှုများအသစ်တဖန် စလို

သော အုပ်စုများကို ဖိအားပေးနိုင်သည်။ တရားခုံရုံးများသည် ပြန်လည်ရင်ကြားစေ့ရေး၌ အရေးကြီးလှပြီးပြည်ပနိုင်ငံများအနေဖြင့် ယင်းတို့ထံ ခိုလှုံနေသော တရားခံ၊ ဝရမ်းပြေး များကို တရားခုံရုံးရှိရာနေရာများသို့ လွှဲပြောင်းပေးရာ၌ အထောက်အကူ ဖြစ်နိုင် သည်။

အသွင်ကူးပြောင်းရေးကာလအင်ဂျင်စီများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများသည် နိုင်ငံတကာ လမ်းညွှန်မှုများကို မူကြမ်းများ အဖြစ်လွှဲပြောင်းဖေါ်ဆောင်နိုင်သည်။ (ဥပမာ – တရားသေလွှတ်ခွင့်များကို တာဆီးသည့်ကုလသမဂ္ဂဆိုင်ရာ လမ်းညွှန်များ)၌ လမ်းညွှန်မှုများသည် လူမှုရေးခေါင်းဆောင်များနှင့် နိုင်ငံရေးခေါင်းဆောင်များ၏ ပြည်တွင်းဆိုင်ရာ ဥပဒေမူကြမ်းများပြဋ္ဌာန်းရာ၌ အသုံးဝင်လှသည်။ နိုင်ငံတကာဆိုင်ရာ ဥပဒေမူကြမ်းများအရေးပါလှသော ဦးဆောင်ပါဝင်မှု တရပ်ဖြစ်သည်။ ရာဇဝတ်ဆိုင်ရာတရားစီရင်ရေးသည် ပြင်ပနိုင်ငံ အေဂျင်စီများ၏ ကွန်ပြူတာများအတွင်း မှတ်တမ်းတင် ထားသည့် သက်သေခံချက်များသည်အသုံးဝင်လှသည်။ အစိုးရအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်စာရင်းပြုစုမှုများကိုနိုင်ငံတကာ စာရင်းပြုစုထားမှုများ ထည့်ပေါင်း၍ ပိုမိုထိရောက်သော သက်သေခံချက်များကိုရနိုင်ပေသည်။

## မြန်မာ့ဒီမိုကရေစီရုံပုံငွေအဖွဲ့

မြန်မာနိုင်ငံဒီမိုကရေစီအခွန့်ရှည်ပေါ်ထွန်းရေးအတွက် အထောက်အကူပြုမည့် အသိပညာပြန့်ပွားရေးနှင့် နှလုံးရည် တည်ဆောက်ရေး လုပ်ငန်း များကို ဆောင်ရွက်နေသည့် သုတေသနအဖွဲ့အစည်း တခုဖြစ်သည်။ ယင်းတွင် မြန်မာသုတေသီများ ပေါင်းစည်း ဆောင်ရွက်နေသော သုတေသီကွန်ယက်တခု ရှိပြီး မြန်မာလူငယ် ပညာရှင်များနှင့် ကျောင်းသားများကို ပြုစုပျိုးထောင်ပေးမည့် ကွန်ယက်တခုလည်း စုစည်းထားရှိပါသည်။ မြန်မာနိုင်ငံ၏ ပစ္စက္ခပြဿနာများ အပါအဝင် ဒီမိုကရေစီ ကူးပြောင်းရေးဖြစ်စဉ်တခုလုံး၏ လက်တွေ့အခြေများနှင့် ပေါ်လစီ စဉ်းစားချက်များအတွက် လိုအပ်သည့် သုတေသန လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေပါသည်။

**တည်းဖြတ်သူ**

*ဦးဇော်ဦး* – အမေရိကန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ်နှင့် အမေရိကန်တက္ကသိုလ်မှ မဟာဝိဇ္ဇာ ဘွဲ့များ ရရှိခဲ့ပြီး၊ စီးပွားနိုင်ငံရေးပညာရပ်ဆိုင်ရာ ပါရဂူဘွဲ့အတွက် စာတန်းပြုစုလျက်ရှိသည်။ မြန်မာ့ဒီမိုကရေစီရုံပုံငွေ၏ သုတေသနညွှန်ကြားရေးမှူး ဖြစ်သည်။

**ဘာသာပြန်သူ**

*ဦးတိုးဇော်လတ်* – အင်္ဂလန်နိုင်ငံ ဘရက်ဖို့တက္ကသိုလ်မှ ဘီအေဘွဲ့ရရှိပြီး၊ ဩစတြေးလျနိုင်ငံ မိုနပ်တက္ကသိုလ်မှလည်း အာရှလေ့လာရေးမဟာဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။

***မြန်မာ့ဒီမိုကရေစီ ရုံပုံငွေအဖွဲ့မှ ဘာသာပြန်ဆို ဖြန့်ချီသည်။***
**ဤစာအုပ်ကို ထပ်မံမှာကြားလိုသူများ ရှိပါက –**
**စာပုံးအမှတ် ၃၂၊ ချင်းမိုင်တက္ကသိုလ်စာတိုက်၊**
**ချင်းမိုင် ၅၀၂၀၂၊ ထိုင်းနိုင်ငံ သို့ စာရေးမှာကြားနိုင်ပါသည်။**